# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၃)ရက် ၊ တနင်္လာနေ့ ၊ (11-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါးဧက ၁၁ သိန်းကျော် စိုက်ပျိုးရန် လျာထားပြီး ၁၀ သိန်းကျော် စိုက်ပျိုးပြီးစီး



အထွက်နှုန်းကောင်းနည်းစနစ်ဖြစ်သည့် မျိုးစေ့ချစိုက်နည်းဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး၌ ရာသီအလိုက် ယခုမိုးရာသီတွင် မိုးစပါး ၁၁၄၈၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဇူလိုင်လကုန်ပိုင်းထိ ၁၀၁၀၄၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ကျန်စိုက်ဧကများတွင် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း၌ စပါးကို ဒဂုံမြို့သစ်၊ သန်လျင်၊ တွံတေး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မင်္ဂလာဒုံ၊ အင်းစိန်နှင့် အလုံ စသည့် ခရိုင်တို့တွင် စိုက်ပျိုးကြပြီး အထွက်နှုန်းကောင်းမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရက်-၉၀၊ ရာကျော်၊ ရွှေဝါထွန်း၊ မှော်ဘီ-၃၊ အောင်နိုင်တိုးမျိုးစပါးအုပ်စုများနှင့် ဒေသမျိုးများဖြစ်သည့် ငစိန်၊ မီးတုံး၊ ကောက်ညှင်း စသည့် မျိုးစပါးအုပ်စုများကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

"မိုးစပါးဧက ၁၁ သိန်းကျော်လျာထားပြီး ၁၀ သိန်းကျော်စိုက်ပျိုးပြီးပါပြီ။ **စာမျက်နှာ ၁၈ ကော်လံ ၁**



**အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီ အပူဇော်ခံကြွရောက်ခြင်း အခမ်းအနား ကျင်းပမည်**

စာမျက်နှာ- ၁၁

**မြေလျှိုးမိုးရေ**

ဆောင်းပါး စာမျက်နှာ- ၂၀

**နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ- ၁၇




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁၁ ရက်
အယ်ဒီတာ့အာဘော်

# အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေး

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုနှင့် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း အဂတိလိုက်စားမှုဖြစ်ပေါ်စေသည့် အရင်းခံအကြောင်းတရားများ များပြားလှပေသည်။ ထိုအရင်းခံအကြောင်းတရားများတွင် ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ လောဘ စသည်ပါဝင်သကဲ့သို့ ဆင်းရဲမှု၊ ငွေကြေးမလုံလောက်မှု၊ အလုပ်အကိုင်ရှားပါးမှုကဲ့သို့သော လိုအပ်ချက်များလည်း ပါဝင်နေပေသည်။

ပြီးခဲ့သည့် ဩဂုတ် ၈ ရက်က နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးအမှတ်(၁၁)စုဝေးခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်း ဟူသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူလက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေမည်ဖြစ်ကြောင်း စသည်တို့ကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမိုကျယ်ဝန်းလှပေသည်။ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်း၊ မလျော်သြဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒအသုံးပြုခြင်း၊ မိမိနှင့်နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများပင်ဖြစ်ပေသည်။

နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ပြီး နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုများကို ထိခိုက်နစ်နာစေခဲ့ပါက အဂတိလိုက်စားမှုမြောက်မည်ဖြစ်သည့်အတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတိထားလိုက်နာလုပ်ဆောင်ကြရမည်ဖြစ်ပေသည်။

ထို့ပြင် အဂတိလိုက်စားမှုလျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှုတစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိနိုင်ဘဲ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရမည်ဖြစ်ပေသည်။

အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ ကဏ္ဍအသီးသီး၊ ပုဂ္ဂလိကကဏ္ဍများနှင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေလျက်ရှိသည်။ ထို့ကြောင့် အဂတိလိုက်စားမှုများကို ကြိုတင်ကာကွယ်ခြင်း၊ ထုတ်ဖော်ခြင်း၊ ဥပဒေဖြင့် အရေးယူခြင်းတို့ကို အလေးထားဆောင်ရွက်မှသာ အဂတိလိုက်စားမှု လျော့ပါးစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ဝန်ထမ်းများသည် အစိုးကရချမှတ်ထားသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဝန်ဆောင်မှုပေးရခြင်းဖြစ်သည့်အတွက် မိမိအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက်အသုံးချခြင်းမပြုဘဲ အများပြည်သူအကျိုး ရှေးရှုဆောင်ရွက်ရန်လိုပေသည်။ အဂတိလိုက်စားမှုလျော့ပါးရေး၊ တိုက်ဖျက်ရေးအတွက် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည့်အပြင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ အပြန်အလှန်ထိန်းကျောင်းမှုစနစ်များဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ကြရမည်ဖြစ်သကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ခြင်း၊ ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်ခြင်းတို့ဖြင့်လည်း အဂတိလိုက်စားမှုကို လျော့ပါးအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၇ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၃၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၃၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၄၀၀၀ ကျော်စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၃၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ စပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဦးထက်စွမ်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ဇူလိုင်လအတွင်းမှာ မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူမှု အားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်ကလဲ ဝယ်ယူမှု ကောင်းတာလို့သိရပါတယ်။" ဟု မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဦးထက်စွမ်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့်မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါမတ်ပဲများ တင်ပို့ရောင်းချမှု အားကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆေးအိုးဘိုကျေးရွာအုပ်စု ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်မိသားစုဝင်ငွေ တိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးပွားလုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆေးအိုးဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးစုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ စဉ့်ကိုင်မြို့နယ် တအုံရွာ တောကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၃၂၆ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၈၆၆၈ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်းဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၂၀၂ ဧက၊ ကနီမြို့နယ်တွင် ၄၉၉၉ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၀၈၅၀၊ ပုလဲမြို့နယ်တွင် ၄၂၇၅ ဧက စုစုပေါင်း ၂၂၃၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟုမ္မလင်းမြို့နယ် တုံမာဟဲကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ဟုမ္မလင်း ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောယားကျေးရွာအုပ်စု၊ တုံမာဟဲကျေးရွာ၌ သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေနှင့် တာဝန်ရှိသူများ က တုံမာဟဲကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်မည့် မြေပြင်အခြေအနေနှင့် ရေထွက်ပင်ရင်း ရယူမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တုံမာဟဲကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၆၈ သန်းဖြင့် အကျယ် ၂ လက်မ (PVC) အရှည်ပေ ၁၁၀၀၀၊ အကျယ် ၃ လက်မ (PVC) အရှည်ပေ ၁၀၀၀ ရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများကို ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘောနီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူများ ဩဂုတ် ၉ ရက်နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေး ရွာကော်မတီဝင်များနှင့်အတူ ဘောနီကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပြီး ကျေးရွာတွင်းလမ်းကို အကျိုးရှိစွာ အသုံးပြုကြရန်၊ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ဆွေးနွေးမှာကြားသည်။

ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ၌ အရှည်ပေ ၁၂၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် တစ်သန်း၊ စုစုပေါင်းငွေကျပ် ၁၆ သန်း အသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**



# တန်ဖိုးရှိသော လူ

## ချစ်နိုင်(စိတ်ပညာ)




**"မောင်ခင်မင် တပင်တပန်းသုတေသနပြု၍ အချိန်ကြာမြင့်စွာ စနစ်တကျတွေးတောစဉ်းစားပြီး ဦးနှောက်အလုပ်ပေးကာ ပြုစုထားသော "စကားပြေသဘောတရား၊ စကားပြေအတတ်ပညာစာအုပ်"သည် ပညာသားပါသဖြင့် ပညာရှင်တို့ဖတ်ရှုသင့်ပါသည်။**

**ဒေါက်တာလှဘေ(၁၉၃၃-၂၀၀၇)**
**လန်ဒန်တက္ကသိုလ်ပါမောက္ခ**
**မြန်မာသုတေသနဂျာနယ်၊ ၁၉၉၈၊ ဧပြီ**

မအောင်မြင်ဘဲ ဆင်းရဲနိမ့်ကျ လူလုံးမလှသော ဘဝရောက်ရှိနေသော လူတချို့မှာ လိုအပ်ချက်နှစ်ရပ် ရှိနေ၏။

၁။ နည်းနာနိဿယမသိကြခြင်း(No Theory)

၂။ ကြိုးစားအားထုတ်မှုနည်းခြင်း၊ မရှိခြင်း (No Practice)

တစ်ခုခုလိုအပ်သူလည်းရှိသည်။ နှစ်ခုစလုံးမရှိခဲ့ကြခြင်းကြောင့် အောင်မြင်မှုနှင့်ဝေးကွာပြီး ဆင်းရဲတွင်းထဲကျရောက်နေကြလေသည်။ ကယ်တင်လိုလျှင် သူတစ်ပါးက ဆွဲချီမ၍မရနိုင်။ သူတို့ကိုယ်တိုင်မှာ ဤအရည်အသွေး နှစ်ရပ်ရှိမှဖြစ်မည်။

**၁။ လုပ်ချင်ကိုင်ချင်စိတ်**

**၂။ လုပ်တတ်ကိုင်တတ်ကျွမ်းကျင်မှု**

အမေမွေးလာကတည်းက ရွှေဇွန်းကိုက်၍မွေးဖွားလာသူဟူ၍ လောကတွင်မရှိပါ။ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာသာ မဟော်သဓာဘုရားလောင်းသည် ဆေးမြစ်ကလေးကိုင်ထားလျက် မွေးဖွားခဲ့သည်ဟု ကြားရ၊ မှတ်ရဖူးသည်။ ရှားပါးသောကိစ္စမျိုးဖြစ်ပေသည်။ သာမန်လူတိုင်းဘဝကား အားလုံးညီတူညီမျှ သုည(ဇီးရိုးစမျဉ်း)က အစပြုကြရသည်ချည်းသာ။

ကြီးပွားချင်ရင်တော့ လက်နှစ်ဖက်၊ ခြေနှစ်ဖက် တစ်စုံစီပါရသကဲ့သို့ အစုံလိုက်ပြည့်စုံရမည့် အချက်နှစ်ရပ်ကို စဉ်းစားမိပါသည်။

**၁။ ဉာဏ်နှင့်ဝီရိယ(စုံတွဲပြည့်စုံမှရသည်)**

**ဉာဏ်က မြော်မြင်မှု၊ သုံးသပ်ရွေးချယ်တတ်မှု၊ ထက်မြက်ထိရောက်မှု**

**ဝီရိယက ဖွဲ့ရှိမှု၊ အပင်ပန်းခံမှု၊ အလုပ်ကို အလုပ်နှင့်တူအောင် ကြိုးပမ်းလုပ်ဆောင်မှု**

**၂။ ကံ-ဟူသောအလုပ်မှာတတ်မြောက်ကျွမ်းကျင်ခြင်း နောက်တစ်နည်း (၁) သဘောတရားမှန်ရမည်။**

(၂) လက်တွေ့ပကတိအခြေအနေနှင့် ကိုက်ညီစွာလုပ်နည်းလုပ်ဟန်မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရမည်။

**နောက်တစ်နည်း**

**၁။ စည်းကမ်းလိုက်နာတတ်ခြင်း**
**Obey the Orders**

**၂။ တီထွင်ဆန်းသစ်ဖန်တီးတတ်ခြင်း**
**Initiative and Innovation**

ရောဘတ်ဂရင်း(Robert Green)ဆိုသော ရောင်းအကောင်းဆုံးစံချိန်တင်သော တက်ကျမ်းနှင့် လူ့သဘောသဘာဝကျမ်းမျိုးရေး၍ အောင်မြင်နေသည့် စာရေးဆရာတစ်ယောက်က အောက်ပါနှစ်ချက်ကို အထူးညွှန်း၍ရေးထားသည်။

**၁။ ရိုးသားဖြောင့်မတ်မှု**(Honesty)

**၂။ ရဲရင့်မှု**(Bravery)

ခေါင်းဆောင်ကောင်းဖြစ်လိုလျှင်လည်း ရိုးသားရ၊ ရဲရင့်ရသည်ပဲဖြစ်၏။ ရဲရင့်မှုဆိုသည်က စိတ်မှာ အညစ်အကြေးကင်းစင်မှ ရနိုင်သည်။ စိတ်ထဲမှာ အပြစ်မကင်း ခံစားရစိတ်ရှိနေပါက မျက်နှာမှာမကြည်မလင်ရှိတတ်၏။ ထို့ကြောင့် ရိုးသားမှုရှိမှသာ ရဲရင့်မှုလည်း ရှိနိုင်၏။ ရိုးသားမှုမပါသော စွန့်စားလိုမှုသည် သူရဲဘောကြောင်သော ကြောက်ကန်ကန်ခြင်းမျိုးသာဖြစ်ပေမည်။

အောင်မြင်သူများ လိုက်နာကျင့်သုံးခဲ့သော အချက်များဟူ၍ ဘာသာပြန်စာအုပ်တစ်အုပ်တွင် အောက်ပါအရည်အသွေးများကို ဖတ်ခဲ့ရဖူးပါသေး၏။

**၁။ ထက်သန်ပြင်းပြသောဆန္ဒ(Burning Desire)**

**၂။ ထက်သန်သောစိတ်ထား(Enthusiasm)**

**၃။ ကြိုးစားလုံ့လရှိခြင်း(Industrious, Work hard)**

**၄။ အကြိမ်ကြိမ်အားထုတ်ခြင်း(Repeat again and again)**

လဲလျှင် ပြန်ထ၊ ကျလျှင် ပြန်တင်
လွဲလျှင် ပြန်တည့်၊ မှားလျှင် ပြန်ပြင်
ထပ်ကာထပ်ကာအဆက်မပြတ်သာလုပ်နေပါ။

**၅။ စူးစူးစိုက်စိုက် အာရုံစွဲမြဲစိတ်ဝင်စားမှု (Concentration)**

မအိပ်မနေအာရုံစွဲမြဲနေလျှင် အောင်မြင်သည်။

အောင်မြင်ခဲ့ကြသူများကို စနစ်တကျသုတေသနပြုလေ့လာခဲ့ရာ အထက်ပါ ငါးချက်ကို သိသာသော အရေအတွက် ထူးခြားချက်အနေနှင့် တူညီနေကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုလေသည်။ ဘယ်တက္ကသိုလ်က ဘယ်သူတွေ ဘယ်လူ့အဖွဲ့အစည်းက ဘယ်တိုင်းပြည်မှာ ဘယ်အချိန်က မေးမြန်းပြုစုကောက်ယူခဲ့သနည်းတော့ အကျယ်ကိုမသိရပေ။ သဘာဝကျ၍ ဖြစ်နိုင်ခြေရှိသည် ထင်ပါ၏။

လူတစ်ယောက်သည် တန်ဖိုးရှိသော လူတစ်ယောက်အဖြစ် မိမိဘဝကို စနစ်တကျတည်ဆောက်ယူမည်ဆိုပါက လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ သိက္ခာသုံးပါးကို မိမိမှာပြည့်စုံအောင် ကြိုးစားရပေလိမ့်မည်။ ဗုဒ္ဓဘာသာများကမူ ဤအချက်များကို ရင်းနှီးကျွမ်းဝင်စွာ သို့မဟုတ် ကြားဖူးနားဝရှိကြလောက်ပေသည်။ အသစ်အဆန်းကားမဟုတ်ပေ။ လေးစားအပ်သော အရည်အဆင့်ဖြစ်သဖြင့် ဂုဏ်ဟုလည်းသုံးနှုန်းကြသည်။ သိက္ခာဟုလည်း ခေါ်ဝေါ်ကြသည်။ ကာလ၊ ဌာနအခြေအနေအရ အဓိပ္ပာယ်ရှိစွာသုံးနေကျဖြစ်လေသည်။

**၁။ သီလဂုဏ်** ကိုယ်ကျင့်တရားပိုင်း

**၂။ သမာဓိဂုဏ်** တည်ကြည်မှု

**၃။ ပညာဂုဏ်** သိမြင်နှံ့စပ်မြော်မြင်မှု

ထိုဂုဏ်သိက္ခာသုံးပါးသည် အမြင်၊ အကြံ၊ အပြောစသည်ဖြင့် ခွဲခြမ်းစိတ်ဖြာသော အလုပ်သဘောများလည်းပါဝင်ကြသည်။ ဤနေရာတွင် မဂ္ဂင်ရှစ်ပါးအကြောင်းကို အကျယ်မတင်ပြသာပါ။ နိဗ္ဗာန်ထိအောင် ပေါက်ရောက်သော ကျင့်စဉ်လမ်းမှန်၊ မြင့်မြတ်သောလမ်းကြောင်းဖြစ်ပါ၏။

လူ့လောကထဲက လူအများအနက်မှ သာမန်လူတစ်ယောက်ကမူ ဘဝတစ်သက်တာအတွက် ညာလက်နှင့် ဘယ်လက်သဖွယ် ပမာတူသောစွမ်းရည်နှစ်ခုကို ရယူပြည့်ဆည်းရပေလိမ့်မည်။

၁။ **တက္က**= အတတ်ပညာ၊ နည်းပညာ၊ အနုပညာ၊ အသိပညာများ

၂။ **သီလ**= ကိုယ်ကျင့်သီလ၊ စာရိတ္တဖြူစင်မှု

အသက် ၁၆ နှစ်ကျော်လျှင် တက္ကသိုလ်အသီးသီးတွင် ပညာဆည်းပူးခွင့်ရသော အရွယ်သို့ရောက်လာလေတော့သည်။ တက္ကသိုလ်ဟူသော စကားလုံးသည် မြန်မာတို့အစဉ်အလာအရ နားယဉ်ပြီးသော ပါဠိသက်ဝေါဟာရဖြစ်ပါ၏။ အနက်အဓိပ္ပာယ်အနှစ်သာရကိုကား မိမိတက္ကသိုလ် လေးနှစ်တက်နေသည်အထိ သတိမမူမိခဲ့ပေ။ အရှေ့တိုင်းပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ထိုအချိန်က ကျောင်းအုပ်ကြီးဟုသာ ခေါ်ဝေါ်ခဲ့ပါသေး၏) တာဝန်ထမ်းဆောင်ရသော ဆရာကြီးဦးဖေမောင်တင်တို့ကာလ Rangoon University ကို မြန်မာလိုသုံးနှုန်းရန် ဘာသာပြန်ဖို့ စကားလုံးရှာရာမှ စတင်အသုံးပြုခဲ့ကြောင်း မိမိဘာသာ စာအုပ်စာပေလေ့လာမှ သိရပါ၏။

တန်ဖိုးရှိသော လူတစ်ယောက်၏ အနှစ်သာရမှာ အသိပညာအမြော်အမြင်နှင့် အတတ်ပညာ တတ်မြောက်နားလည်သည့်အပြင် အကျင့်စာရိတ္တ၊ ကိုယ်ကျင့်သီလစိတ်ကောင်း နှလုံးကောင်းလည်း ရှိအပ်ပေသည်မဟုတ်လား။

ရှေးခေတ်၊ အင်းဝခေတ်စာဆိုများ ရေးဖွဲ့သော ကဗျာလင်္ကာထဲတွင် တွေ့မြင်နိုင်ပါသည်။

**"ပညာပြည့်ဝ၊ နှလုံးလှ၍"**
ပညာလည်း ပြည့်ဝရပါမည်။
ကိုယ်ကျင့်သီလ၊ စိတ်နှလုံးလည်း လှရပါမည်။

ဤ အနှစ်သာရများသည် မြန်မာလူမျိုး၏ **တန်ဖိုးစံ**(Standards of Values)အဓိပ္ပာယ်များပင်ဖြစ်ကြပါသည်။ လူတစ်ယောက်၏ အဖိုးတန်ခြင်းသည် ပညာဘယ်လောက်တော်တော် နှလုံးလှသော ကိုယ်ကျင့်သီလလည်းပြည့်စုံမှ။

စာရိတ္တကတော့ ရိုးပါ၏။ ဖြောင့်ပါ၏။ သို့ရာတွင် စသဖြင့် မိမိဘဝကိုထူးခြားပြောင်းလဲအောင်၊ ထူးချွန်မြင့်မားအောင် မလုပ်ဆောင်နိုင်လောက်ပါဘူးဟူ၍ စိတ်မရောက်ခင်ကမြားကုန်နေသော သဘောထားအမြင်မျိုးကို ပြောင်းပြန်လှန်၍ မိမိကိုယ်တိုင်ပြောင်းလဲပစ်ကြရမည်။ လူသားတစ်ယောက်၏ စွမ်းဆောင်ရည်သည် အဆများစွာဆိုးရွားသော အတားအဆီး အခက်အခဲအမျိုးမျိုးကိုပင် ကျော်လွှားဖြတ်သန်းနိုင်ကြောင်း လက်တွေ့မျက်မြင်သာဓက တစ်ဦးနှင့်ပမာပြပါမည်။ သူ့ကိုအတုယူပါ။

ဓနုဖြူမြို့နယ် ကျုံထနီးချောင်းဘေးက ကျုံးထနီး လယ်သမားရွာလေးမှာ လယ်သမားဦးရာမ၊ ဒေါ်စောတို့က သူ့ကို ၁၉၄၂ ခုနှစ်မှာ မွေးသည်။ သူ လေး၊ ငါးနှစ်အရွယ်တွင် ဖခင်ကိုသူပုန်များကဖမ်းခေါ်သွားပြီး သတ်ဖြတ်ခံခဲ့ရသည်။

သူ ဆယ်နှစ်ကျော်စအရွယ်မှာ မိခင်လည်းဖျားနာကွယ်လွန်သွားပြန်သည်။ မိဘမဲ့ဘဝဖြင့် လောကကို ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းရသည်။ သူ့ဘဝအတွက် အားကိုးရမည့်အထောက်အကူကား ပညာမှတစ်ပါး အခြားမရှိကြောင်း အလယ်တန်းကျောင်းသားဘဝအရွယ်မှာ သိမြင်သည်။ စာကြိုးစားသည်။ စာတော်သော မိဘမဲ့ဆင်းရဲသားကျောင်းသားလေးကို ဆရာ၊ ဆရာမများက စေတနာပို၍ အထူးအာရုံစိုက်သင်ကြား၏။ (သူ့ဘဝတစ်လျှောက်ရှိ ရွာကမူလတန်းပြဆရာမှ အစ၊ တက္ကသိုလ်ဘွဲ့များရခဲ့သည်အထိ ဘာသာများစွာ၊ အတန်းများစွာသင်ပြခဲ့သော ဆရာ၊ ဆရာမ ၉၉ ဦး၏ အမည်စာရင်းသူမှတ်တမ်းတင်ထား၏။ ကျေးဇူးသိတတ်သော တပည့်လေး)

**❖တန်ဖိုးရှိသော လူတစ်ယောက်၏အနှစ်သာရမှာ အသိပညာအမြော်အမြင်နှင့် အတတ်ပညာတတ်မြောက်နားလည်သည့်အပြင် အကျင့်စာရိတ္တ၊ ကိုယ်ကျင့်သီလစိတ်ကောင်းနှလုံးကောင်းလည်းရှိအပ်ပေသည်မဟုတ်လား။ ရှေးခေတ်၊ အင်းဝခေတ်စာဆိုများရေးဖွဲ့သော ကဗျာလင်္ကာထဲတွင် တွေ့မြင်နိုင်ပါသည်။ "ပညာပြည့်ဝ၊ နှလုံးလှ၍"ပညာလည်း ပြည့်ဝရပါမည်။ ကိုယ်ကျင့်သီလ၊ စိတ်နှလုံးလည်း လှရပါမည်။ ဤအနှစ်သာရများသည် မြန်မာလူမျိုး၏ တန်ဖိုးစံ(Standards of Values)အဓိပ္ပာယ်များပင်ဖြစ်ကြပါသည်။❖**

အတတ်ပညာတော့နည်း၏။ အသိဉာဏ်အမြော်အမြင်ကတော့ သိပ်မပြည့်စုံ။ ထိုသို့သော လူစားက ခိုင်းလို့ကောင်း၊ စေလို့ကောင်းသည် မှန်ပါသော်လည်း ခေါင်းဆောင်၊ အကြီးအမှူးနေရာမျိုးအတွက်တော့ မထိုက်တန်လှပေ။

အနောက်တိုင်းမှ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးစံသတ်မှတ်ချက်များတွင် **အမိန့်နာခံမှု**(Obeydience) တစ်ဖက်ကလိုအပ်သည့် **အကြံသစ် ဉာဏ်သစ်နှင့် မိမိခေတ်မှာ အတွေးသစ်နည်းလမ်းသစ်ရှာဖွေဖန်တီးနိုင်စွမ်း**(Creativity and Innovation)ကို မရှိမဖြစ်လိုအပ်သည်ဟု သတ်မှတ်ကြပါ၏။ အထူးသဖြင့် လက်ရှိခေတ်၏ လျင်မြန်သောတိုးတက်ပြောင်းလဲမှုများနှင့်အညီ အသစ်အသစ်ဖန်တီးဆန်းသစ်တီထွင်မှုများ လိုအပ်လာမည်ဖြစ်ပါ၏။ ရှေ့လူလုပ်ခဲ့သမျှ နောက်ကချည်းသာလိုက်နေမည်ဆိုပါက သူများတကာထက် နောက်ကျကျန်ရစ်ပေမည်မဟုတ်ပါလား။

"ကျွန်တော်တို့က တောကပါ။ ဒါ့ကြောင့်..."
"ကျွန်မတို့က ဆင်းရဲသားမိသားစုကပဲမို့..."

နောင်သောအခါ သူသည် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာပါမောက္ခဖြစ်လာသည်။ ဒေါက်တာဦးခင်အေးဟု ထင်ရှားသည်။ ဂျပန်နိုင်ငံ အိုဆာကာတက္ကသိုလ်မှာ ပါမောက္ခအဖြစ် သွားရောက်သင်ပြပို့ချခဲ့ရသေးသည်။ တက္ကသိုလ်တွင် စာသင်ပေးရုံမျှမက မြန်မာစာနှင့်ပတ်သက်သော စာကောင်းပေကောင်းစာအုပ်ပေါင်း ၁၀၀ နီးပါးကို မောင်ခင်မင်(ဓနုဖြူ)အမည်ဖြင့် နှစ်ပေါင်း ၅၀၊ ၆၀ မပြတ်တမ်းပြုစုရေးသားခဲ့ပေသေးသည်။ ဘာသာဗေဒ၊ စကားပြေ၊ ကဗျာလင်္ကာ၊ စာပေသမိုင်း၊ သင်ကြားရေး၊ ဘဝအတွေ့အကြုံ၊ အနုပညာခံစားချက် စသည့်စာပေအမျိုးမျိုးများစွာလေ့လာရေးသားခဲ့သဖြင့် အမျိုးသားစာပေတစ်သက်တာဆုများ၊ စာပေဆုများထူးခြားစွာ ချီးမြှင့်ဂုဏ်ပြုခံရသော စာရေးဆရာ ပါမောက္ခကြီး**မောင်ခင်မင်(ဓနုဖြူ)(၁၉၄၂-၂၀၂၅)**ဖြစ်ပါသည်။ လူ့တန်ဖိုးကား စည်းစိမ်ဥစ္စာချမ်းသာမှုမဟုတ်။ ပြည်သူအများအတွက် ကောင်းကျိုးအားမည်မျှ သယ်ပိုးစွမ်းဆောင်ပါသနည်းဟူသည့် အချက်သာ အဓိကပေတည်း။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# သာပေါင်းမြို့နယ်တွင် မိုးစပါး ၆၂၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၂၃၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထား ၆၈၂၈၇ ကေကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၆၂၃၄ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ စပါးလျာထားကေ ၆၈၀၀၀ ကျော်ထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနေ့ထိ ကေ ၆၂၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီး တော့လဲ စိုက်ပျိုးနေပါတယ်။ မိုးစပါးအတွက် မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူ ပေးထားပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေ၊ သွင်းအားစုတွေကိုလဲ စနစ်တကျပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် မိုးစပါးများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ စပါးမျိုးစေ့မှန်ကန်ရေး၊ ရွှေခရုဖျက်ဆီးမှုမရှိစေရေး၊ ရေဘေးဒဏ်ကြောင့် ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# နတ်တလင်းမြို့နယ် ကျွန်းကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**နတ်တလင်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက်ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းကုန်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**

# တိုင်းပြည်ဂုဏ်ထိန်းပါ

– နိုင်ငံတော် ဖျက်ဆီးဖို့
လူမိုက်တို့ ရမ်းကားနေ၊
ဘုံရန်သူ ဆိုးညစ်မိုက်ကိုလ
တိုက်ဖျက်စို့လေ၊
ပြည်သူများ လမ်းမှားတွေ
ရောက်စေအောင် သွေးခွဲ၊
လမ်းမမှန် ပန်းတိုင်ပျောက်ဖို့
မြှောက်ပင့်နေဆဲ။

– ပြည်သူတွေ သတိမြဲလို့
တူယှဉ်တွဲ ဉာဏ်သုံးကာ၊
လူမိုက်ကို မပေါင်းသင်း
ရှောင်ကွင်းကြပါ၊
နိုင်ငံ့အကျိုး တိုးတက်မှာ
စည်းလုံးရာ အောင်မြင်မှု၊
စည်းကမ်းညီ တိုင်းပြည်ဖြစ်ဖို့
ထုဆစ်လို့ပြု။

– အချိန်မီ ပြင်ဆင်ရှု
ညီနောင်ထုတို့ လိုက်နာမှု၊
ဥပဒေ မချိုးဖောက်
လှမ်းလျှောက်အတူ၊
နိုင်ငံ့အတွက် အားသစ်ယူ
သောကအပူ မရှိရေး၊
ခေတ်မီရန် အားသစ်လောင်း
စုပေါင်းစို့လေး။

– နိုင်ငံတော် သာယာအေးစေဖို့
ကြိုးစားမနေး အလုပ်ခွင်၊
ရွှေမြန်မာ ပန်းတိုင်နန်း
လှမ်းကြပြင်ဆင်၊
မင်းမဲ့စရိုက် တို့ရှောင်ကြဉ်
သတိဝင် ကာကွယ်ကြ၊
တို့တိုင်းပြည် ဂုဏ်မပျက်အောင်
ထမ်းရွက်စံပြ။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းစစ်မြေပြင်၌ သေဆုံးခဲ့ရသည့် အမေရိကန်နိုင်ငံသားကို လီနင်ဘွဲ့တံဆိပ် ရုရှားသမ္မတချီးမြှင့်



**မော်စကို ဩဂုတ် ၁၀**

ယူကရိန်းစစ်မြေပြင်၌ ရုရှားတပ်များနှင့်အတူ ပါဝင်တိုက်ခိုက်စဉ် သေဆုံးခဲ့ရသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို ရုရှားသမ္မတပူတင်က လီနင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ရုရှားမီဒီယာများက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မိုက်ကယ်ဂလော့စ်အမည်ရှိ အသက် ၂၁ နှစ်အရွယ် အမေရိကန်နိုင်ငံသားအတွက် လီနင်ဘွဲ့တံဆိပ်ကို ရုရှားသမ္မတပူတင်က ယခုရက်သတ္တပတ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်ထံ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်စီအိုင်အေထောက်လှမ်းရေးအဖွဲ့ အရာရှိတစ်ဦး၏ သားဖြစ်သူ မိုက်ကယ်ဂလော့စ်သည် ၂၀၂၄ ခုနှစ် ဧပြီလတွင် ယူကရိန်းစစ်မြေပြင်၌ သေဆုံးခဲ့ကြောင်း သိရသည်။

လီနင်ဘွဲ့တံဆိပ်သည် အများပြည်သူများ အကျိုးအတွက် ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်ပေးသူများကို ချီးမြှင့်သည့် ဆိုဗီယက်ခေတ် ဘွဲ့တံဆိပ်ဖြစ်သည်။

မိုက်ကယ်ဂလော့စ်အား ရုရှားသမ္မတပူတင်က လီနင်ဘွဲ့တံဆိပ်ပေးအပ်မှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အထူးသံတမန်စတိဗ်ဝစ်ကော့ဖ်တို့က တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည်ဩဂုတ်၁၅ ရက်တွင် အလက်စကာပြည်နယ်၌ တွေ့ဆုံ၍ ယူကရိန်းပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဘလူချီစတန်ပြည်နယ်၌ မိုဘိုင်းလ်ဖုန်း ဝန်ဆောင်မှုများ ပါကစ္စတန်ဖြတ်တောက်

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၀**

ခွဲထွက်ရေးဝါဒီ သူပုန်များကြား အဆက်အသွယ်ပြုလုပ်မှုများကို ပိတ်ပင်ရန် ကြိုးပမ်းသည့်အနေဖြင့် ပါကစ္စတန်နိုင်ငံသည် ဘလူချီစတန်ပြည်နယ်၌ မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုများ ရက်သတ္တသုံးပတ်ကြာ ဖြတ်တောက်ထားကြောင်း ဩဂုတ် ၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘလူချီစတန် ပြည်နယ်၌ မကြာသေးမီကာလအတွင်း ခွဲထွက်ရေးဝါဒီများ၏ တိုက်ခိုက်မှုများ မြင့်တက်လာပြီးနောက် ယင်းပြည်နယ်အတွင်း မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုများ ရပ်ဆိုင်းထားခြင်းဖြစ်သည်။

ဘလူချီစတန် ပြည်နယ်၏ တရားဥပဒေစိုးမိုးရေးအခြေအနေအရ မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုများကို ဩဂုတ် ၆ ရက်မှစ၍ ရက်သတ္တသုံးပတ်ကြာ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပါကစ္စတန်အစိုးရ ညွှန်ကြားချက်၌ ဖော်ပြထားသည်။

ပါကစ္စတန်တာဝန်ရှိသူများ၏ အဆိုအရ ဘလူချီစတန်ပြည်နယ်၌ မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုသုံးစွဲသူ ၈ ဒသမ ၅ သန်းထိရှိကြောင်း သိရသည်။

သို့ရာတွင် ဘလူချီစတန် ခွဲထွက်ရေး ဝါဒီများအနေဖြင့် ပါကစ္စတန်အစိုးရ တပ်များကို တိုက်ခိုက်ရေးအတွက် သတင်းအချက်အလက်မျှဝေရန် မိုဘိုင်းလ်ဝန်ဆောင်မှုကို အသုံးချနေကြောင်း ဘလူချီစတန်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သဘာဝသယံဇာတ ကြွယ်ဝသည့် ဘလူချီစတန်ပြည်နယ်သည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းအစီအစဉ်အောက်ရှိ အဓိကစီမံကိန်းများ တည်ရှိရာနေရာဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပြီးခဲ့သည့်ခြောက်နှစ်တာကာလအတွင်း တောင်ကိုရီးယားနိုင်ငံ စစ်အင်အား ၂၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ဟုဆို

**ဆိုးလ် ဩဂုတ် ၁၀**



တောင်ကိုရီးယား နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အားမှာ ပြီးခဲ့သည့် ခြောက်နှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းကျုံ့ဝင်ခဲ့ပြီး တပ်ဖွဲ့ဝင်အရေအတွက် ၄၅၀၀၀၀ ထိသို့ ကျဆင်းခဲ့ရကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြည်တွင်းကလေး မွေးဖွားမှုနှုန်းကျဆင်းမှုနှင့်အတူ စစ်မှုထမ်းနိုင်သည့် အသက်အရွယ်ရှိသည့် အမျိုးသားလူဦးရေကျဆင်းလာမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စစ်အင်အားလည်း ကျုံ့ဝင်လာရခြင်းဖြစ်သည်။

ယင်းအပြင် စစ်မှုထမ်းတာဝန်အတွက် ခေါ်ယူနိုင်သော အမျိုးသားဦးရေ ကျဆင်းလာမှုကြောင့် အရာရှိအင်အားလည်း လိုအပ်လျက်ရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေး ဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ စစ်အင်အားသည် ၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် တပ်ဖွဲ့ဝင် ၆၉၀၀၀၀ထိရှိခဲ့သော်လည်း ၂၀၁၀ပြည့်နှစ်နှောင်းပိုင်းကာလများအတွင်း အင်အားစတင်ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် အရောက်တွင်မူ တောင်ကိုရီးယား၏ စစ်အင်အားမှာ အချိန်ပြည့် တပ်ဖွဲ့ဝင်နှင့် အရာရှိစုစုပေါင်း ၅၆၃၀၀၀ထိသာ ရှိတော့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အစီရင်ခံစာတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၏ အိမ်နီးချင်းမြောက်ဘက် မြောက်ကိုရီးယားနိုင်ငံတွင်မူ စစ်အင်အား ၁ ဒသမ၂ သန်းထိရှိကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

**Ref : Xinhua**
**Trs : KKO**

# ဘရာဇီးနိုင်ငံ အလယ်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား အနည်းဆုံး ၁၁ ဦး သေဆုံး၍ ၄၅ ဦးဒဏ်ရာရရှိ

**ဆော်ပေါ်လို ဩဂုတ် ၁၀**

ဘရာဇီးနိုင်ငံ အလယ်ပိုင်း မာတိုဂရော့ဆိုပြည်နယ်၌ ဩဂုတ် ၈ ရက်ညပိုင်းက ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ဝင်တိုက်ခဲ့ရာ ၁၁ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုအတွင်း လူပေါင်း ၄၅ ဦးလည်း ဒဏ်ရာများ ရရှိခဲ့ရာ နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ထားကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်တိုက်မှုအတွင်း ဒဏ်ရာရရှိသူများအနက် ၁၁ ဦးမှာ အခြေအနေစိုးရိမ်ရပြီး ၂၆ ဦးမှာ အထိုက်အလျောက် ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ကနဦးရရှိသည့် သတင်းများအရ ဘတ်စကားနှင့်ကုန်တင်ယာဉ်တို့သည် ခေါင်းချင်းဆိုင်ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုသည် လူးကပ်စ်ဒိုရီယိုဗာဒီအမည်ရှိ မြို့အနီးအဝေးပြေးလမ်းပေါ်၌ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဘရာဇီးမီဒီယာများ၏အဆိုအရ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်ကို ဘရာဇီးရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း ဘရာဇီးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

**Ref : Xinhua**
**Trs : KKO**



# ဂါဇာစီးတီးမြို့အား ထိန်းချုပ်မည့်အစီအစဉ်ကို အစ္စရေးပြည်သူများ ဆန္ဒပြ

**တဲလ်အဗစ် ဩဂုတ် ၁၀**

ဂါဇာကမ်းမြောင်ဒေသ ဂါဇာစီးတီးမြို့အား စစ်ရေးအရ ထိန်းချုပ်မည့် အစ္စရေးအစိုးရ၏အစီအစဉ်ကို ပြည်သူထောင်ပေါင်းများစွာတို့က ဩဂုတ် ၉ ရက်တွင် တဲလ်အဗစ်မြို့၌ ဆန္ဒပြကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးများချဲ့ထွင်ပြုလုပ်၍ ဂါဇာစီးတီးမြို့အား ထိန်းချုပ်ထားရန် အစ္စရေးအစိုးရအဖွဲ့က သဘောတူထားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ဩဂုတ် ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အစ္စရေးအစိုးရ၏ အဆိုပါအစီအစဉ်ကို အစ္စရေးပြည်သူများက ဩဂုတ် ၉ ရက်တွင် ဆန့်ကျင်ဆန္ဒပြခဲ့ပြီး ဟားမတ်စ်အုပ်စု ဖမ်းဆီးထားသည့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက်သာ ဦးစားပေးကြိုးပမ်းရန် တောင်းဆိုခဲ့ကြသည်။

ဩဂုတ် ၉ ရက် ဆန္ဒပြပွဲများတွင် လူပေါင်း ၁၀၀၀၀၀ကျော် ပါဝင်ခဲ့ကြောင်း တဲလ်အဗစ်မြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဟားမတ်စ်အုပ်စုသည် ဓားစာခံ ၂၅၁ ဦးထိ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

လက်ရှိအချိန်တွင် ဟားမတ်စ်အုပ်စုလက်ဝယ်၌ ဓားစာခံ ၅၀ ခန့်ကျန်ရှိနေဆဲဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ယူဆထားသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Geely-04 ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၁၁ စင်းကို စမတ်ဒရာဂွန်-၃ ဒုံးပျံဖြင့် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် လွှတ်တင်ခဲ့



**ပေကျင်း ဩဂုတ် ၁၀**

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် Geely-04 ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၁၁ စင်းကို စမတ်ဒရာဂွန်-၃ ဒုံးပျံဖြင့် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Geely-04 ဂြိုဟ်တု ၁၁ စင်း သယ်ဆောင်ထားသည့် စမတ်ဒရာဂွန်-၃ ဒုံးပျံကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်းပြည်နယ် ရီကျိုးမြို့အရှေ့ဘက် ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စမတ်ဒရာဂွန်-၃ ဒုံးပျံများ၏ ဆဋ္ဌမမြောက် မစ်ရှင်ဖြစ်သည်။

ကိုယ်ထည်အလျား ၃၁ မီတာနှင့် အလေးချိန်တန် ၁၄၀ ရှိသည့် စမတ်ဒရာဂွန်-၃ ဒုံးပျံသည် ဂြိုဟ်တုအငယ်စားများ လွှတ်တင်ရေးနှင့် ကမ္ဘာ့ပတ်လမ်းပေါ်၌ ဂြိုဟ်တုကွန်ရက် တည်ဆောက်ရေးတို့အတွက် ရည်ရွယ်တည်ဆောက်ထားသော ဒုံးပျံများဖြစ်သည်။

ဩဂုတ် ၉ ရက် မစ်ရှင်တွင် စမတ်ဒရာဂွန်ဒုံးပျံသည် သယ်ဆောင်ထားသည့် Geely-04 ဂြိုဟ်တု ၁၁ စင်းကိုကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၀၀ အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

တရုတ်နိုင်ငံအခြေစိုက် Geely အုပ်စုလက်အောက်ခံ Geespace ကုမ္ပဏီသည် Geely-04 ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၃၀ ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Geespace ကုမ္ပဏီသည် သတင်းအချက်အလက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ဖြစ်သော Geely 04 ဂြိုဟ်တုကွန်ရက်၌ လက်ရှိအချိန်တွင် ဂြိုဟ်တုစင်းရေ ၄၁ စင်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် ကမ္ဘာမြေပြင်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၀**

Crew 10 မစ်ရှင် အာကာသယာဉ်မှူး လေးဦး ပြန်လည်လိုက်ပါလာသော Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် ဩဂုတ် ၉ ရက်တွင် ကမ္ဘာမြေပြင်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသယာဉ်သည် ဩဂုတ် ၈ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှခွာထွက်ခဲ့ပြီးနောက် ဩဂုတ် ၉ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းလွန် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အတွင်းသို့ ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှားအာကာသယာဉ်မှူးတစ်ဦးနှင့် ဂျပန်အာကာသယာဉ်မှူး တစ်ဦးတို့ပြန်လည်လိုက်ပါလာကြောင်း သိရသည်။



နာဆာနှင့် Space-X ကုမ္ပဏီတို့သည် Crew 10 မစ်ရှင်ကို ယခုနှစ် မတ် ၁၄ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Crew-10 မစ်ရှင်သည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၁၀ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးသယ်ယူပို့ဆောင်ရေး မစ်ရှင်ဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**

## ဟီရာအာကာသယာဉ်က ဒီးဒီးမော့စ်နှင့်ဒီမောဖော့စ် နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် Asteroid Framing Camera စနစ်ကို စမ်းသပ်

**ပဲရစ် ဩဂုတ် ၁၀**

ဥရောပအာကာသ အေဂျင်စီ၏ ဟီရာအာကာသယာဉ်သည် ဒီးဒီးမော့စ်နှင့်ဒီမောဖော့စ်နှစ်စင်းတွဲဂြိုဟ်သိမ်စနစ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် Asteroid Framing Camera စနစ်ကို စမ်းသပ်ခဲ့ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

ဟီရာအာကာသယာဉ်သည် အထက်ပါကင်မရာစနစ်စမ်းသပ်သည့်အနေဖြင့် အော့တီယိုနှင့် ကယ်လီဒေးအမည်ရှိ ဂြိုဟ်သိမ် နှစ်စင်းကို ဓာတ်ပုံရိုက်ကူးခဲ့သည်ဟု ဥရောပအာကာသ အေဂျင်စီကသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Asteroid Framing ကင်မရာစနစ်သည် ဒီးဒီးမော့စ်ဂြိုဟ်သိမ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့ကို ရှာဖွေချိန်ရွယ်ပေးရမည့် ကင်မရာစနစ်ဖြစ်သည်။

ဥရောပ အာကာသအေဂျင်စီသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟီရာအာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် အမျိုးသားအာကာသအေဂျင်စီက ဒီးမောဖော့စ်ဂြိုဟ်သိမ်ကို DART အမည်ရှိ အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့ပြီးနောက် နောက်ဆက်တွဲဖြစ်စဉ်များကို လေ့လာစူးစမ်းရန် ဟီရာအာကာသယာဉ်ကိုဥရောပအာကာသ အေဂျင်စီက လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲမှုနည်းပညာ စမ်းသပ်မှုအစီအစဉ်အရ ဒီမောဖော့စ်ဂြိုဟ်သိမ်ကို DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## UPFs အစားအစာများ စားသုံးမှုကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ပေကျင်း ဩဂုတ် ၁၀**

အူမကြီးကင်ဆာဖြစ်နိုင်ခြေနှင့်ဆက်စပ်နေသည့် အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများ (UPFs) များ စားသုံးမှုကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ UPFs အစားအစာများ စားသုံးပါက Non-Small Cell အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၃၇ ရာခိုင်နှုန်း ပိုမိုထက် မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် UPFs များ စားသုံးမှုကြောင့် Small Cell အဆုတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာလည်း ၄၄ ရာခိုင်နှုန်းထိမြင့်တက်လာနိုင်သည်ဟု တရုတ်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Non-Small Cellအဆုတ်ကင်ဆာသည် အဖြစ်အများဆုံး အဆုတ်ကင်ဆာရောဂါ ဖြစ်ပြီး အဆုတ်ကင်ဆာ ဖြစ်ပွားမှုများ အနက် ၈၅ ရာခိုင်နှုန်းမှာ Non-Small Cell အဆုတ်ကင်ဆာဖြစ်ပွားမှုများဖြစ်ကြသည်။

Small Cell အဆုတ်ကင်ဆာရောဂါကမူ အလွန်ပြင်းထန်သော အဆုတ်ကင်ဆာဖြစ်ပြီး အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များ လျင်မြန်စွာပျံ့နှံ့တတ်သည့် အဆုတ်ကင်ဆာဖြစ်သည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၁၀၂၀၀၀ တို့ကို အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြထားခြင်းဖြစ်သည်။

**Ref : Xinhua News**
**Trs : KKO**

## အာလူးကြော်ကို တစ်ပတ်လျှင် သုံးပွဲစားပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**လန်ဒန် ဩဂုတ် ၁၀**

အာလူးကြော်ကို သီတင်းတစ်ပတ်လျှင် သုံးပွဲမျှစားသုံးခဲ့လျှင်ပင် ပုံစံ-၂ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သီတင်းတစ်ပတ်လျှင် အာလူးကြော်သုံးပွဲမျှ စားသုံးခဲ့လျှင်ပင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ပိုမိုထက် ၂၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

အလားတူ အာလူးကြော်ကို သီတင်းတစ်ပတ်လျှင် ငါးပွဲထိ စားသုံးပါက ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေမှာ ၃၀ ရာခိုင်နှုန်းခန့်ထိ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ဖော်ပြပါ အာလူးပမာဏများကိုပင် ပြုတ်၍ဖြစ်စေ၊ မီးဖုတ်၍ဖြစ်စေ စားသုံးပါက ပုံစံ- ၂ ဆီးချိုရောဂါအပေါ် အကျိုးသက်ရောက်မှု နည်းပါးကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

အာလူးသည် ကယ်လိုရီပါဝင်မှုမြင့်မားပြီး အမျှင်ဓာတ်ပါဝင်မှုနည်းပါးခြင်းကြောင့် ပုံစံ-၂ဆီးချိုရောဂါဖြစ်ပွားမှုကို အားပေးတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀၀၀ ကျော် တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# လီဗာပူးအသင်း တိုက်စစ်မှူးနူနက် အယ်ဟိုင်လာအသင်းသို့ အပြီးသတ်ပြောင်းရွှေ့

ရီယာ့ဒ် ဩဂုတ် ၁၀

လီဗာပူးအသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလ စတင်ကတည်းက ရောင်းချရန် ပြင်ဆင်နေသည့် တိုက်စစ်မှူးနူနက်ကို ဆော်ဒီပရိုလိဂ်ကလပ် အယ်ဟိုင်လာအသင်းက ပြောင်းရွှေ့ကြေး ယူရို ၅၃ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အယ်ဟိုင်လာ အသင်းက တိုက်စစ်မှူး နူနက်အတွက် ပြောင်းရွှေ့ကြေး ယူရို ၅၃ သန်းအသုံးပြုခဲ့ရပြီး ကစားသမားကို လာမည့် ၂၀၂၈ ခုနှစ်ထိ သုံးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။

အသက် ၂၆ နှစ်ရှိ တိုက်စစ်မှူး နူနက်ကို ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကတည်းက အယ်ဟိုင်လာအသင်းက စတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း လီဗာပူးအသင်းက ကစားသမားကို ရာသီဝက်ကာလတွင် ရောင်းချရန် အစီအစဉ်မရှိကြောင်း ပြောကြား၍ ငြင်းပယ်ခဲ့သော်လည်း လက်ရှိ အပြောင်းအရွှေ့ ကာလတွင် အရောင်းစာရင်း တင်သွင်းခဲ့ကြောင်း သိရသည်။

၎င်းသည် အပြောင်းအရွှေ့ကာလစတင်ချိန်က အေဗတီကို အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း လီဗာပူးအသင်းနှင့် ပြောင်းရွှေ့ကြေး ညှိနှိုင်းမှု အဆင်မပြေသဖြင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ပြီးနောက် နာပိုလီအသင်းက ထပ်မံခေါ်ယူရန် ဆွေးနွေးခဲ့ရာ အောင်မြင်မှုမရခဲ့သောကြောင့် အသင်းပြောင်းရွှေ့ရန် ခက်ခဲလာချိန်တွင် အယ်ဟိုင်လာအသင်းက မြင့်မားသည့် လုပ်ခလစာဖြင့် ကမ်းလှမ်းလာခဲ့သဖြင့် ဆော်ဒီပရိုလိဂ်သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ကစားသမားဝယ်ယူရာတွင် စတာလင်ပေါင်သန်း ၃၀၀ ဝန်းကျင်သုံးစွဲခဲ့သော်လည်း တိုက်စစ်မှူး နူနက်ကို ရောင်းချခဲ့ပြီးနောက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ကစားသမားရောင်းချမှုမှ စတာလင်ပေါင် သန်း ၂၀၀ ကျော်ထိ ပြန်လည်ရရှိခဲ့ပြီး ကွင်းလယ်ကစားသမား အီလီယော့ကိုလည်း စတာလင်ပေါင် သန်း ၄၀ ဖြင့် ထပ်မံရောင်းချရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

Ref : Independent

Trs : ML




## အားကစားသတင်းအတိုအထွာများ

- ❑ ဆော်ဒီပရိုလိဂ်ကလပ် အယ်အာလီအသင်းက စတုဂတ်အသင်းကို ဂျာမန်ပိုကယ်ဖလားရရှိအောင် အဓိကနေရာမှပါဝင် ခြေစွမ်းပြသနိုင်ခဲ့သည့် အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမား မီလော့ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူနိုင်ခဲ့သည်။
- ❑ ဘရန့်ဖို့ဒ်အသင်းက တိုက်စစ်မှူး အမ်ဘူမိုကို မန်ယူအသင်းသို့ လက်လွှတ်ခဲ့ရပြီးနောက် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဘုန်းမောက်အသင်း တိုက်စစ်မှူး အုတ်တာရာကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ML

# နယူးကာဆယ်အသင်းက ခံစစ်ကစားသမား မာလစ်သီယာကို ယူရို သန်း ၄၀ ဖြင့်ခေါ်ယူ




လန်ဒန် ဩဂုတ် ၁၀

နယူးကာဆယ် အသင်းသည် အေစီမီလန်အသင်း ခံစစ်ကစားသမားမာလစ်သီယာကို ခေါ်ယူရန်အတွက် အေစီမီလန်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ကစားသမားအတွက် အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ကစားသမားနှင့် ပတ်သက်၍ ပြောင်းရွှေ့ကြေး အသေးစိတ်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ကနဦးပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းကို အေစီမီလန်အသင်းသို့ ပေးချေရမည်ဖြစ်ကာ ကစားသမားအတွက် အပိုဆုကြေး ယူရိုငါးသန်း ပါရှိခဲ့ကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။

ခံစစ်ကစားသမား မာလစ်သီယာကိုခေါ်ယူရန် နယူးကာဆယ်အသင်းက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ကြိုးပမ်းခဲ့သော်လည်း အေစီမီလန်အသင်းက ယခုအချိန်မှသာ ရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ ရောက်ရှိနေကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၂ ခုနှစ်က ရှော်လ်ကေးအသင်းမှ အေစီမီလန်အသင်းသို့ ယူရိုသုံးသန်းဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် အေစီမီလန်အသင်းနှင့် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ရာ မိခင်ကလပ်ရှော်လ်ကေးအသင်းက စာချုပ်ပါသဘောတူညီချက်အရ ကစားသမား၏ ပြောင်းရွှေ့ကြေးမှ ၁၀ ရာခိုင်နှုန်း အကျိုးအမြတ်ရရှိမည် ဖြစ်ကြောင်း သိရသည်။

Ref : Sampremilan

Trs : ML

# မန်စီးတီးကွင်းလယ်ကစားသမား ဂရီလစ်ကို အဲဗာတန်အသင်း အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ရန် သေချာနေဟုဆို

လန်ဒန် ဩဂုတ် ၁၀

အဲဗာတန်အသင်းသည် ကွင်းလယ်တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် မန်စီးတီးအသင်းက အပြီးသတ် ရောင်းချလိုသည့် ကွင်းလယ်တိုက်စစ် ကစားသမား ဂရီလစ်ကို တစ်ပတ်လုပ်ခ စတာလင်ပေါင် သုံးသိန်းပေးချေ၍ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိရန် သေချာနေသည်။

အဲဗာတန်အသင်း ပိုင်ရှင်သစ်သည် နည်းပြမိုယက်စ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အသက် ၃၀ ရှိ ဂရီလစ်ကို တစ်ပတ်လုပ်ခ စတာလင်ပေါင် သုံးသိန်းထိ ပေးချေရန် ကမ်းလှမ်းထားသဖြင့် တစ်ရာသီအတွက် စတာလင်ပေါင် ၁၂ သန်းထိပေးချေရမည်ဖြစ်သည်။

နည်းပြမိုယက်စ်သည် လက်ရှိ အပြောင်းအရွှေ့ ကာလတွင် တိုက်စစ်ပိုင်းအတွက် ချာလီအယ်ကာရက်ဇ်ကို အငှားစာချုပ်ဖြင့်လည်းကောင်း၊ ဗီလာရီးရဲလ် တိုက်စစ်မှူး ဘာရီကို အပြီးသတ်ခေါ်ယူခွင့်ဖြင့်လည်းကောင်း ခေါ်ယူနိုင်ခဲ့ပြီးနောက် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းလိုသည့်အတွက် ဂရီလစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်။

လက်ရှိတွင် ဂရီလစ်အနေဖြင့် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြတူချယ်၏ အသင်းလူစာရင်းတွင် ပါဝင်လိုသော်လည်း မန်စီးတီးအသင်းတွင် ပွဲကစားခွင့် ကန့်သတ်ချက်ရှိနေသောကြောင့် ပုံမှန်ပွဲကစားခွင့် ရရှိနိုင်မည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသဖြင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ရီးရဲလ်မက်ဒရစ်အသင်းက ဂါစီယာအတွက် စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် တစ်ဘီလီယံ သတ်မှတ်

မက်ဒရစ် ဩဂုတ် ၁၀

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဂါစီယာကို ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် စာချုပ်ဖျက်သိမ်းကြေးကိုလည်း စတာလင်ပေါင် တစ်ဘီလီယံထိ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဂါစီယာသည် ရီးရဲလ်မက်ဒရစ်အသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်အတူပြီးခဲ့သည့်ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စတင်ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဂါစီယာသည် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုးများလည်း သွင်းယူနိုင်ခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ် အသင်းက ကြယ်ပွင့် ကစားသမားတစ်ဦးကို လက်မလွှတ် လိုသည့်အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီး အသင်း၌ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

နည်းပြ အလွန်ဆိုကလည်း ဂါစီယာ၏ ခြေစွမ်းပိုင်းကို ကြိုက်နှစ်သက်ခဲ့သည့်အတွက် အသင်းတွင် ဆက်လက်ထိန်းသိမ်းထားလိုနေပြီး ရိုဒရီဂိုကိုသာ ရောင်းချရန် ဆုံးဖြတ်ခဲ့သည်။




အစောပိုင်းက ဂါစီယာ ကိုယ်တိုင်က ပွဲထွက်ကစားခွင့် ရရှိမည့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခဲ့ရာ လက်ခံခဲ့ပြီး ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းကလည်း ပြိုင်ဘက်အသင်းများ မခေါ်ယူနိုင်ရန်အတွက် စာချုပ်ဖျက်သိမ်းကြေးကို စတာလင်ပေါင် တစ်ဘီလီယံထိ သတ်မှတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# IBO ဂျူနီယာဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်ကို မာလာဂျီကာဆွတ်ခူး



**နိုင်ရိုဘီ ဩဂုတ် ၁၀**

IBO ဂျူနီယာဘင်တန်ဝိတ်တန်း ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ကင်ညာလက်ဝှေ့သမား မာလာဂျီကာသည် ဖိလစ်ပိုင် လက်ဝှေ့သမားဂျေဆင်မာမာနှင့် ကင်ညာနိုင်ငံ၌ ယနေ့တွင် ထိုးသတ်ခဲ့ရာ မာလာဂျီကာက ငါးချီမြောက်တွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်အား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မာလာဂျီကာသည် ဂျေဆင်မာမာအား တစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့ပြီး အချီတိုင်းတွင်လည်း ဂျေဆင်မာမာအား လဲကျအောင်ထိုးသတ်နိုင်ခဲ့သည်။

လက်ဝှေ့သမား နှစ်ဦးကြား စွမ်းဆောင်ရည် ကွာဟချက် မြင့်မားသလို လယ်ဗယ်ကွာဟနေကြောင်း သုံးသပ်ချက်များ ထွက်ပေါ်လာခဲ့သည်။

ဂျေဆင်မာမာသည် တစ်ဖက်သတ် ဖိအားပေးထိုးသတ်နေသည့် မာလာဂျီကာအား စတုတ္ထမြောက်အချီတွင် ပြန်လည်ဖိအားပေးနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ထိရောက်မှုမရှိခဲ့ကြောင်းသိရသည်။

မာလာဂျီကာက "ဂျူနီယာဘင်တန်ဝိတ်တန်းမှာရှိတဲ့ ကမ္ဘာ့ချန်ပီယံ ခါးပတ်အားလုံးကို ဆွတ်ခူးချင်တယ်။ အခွင့်အရေးရလာတာနဲ့ ကျွန်တော်ရအောင်ယူပြမယ်။ စွန့်လွှတ်ရမဲ့အရာအားလုံးစွန့်လွှတ်ပြီး လိုချင်တာရအောင်ယူမယ်။ လောလောဆယ်တော့ ကျွန်တော်တို့ဝိတ်တန်းမှာ ရိုဒရီကွက်ဇ်က အကောင်းဆုံးပါ။ ဒါပေမဲ့လဲ သူကျွန်တော်နဲ့ မတွေ့သေးလို့ပါ။ ကျွန်တော်နဲ့တွေ့ပြီးသွားရင်တော့ သူကအကောင်းဆုံးလက်ဝှေ့သမားမဟုတ်ဘူးဆိုတာ သိလာလိုက်မယ်။ ဂျူနီယာဘင်တန်ဝိတ်တန်းမှာ ထိုးသတ်နေတဲ့ ဘယ်သူမဆို ကျွန်တော့်ကို စိန်ခေါ်ထိုးသတ်နိုင်ပါတယ်။ ကျွန်တော် အဆင်သင့်ဖြစ်နေပြီ။ ကျွန်တော့်နည်းပြကလဲ ကျွန်တော်အဆင်သင့် ဖြစ်နေပြီဆိုတာကိုကောင်းကောင်းသိတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**

# Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်

**အိုဟိုင်းယိုး ဩဂုတ် ၁၀**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် လက်ရှိချန်ပီယံ ဂျန်နစ်ခ်ဆင်နာသည် ကိုလံဘီယာတင်းနစ်ကစားသမားဂါလန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၁ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာသည် ဂါလန်အား အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပွဲကစားချိန် ၅၉ မိနစ်သာ ကြာမြင့်ခဲ့ပြီး ၎င်းအတွက် ၂၀၂၅ ခုနှစ်တင်းနစ်ရာသီအတွင်း အမြန်ဆုံးနိုင်ပွဲအဖြစ်လည်းမှတ်တမ်းဝင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ဝင်ဘယ်ဒန်ဆုဖလားအားဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ပြိုင်ပွဲပြန်ဝင်လာခဲ့ခြင်းဖြစ်ပြီး ပွဲဦးထွက်တွင် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရန် ရေပန်းစားနေသူ တစ်ဦးဖြစ်သလို ပြိုင်ပွဲကိုလည်း ဒုတိယအဆင့်မှစတင်ယှဉ်ပြိုင်ခွင့် ရခဲ့သူလည်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "ပြိုင်ပွဲမှာဝင်ရောက် ယှဉ်ပြိုင်တာဟာ လေ့ကျင့်ရေး အစီအစဉ်တွေနဲ့ လုံးဝ ကွာခြားချက်ရှိပါတယ်။ ဒါကြောင့် လေ့ကျင့်ရေးအစီအစဉ်မှာ ဘယ်လောက်ပဲကောင်းအောင်ကစားထားနိုင်ပါစေပြိုင်ပွဲအတွင်းမှာတော့ ဘာတွေဖြစ်လာမလဲဆိုတာ မခန့်မှန်းနိုင်ပါဘူး။ ဒီနေ့ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကိုတော့ အားရကျေနပ်မိပါတယ်။ နောက်အဆင့်တွေမှာ ပိုပြီးတော့ တိုးတက်လာအောင် ကြိုးစားကစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဖလက်ဝုဒ် ဆက်လက်ဦးဆောင်

**တန်နက်စီ ဩဂုတ် ၁၀**

အမေရိကန်နိုင်ငံ တန်နက်စီပြည်နယ်တွင် ကျင်းပနေသည့် FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖလက်ဝုဒ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဂျက်စတင်ရို့စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာထိ တက်ရောက်လာနိုင်ခဲ့ပြီဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာသည် ပထမနေ့နှင့်ဒုတိယနေ့တွင် ပုံမှန်လက်စွမ်းအတိုင်းသာ ကစားနိုင်ခဲ့သော်လည်း တတိယနေ့တွင် အကောင်းဆုံးကစားပြနိုင်ခဲ့ပြီး အမှတ်ပေးဇယားအား ဦးဆောင်နေသည့် ဖလက်ဝုဒ်ကို ဖိအားပေးနိုင်ခဲ့သည်။

နိုင်ခြေ အဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသူ စကော့တီရှက်ဖလာမှ ဖိအားပေးလာပြီဖြစ်သည့်အတွက် ဖလက်ဝုဒ်အနေဖြင့် ပထမဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ရေး မျှော်လင့်ချက်ကို အကောင်အထည်ဖော်ရေးမှာ ဖိအားဝင်လာပြီဖြစ်သည်။

ဖလက်ဝုဒ်သည် ဒုတိယနေ့တွင် အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦး ဖြစ်သော်လည်း တတိယနေ့တွင် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်သာလျော့ရိုက်နိုင်ခဲ့သည်။

ဖလက်ဝုဒ်က "တတိယနေ့မှာ အကောင်းဆုံး မလုပ်ပြနိုင်ခဲ့ပေမဲ့လဲ အမှတ်ပေးဇယားကိုဆက်လက်ဦးဆောင်ခွင့်ရတာ ဝမ်းသာပါတယ်။ ဒီဂေါက်ကလပ်ဟာ အရည်အသွေးမြင့်တဲ့ ဂေါက်ကလပ်ဖြစ်တဲ့အတွက်ကြောင့် ကစားရတာ အရမ်းအဆင်ပြေပါတယ်။ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကတော့ ဒီပြိုင်ပွဲကာလအတွင်းအကောင်းဆုံးကစားနိုင်ခဲ့တဲ့နေ့လဲဖြစ်ပါတယ်။ နောက်ဆုံးနေ့ကတော့ ပိုပြီးတော့ အရေးကြီးသွားပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပီအက်စ်ဂျီအသင်းက ဒွန်နာရမ်မာအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၆ သန်း တောင်းဆို

**ပဲရစ် ဩဂုတ် ၁၀**

ပီအက်စ်ဂျီအသင်းက မန်ယူအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေသည့် ဂိုးသမား ဒွန်နာရမ်မာအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် ၂၆သန်း တောင်းဆိုထားကြောင်း သိရသည်။

ဒွန်နာရမ်မာသည် ပြီးခဲ့သည့် ၂၀၂၁ခုနှစ်က အေစီမီလန်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာ ကျန်ရှိတော့ခြင်း ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းက အသင်းမှ အဓိက ဂိုးသမားတစ်ဦးကို လက်မလွှတ် လိုသည့်အတွက် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း လက်ရှိဂိုးသမား အိုနာနာ၏ လက်စွမ်းကို စိတ်ချရခြင်း မရှိသေးသည့်အတွက် ဒွန်နာရမ်မာနှင့်အစားထိုးလိုနေပြီး ဒွန်နာရမ်မာကိုယ်တိုင်ကလည်း မန်ယူအသင်းသို့ ပြောင်းရွှေ့လိုနေသည့် ပီအက်စ်ဂျီအသင်းက ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်၂၆သန်း သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မန်ယူ အသင်းကလည်း ပီအက်စ်ဂျီအသင်း တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးကို ပေးချေသွားဖွယ် ရှိနေသည့်အတွက် မကြာမီ အပြောင်းအရွှေ့ဖြစ်မြောက်သွားဖွယ် ရှိနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီ ကြွခိုင်မှုပြည့်ဝရန် စက်တင်ဘာလကုန်ထိ အနားယူရဖွယ်ရှိ

**မန်ချက်စတာ ဩဂုတ် ၁၀**

မန်စီးတီးအသင်း အဓိက ကွင်းလယ်ကစားသမား ရိုဒရီအနေဖြင့် ဒဏ်ရာမှအနားယူနေရာမှ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝနိုင်ရန်အတွက် စက်တင်ဘာလကုန်ပိုင်းထိ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။

ရိုဒရီသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဒူးအရွတ်စုတ်ပြဲဒဏ်ရာ ခွဲစိတ်ကုသမှုကြောင့် ကာလရှည် အနားယူခဲ့ရသည့်အတွက် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။




ထို့နောက် ရိုဒရီအနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ပြီးခဲ့သည့် ဇူလိုင်လက ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲအဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် အယ်ဟိုင်လာ အသင်းတို့ပွဲစဉ်တွင် ပြန်လည်ပါဝင်ကစားခဲ့သော်လည်း ဒူးဒဏ်ရာ ပြန်လည်ရရှိခဲ့သည့်အတွက် ထပ်မံအနားယူခဲ့ရခြင်းဖြစ်သည်။

ရိုဒရီအနေဖြင့် ဒူးဒဏ်ရာမှ ပြန်လည် သက်သာနိုင်ရန်အတွက် အချိန်ကာလတစ်ခုထိ အနားယူရမည့် အခြေအနေများကြောင့် လာမည့် ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ရမည်ဖြစ်ပြီး စက်တင်ဘာလအကုန်နိုင်ငံတကာ ပွဲစဉ်ကာလပြီးမှသာ ပြန်လည် ပါဝင်ကစားနိုင်မည်ဟု နည်းပြဂွါဒီယိုလာက အတည်ပြုခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

**ကျော်တင့်(ရွှေခရမ်း)**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံသူနိုင်ငံသားတို့၏ ပညာရည်မြင့်မားရန်အလွန်လိုအပ်သည်။ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာတတ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ ကျောင်းထွက်မှုများ လျော့နည်းကင်းစင်ရေးအတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"ဟု နိုင်ငံတော်က တိုက်တွန်းနှိုးဆော်ထားပြီး မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် ပညာတတ်မှု၊ အသိဉာဏ်ပညာမြင့်မားမှု၊ ပိုင်းခြားဝေဖန်သုံးသပ်နိုင်မှု အထွေထွေအားနည်းမှုများကြောင့် ပြည်သူတချို့သည် နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ခွဲခြားသိမြင်နိုင်စွမ်းမရှိဘဲ လမ်းမှားပေါ်သို့ရောက်ခဲ့ကြသည်။ မိမိတို့ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးခဲ့သည်။ ဒေသတည်ငြိမ်အေးချမ်းမှ ပညာရေးကောင်းမွန်မည်ဖြစ်ပြီး ပညာရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ရွာဒေသတချို့ရှိစာသင်ကျောင်းများ၊ ရုံးများ၊ လူနေအိမ်များကို အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးမှုကြောင့် ကလေးသူငယ်များ ပညာရေးဆုံးရှုံးရသကဲ့သို့ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ထိခိုက်ပျက်စီးခဲ့ကြရသည်။ လူငယ်များသည် ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်၍ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အိမ်နီးချင်းနိုင်ငံအချို့တွင် တရားမဝင် သွားရောက်လုပ်ကိုင်ကြရပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်ကြောင့် ပိတ်ထားခဲ့ရသော အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သည်။ ယခုအခါ လားရှိုး၊ နောင်ချို၊ လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများသည် အဖြူအစိမ်းဝတ်စုံလေးများဖြင့် အေးချမ်းစွာပညာသင်ယူမှုများဖြင့် စာသင်ကျောင်းများ ပြန်လည်အသက်ဝင်လာခဲ့ပြီဖြစ်သည်။

ပညာဟူသည် သင်ယူလေ့လာဆည်းပူးရာမှရရှိလာသည့် အသိကိုအခြေခံလျက် ပိုမိုကောင်းမွန်သည့် စဉ်းစားဆင်ခြင် တွေးတောကြံဆလုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်ပင်ဖြစ်သည်။ ယခုခေတ်က အတန်းပညာမလိုပါဘူး၊ ငွေရှာနိုင်ရန်ပဲလိုသည်ဟုပြောနေကြသည့်အသံများကို နေရာစုံတွင်ကြားနေရသည်။ လူလောကတွင် ငွေသည်အရေးပါသည့်နေရာမှာရှိနေသော်လည်း ပညာရွှေအိုးလူမခိုးဆိုသည့်အတိုင်း ပညာသည် ကိုယ်နှင့်တစ်ပါတည်း သေသည်အထိ ပါသွားမည့်အရာဖြစ်သည်။ ငွေသည် လိုအပ်သည့်အရာများကို ဝယ်ယူနိုင်သော်လည်း ပညာသည် လူသားတို့၏ဘဝကိုပြောင်းလဲနိုင်စွမ်း၊ အမှားအမှန်၊ အကောင်းအဆိုးကို ခွဲခြားပေးနိုင်စွမ်း၊ တွေးခေါ်ဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်သည်။ လူတစ်ဦးသည် ဘဝ၏ အသက်မွေးဝမ်းကျောင်းအတွက် အနည်းဆုံး အတတ်ပညာတစ်ခု တတ်မြောက်ရန် မဖြစ်မနေလိုအပ်ပေသည်။ မိမိ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပညာဟူသည့်ဆင်ခြင်သုံးသပ်နိုင်စွမ်း၊ အကျိုးသင့်အကြောင်းသင့် စဉ်းစားနိုင်စွမ်းတို့ဖြင့် ပေါင်းစပ်လိုက်သည့်အခါ ဘဝ၏အောင်မြင်မှု တစ်ဆင့်မြင့်သွားနိုင်မည်ဖြစ်သည်။

> ❖ **ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာတတ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များဖြင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ တန်းစဉ်မှန်မှန်ကူးပြောင်းရေး၊ ကျောင်းထွက်မှုများလျော့နည်းကင်းစင်ရေးအတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟု နိုင်ငံတော်က တိုက်တွန်းနှိုးဆော်ထားပြီး မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။** ❖

ယနေ့ခေတ်တွင် ကျောင်းသားလူငယ်အများစုသည် အတန်းစာမေးပွဲများ အောင်မြင်ရေးအတွက် ကျောင်းစာများဖြင့်သာ လုံးပန်းနေတတ်ကြသည်။ စာသင်နှစ်တစ်နှစ်လုံး ကျောင်းစာများဖြင့် မအားလပ်ကြသဖြင့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန် အချိန်မပေးနိုင်သည်ကို တွေ့ရသည်။ ကျောင်းသားတစ်ဦးအတွက် ကျောင်းတက်၊ စာသင်၊ စာမေးပွဲအောင်ရုံဖြင့် ပညာပြည့်စုံသည်ဟုဆိုနိုင်မည်မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံရှိ လူတို့သည် ပညာရေးအဆင့်အတန်းမြင့်မားသကဲ့သို့ လူငယ်လူရွယ်တိုင်း သွားလေရာရာ စာအုပ်တစ်မျိုးမျိုး ကိုယ်နှင့်မကွာပါရှိကြပြီး စာဖတ်အားလည်း ကောင်းကြသည်။ ယနေ့ရာစုခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ပြောင်းလဲနေသော ခေတ်နှင့်အညီ အသိပညာနှင့် အတတ်ပညာများ ပြည့်စုံအောင် ကြိုးစားဖြည့်ဆည်းကြရမည်ဖြစ်သည်။ အတတ်ပညာက လူတော်ဖြစ်စေနိုင်သကဲ့သို့ အသိပညာက လူကောင်းဖြစ်စေမည်ဖြစ်သည်။ ကျောင်းသားလူငယ်များသည် အတန်းပညာအပြင် ဦးနှောက်အာဟာရ၊ စိတ်အာဟာရဖွံ့ဖြိုးစေရန်နှင့် တိုင်းချစ်ပြည်ချစ်စိတ်အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များဖွံ့ဖြိုးစေရန် စာပေလေ့လာဖတ်ရှုရန် လိုအပ်ပေသည်။ စင်စစ်ကျောင်းသင်ပညာသည် ဘာသာရပ်အလိုက် တတ်မြောက်ထူးချွန်စေရန်၊ အသုံးချနိုင်စေရန်အတွက်သာဖြစ်ပြီး ကျောင်းသင်ပညာ၏ ပြင်ပမှဖြစ်သော အကြောင်းအရာများနှင့်စပ်လျဉ်း၍ သိမြင်နိုင်ရန်အတွက်မှာမူ စာဖတ်ခြင်းကသာ ရရှိနိုင်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များပညာရည်မြင့်မားရေးအတွက် ပညာရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ အရွယ်မရောက်သေးသော ကလေးသူငယ်များ စောစောစီးစီး ကျောင်းမှထွက်၍ ရရာအလုပ်လုပ်ကြရခြင်းမျိုးမဖြစ်စေရန် နိုင်ငံတော်အတွက် လိုအပ်သည့်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် အခြေခံပညာအတန်းအားလုံး အခမဲ့စနစ်ဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို နိုင်ငံတော်က ဆောင်ရွက်ထားပြီး KG + 9 ထိ မသင်မနေရပညာရေးစနစ်ကို အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် ချမှတ်ခဲ့သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ KG + 9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးသည့် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခု ၂၀၂၅- ၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ယခုခေတ်သည် နည်းပညာခေတ်ဖြစ်ခြင်းကြောင့် လက်တွေ့အသုံးချသိပ္ပံပညာရပ်ဖြစ်သည့်ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် အခြေခံပညာကျောင်းများကိုအခြေခံ၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးများကို အားပေးဆောင်ရွက်လျက်ရှိသည်။ လူငယ်အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးအတွက် လူရည်ချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကြက်ခြေနီလူငယ် စသည့် အဖွဲ့အစည်းများဖွဲ့စည်းကာ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ လူငယ်များအတွက် အတန်းပညာနှင့်အတူ အသက်မွေးအတတ်ပညာတို့ကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း နိုင်ငံအနှံ့ဖွင့်လှစ်ပေးလျက်ရှိသည်။ နိုင်ငံ၏အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် ကျွမ်းကျင်လူငယ်လုပ်သားလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေခြင်းလည်းဖြစ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင်ပါဝင်သည့် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"အတွက် နိုင်ငံ၏ ပညာရေးကဏ္ဍတိုးတက်စေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံသားများ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပေသည်၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့" ဆိုသည့်အတိုင်း နိုင်ငံတစ်ဝန်းပညာရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ကြမည်ဖြစ်သည်။ အတတ်ပညာသည် အတန်းပညာကိုအခြေခံသဖြင့် အတန်းပညာများမြင့်မားစေရေး မဖြစ်မနေအားပေးဆောင်ရွက်ပေးသွားကြရန် လိုအပ်ပေသည်။ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ တိုးတက်စေရေး အလေးထား ဝိုင်းဝန်းဆောင်ရွက်သွားကြမည်ဖြစ်သည်။ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေးအတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနအပြင် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများကလည်း ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံအရွယ်အစားကြီးမားသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ထိုနိုင်ငံကြွယ်ဝချမ်းသာစေရန် အဓိကသော့ချက်သည် အသိဉာဏ်ပညာနှင့် အတတ်ပညာကျွမ်းကျင်ပြည့်စုံသော လူသားအရင်းအမြစ်ပေါများကြွယ်ဝခြင်းဖြစ်သည်။ နိုင်ငံတိုင်းနိုင်ငံတိုင်းသည် နိုင်ငံသားများ စာတတ်အောင်၊ ပညာတတ်အောင် ကြိုးစားအားထုတ်နေကြသည်။ ပညာရည်မြင့်မားသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာကြပြီး ပညာရည်နိမ့်ကျသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာခေတ်တွင် နိုင်ငံတစ်ခု၏အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကောင်းဆုံးသည် ပညာရေးဖြစ်သောကြောင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အင်းလေးဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီအပူဇော်ခံကြွရောက်ခြင်း အခမ်းအနားကျင်းပမည်



**ညောင်ရွှေ ဩဂုတ် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်ရှိ အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီအပူဇော်ခံကြွရောက်ခြင်း အခမ်းအနားကို အောက်တိုဘာလတွင် ကျင်းပသွားမည် ဖြစ်ကြောင်း အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းရီထံမှ သိရသည်။

အင်းလေး ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များကို ရှမ်းပြည်နယ် ညောင်ရွှေဒေသနေပြည်သူများ ကုသိုလ်တရားတိုးပွားစေရန် ရည်သန်၍ ဒေသစာရီ အပူဇော်ခံကြွရောက်တော်မူခြင်း ဖြစ်ပြီး ဖောင်တော်ဦး ကျောင်းတော်တွင် ဒေသစာရီ အပူဇော်ခံကြွချီခြင်း မင်္ဂလာအခမ်းအနား ဖွင့်လှစ်ပြီးနောက် အင်းတိန်ကြေး ပေါခံကျောင်းသို့ကြွရောက်၍ ညကျိန်းအနေဖြင့် အပူဇော်ခံတော်မူမည်ဖြစ်ကာ အစဉ်အလာအတိုင်း ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံမည်ဟု သိရသည်။

"အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ဒေသစာရီ ကြွချီအပူဇော်ခံပွဲကို တိုင်းရင်းသားရိုးရာအစဉ်အလာအတိုင်း ကျင်းပမှာဖြစ်ပြီးတော့ အင်းသားရိုးရာလှေပြိုင်ပွဲကိုလဲ ထည့်သွင်းကျင်းပဖို့ စီစဉ်ထားပါတယ်။ ဒေသစာရီ လှည့်လည်ကြွချီအပူဇော်ခံမဲ့ အစီအစဉ်ကတော့ အောက်တိုဘာလထဲမှာ ကျင်းပသွားမယ်။ ရက်အတိအကျတော့ မသိရှိရသေးပါဘူး။ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်နေဆဲ ဖြစ်ပါတယ်"ဟု အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းထွန်းရီက ပြောပြသည်။

ASH

# ဝါနာဘရားသား၏ Cut Off ဇာတ်ကား၌ ခရစ္စသင်းဝစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၁၀**

ဝါနာဘရားသား ကုမ္ပဏီ၏ Cut Off ဟာသဇာတ်ကား၌ မင်းသမီး ခရစ္စသင်းဝစ်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

Cut Off ဇာတ်ကားတွင် ခရစ္စသင်းဝစ်သည် မင်းသား ဂျိုနာ ဟေးနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Cut Off ဇာတ်ကားကို မင်းသား ဂျိုနာဟေးက ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေးသား၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

Cut Off ဇာတ်ကားသည် မိဘများနှင့် အခွဲခံထားရသည့် ချမ်းသာကြွယ်ဝသော မောင်နှမနှစ်ဦးအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ယခုနှစ်ဆောင်းရာသီတွင် စတင်ရိုက်ကူး၍၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ကုမ္ပဏီက စီစဉ်ထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် Cut Off ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၄၉ သန်းထိ သုံးစွဲရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဩဂုတ် ၁၀**

သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲကို MRTV-4 ရုပ်သံလိုင်းမှ ဩဂုတ် ၁၈ ရက်မှစတင်ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ခိုင်သဇင်ငှဝါထံမှ သိရသည်။

အဆိုပါ သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဟေမာစန်းက ရေးဖွဲ့ထားပြီး ဟေမာစန်း၊ အေးချမ်းမွန်နှင့် အေးမြတ်ချိုတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကျော်မင်းသိမ်းက တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ငှဝါအတွက် ပထမဆုံး အဓိက ဇာတ်ဆောင်အနေနဲ့ ရိုက်ခွင့်ရတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။




ဒီဇာတ်လမ်းမှာတော့ ငှဝါက ချစ်သူကို ဂရုစိုက်တတ်တဲ့ သာမန်ချစ်သူ မိန်းကလေးတစ်ယောက် အနေနဲ့ သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် ခိုင်သဇင်ငှဝါက ပြောပြသည်။

သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ပိုင်၊ မိုးသူရ၊ ညီနန္ဒ၊ မင်းသူ၊ Lucas၊ ငြိမ်းချမ်းကောင်းမြတ်၊ သက်ဦးကို၊ ကျော်မိုးပိုင်၊ ထူးပြည့်အောင်၊ ခိုင်သဇင်ငှဝါ၊ နေနီနွေးထွေး၊ ဆုလာဘ်၊ ဇွန်လေးဖြူနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဩဂုတ် ၁၈ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညစဉ် ည ၇ နာရီ အချိန်တိုင်း MRTV-4 ရုပ်သံလိုင်းမှထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# One Night Only ဟာသဇာတ်ကား၌ မိုနီကာ ဘာဘာရိုနှင့် ကယ်လစ်တန်နာတို့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၁၀**

ယူနီဗာဆယ်ကုမ္ပဏီ၏ One Night Only အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး မိုနီကာဘာဘာရိုနှင့် မင်းသား ကယ်လစ်တန်နာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် One Night Only ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ ဝီဂလပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ထရာဗစ်ဘရွန်းက ရေးသားပေးထားသည်။

ဒါရိုက်တာ ဝီဂလပ်သည် Any-one But You ဇာတ်ကားကို ရိုက်ကူးမည့်သူဖြစ်သည်။

Anyone But You (2023) ဇာတ်ကားသည် မင်းသမီး ဆန်ဒရီဆွင်နီနှင့် မင်းသား ဂလန့်ပိုဝဲတို့ ပါဝင်သရုပ်ဆောင်ထားကာ အချစ်ဟာသ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ယူနီဗာဆယ်ကုမ္ပဏီသည် One Night Only ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဩဂုတ် ၇ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဇီးကုန်း ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နွားတဲကုန်းကျေးရွာအုပ်စု ထန်းရှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေဖြင့် ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းရှစ်ပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဦးစီးအရာရှိက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁၆ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအတိုးရရှိငွေကျပ် ၁၄ ဒသမ ၇၅ သန်းအသုံးပြုပြီး ဇီးကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန် ၂၀ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ချိုလေး

# Kyunhla Township cultivates over 7,000 acres of rainfed paddy


A monsoon paddy plantation.

**Kyunhla August 10**

More than 7,000 acres of paddy have been planted during this year rain crops planting season, according to the Department of Agriculture for Kyunhla Township.

During the 2025-2026 rain crops planting season, 34,097 acres of paddy have been planned to be planted in Kyunhla Township. The planting of paddy has started in July this year, and 7,582 acres have been planted so far.

"We are working to ensure that the target acres are met. We are providing the necessary technology and varieties for paddy planting. We are conducting field visits to help farmers plant paddy on time," said Daw Myint Myint Yee, head of the Department of Agriculture for Kyunhla Township.

During the rainy season, the relevant township agriculture department and local farmers are working together to ensure that paddy planting is carried out without any difficulties.

In Kyunhla Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested rice under shelter. 206

# Yinmabin District exceeds cultivation of pigeon pea this year

**Yinmabin August 10**

According to statistics of Yinmabin District Agriculture Department, local farmers extended cultivation of pigeon pea exceeding the target in monsoon this year in Yinmabin District of Sagaing Region.

During the 2025-2026 monsoon crop season, it is planned to cultivate 88,500 acres of pigeon pea in Yinmabin District. Cultivation began in May this year, and as of today, a total of 91,693 acres have already been planted.

"The target for pigeon pea cultivation in Yinmabin District this monsoon season is over 88,000 acres. So far, more than 90,000 acres have been planted. This means cultivation has exceeded the initial target. Efforts are also being made to ensure high yields. Pigeon pea is being cultivated both as a sole crop and as an intercrop," said Daw Myat Moe Win, head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 22,182 acres, Kani Township, 31,221 acres, Salingyi Township, 15,390 acres, and Pale Township 22,900 acres, totalling 91,693 acres.

Local authorities earmarked cultivation of 20,300 acre of pigeon pea in Yinmabin, 15,390 acres in Kani Township, 30,800 acres in Salingyi Township, and 22,010 acres in Pale Township, totalling 88,500 acres.


A pigeon pea plantation.

This year, respective township-level agriculture departments are providing pigeon pea farmers with training on selecting quality seeds, adopting proper cultivation techniques, ensuring pest-free farming, and achieving higher yields.

Additionally, to reduce the cost of foliar fertilizers for pigeon pea farmers, the relevant township agriculture departments in Yinmabin District are distributing techniques for making natural fertilizers and pesticides. It is reported that this combined usage method reduces cultivation costs, protects the plants from pests, and promotes healthy plant growth.

206

# More than 1,400 acres of groundnut planted in Monywa Township this monsoon season

**Monywa August 10**

Statistics of Monywa Township Agriculture Department stated that local farmers planted a total of 1,423 acres of groundnut in the township this monsoon.

For the 2025–2026 monsoon crop season, it is reported that a total of 1,410 acres of groundnut cultivation was planned in Monywa Township. Starting from June this year, cultivation began, and as of today, 1,413 acres have already been cultivated.

"The plan for this year's monsoon crop season in Monywa Township included 1,410 acres of groundnut cultivation. As of today, 1,413 acres have been completed. This shows that we were able to cultivate more than the targeted acreage. As an oil crop, groundnut cultivation is progressing successfully. Year by year, groundnut farming has shown improvement," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

In Monywa Township, about 1.5 baskets of seeds are used per acre for groundnut cultivation. The total cost per acre including seed costs, labor, fertilizer, and pesticides—exceeds K200,000. Yields of over 50 baskets per acre can be achieved.

Agricultural staff of Monywa Township Agriculture Department make field trips to the groundnut plantations to take agricultural records on thriving of plantations, prevention of pests and weeding process. 206

# Iraqi PM sacks paramilitary commanders over gov't office attack

**Baghdad August 10**

Iraqi Prime Minister Mohammed Shia' al-Sudani on Saturday dismissed the commanders of two Popular Mobilization Forces (PMF) brigades and referred individuals involved in a July 27 attack on a Baghdad government office to the judiciary.

A committee investigating the attack found armed elements from the Kataib Hezbollah, affiliated with the PMF's 45th and 46th Brigades, responsible, said a statement by Sabah al-Numan, spokesperson for the commander-in-chief of the Iraqi forces, a position held also by al-Sudani.

The elements acted "without orders or authorizations" and used weapons against security personnel, causing casualties among security forces and civilians, said the statement.

The investigation also implicated the government office's former director, previously dismissed for "administrative corruption, impersonation, forgery of official documents and certificates, and participation in the falsification of contracts," in coordinating with the attackers, said the statement. Xinhua

# Arab, Islamic blocs slam Israel's plan to impose full military control over Gaza

**Cairo August 10**

The ministerial committee mandated by the Joint Arab-Islamic Extraordinary Summit on Gaza, along with 23 countries, the Arab League and the Organization of Islamic Cooperation, on Saturday jointly voiced "strong condemnation and categorical rejection" of Israel's intention to impose full military control over Gaza.

The joint statement, released by the foreign ministries of the countries, including Egypt, Palestine, Qatar, Jordan, Saudi Arabia, Kuwait, the United Arab Emirates, Bahrain, Oman, Yemen, Sudan, Libya, Mauritania, Indonesia, Malaysia, Pakistan, Nigeria, Bangladesh, Chad, Djibouti, Somalia, Türkiye, and Gambia, described the Israeli intention as "a dangerous and unacceptable escalation, a flagrant violation of international law, and an attempt to entrench the illegal occupation and impose a fait accompli on the ground by force, in contravention of international legitimacy."

The statement warned that the declared Israeli course of action "constitutes a continuation of its grave violations, including killing and starvation, attempts at forced displacement and annexation of Palestinian land, and settler terrorism, which are crimes that may amount to crimes against humanity."

Xinhua


Children walk on rubbles after an Israeli airstrike in the Al-Rimal area, west of Gaza City, on Aug. 8, 2025.

# Kalay Township grow more than 1,000 acres of green gram during this monsoon


A green gram plantation.

**Kalay August 10**

Local farmers grew more than 1,000 acres of green gram in Kalay Township of Sagaing Region this monsoon, according to Kalay Township Agriculture Department.

For the 2025–2026 monsoon crop season, a total of 2,222 acres of green gram cultivation is planned in Kalay Township. Planting began in May this year, and as of today, 1,508 acres have already been cultivated.

"This year, for the monsoon crop season in Kalay Township, over 2,000 acres of green gram are planned for cultivation. So far, more than 1,000 acres have already been planted. We are working to meet the target acreage. In addition, we're providing awareness and education to expand cultivation and to encourage the use of quality and pure seeds for better yields," said Daw Marn Ewh, Head of the Kalay Township Agriculture Department.

It is reported that, this year, the Kalay Township Agriculture Department has been educating green gram farmers on using high-quality, locally suitable seed varieties, ensuring seed purity, following proper cultivation methods, preventing pest outbreaks, systematic use of fertilizers, and improving yield.

During this year's monsoon crop season, various pulses are being cultivated. To achieve good yields and maintain quality, township agriculture departments are collaborating with farmers by supplying quality seeds, agricultural inputs, and post-harvest techniques.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Indaw Township cultivates over 8,000 acres of rainfed paddy

**Indaw August 10**

More than 8,000 acres of paddy have been planted in this year rain crops planting season in Indaw Township, Katha District, Sagaing Region, according to the statistics from the Department of Agriculture for Indaw Township.

Indaw Township has planned to plant 55,980 acres of paddy in the rainy season for the 2025-2026 rain crops planting season. The planting of paddy has started in June this year, and so far, 8,162 acres have been planted.

"We are working to ensure that the target acres are met. We will provide the necessary technology and varieties for paddy planting. We are conducting field visits to help farmers plant paddy on time," said U Thein Khaing, head of the Department of Agriculture for Indaw Township.

This year, the relevant Township Agriculture Department and local farmers are working together to ensure that paddy planting is carried out without any difficulties and is carried out systematically.

In Indaw Township, farmers are being provided with agricultural technology, pest control, crop damage prevention, and timely delivery of harvested rice under shelter.

206


A monsoon paddy plantation.

# Homalin Township cultivates more than 1,000 acres of vegetables in monsoon

**Homalin August 10**

Statistics of Homalin District Agriculture Department of Sagaing Region stated that local farmers finished cultivation of 1,083 acres of vegetables in Homalin District of Sagaing Region this year.

For the 2025–2026 monsoon crop season, a total of 1,260 acres of vegetables are planned for cultivation in Homalin District. Planting began in May this year, and as of today, 812 acres have been cultivated in Homalin Township and 271 acres in Mobailuk Township, totaling 1,083 acres.

"This year, we planned to cultivate 1,260 acres of vegetables in Homalin District for the monsoon crop season. So far, 1,083 acres have been completed. We are working to meet the target acreage. The crops include roselle, chilli, coriander, cauliflower, Chinese cabbage, potato, cabbage, eggplant, and ridge gourd. We are providing technical support to farmers so that all vegetables are grown using the GAP (Good Agricultural Practices) system. We're also training them to minimize chemical residue and cultivate in a way that ensures the produce is health-friendly," said Daw Su Su Htwe, Head of the Homalin District Agriculture Department.

According to crop plans for the 2025-2026 monsoon season, 1,110 acres are allocated for Homalin Township and 150 acres for Mobailuk Township, totalling 1,260 acres.

It is also reported that the township agriculture departments are conducting training sessions to promote GAP-based vegetable farming, providing technical support to ensure the harvested produce meets health standards, and encouraging farmers to expand their cultivation.

In Homalin District, seasonal vegetables are grown every year. These crops have proven successful, providing income for farming families. Agriculture departments are also raising awareness among vegetable growers on correct farming practices, pest control, and the use of natural fertilizers, botanical pesticides, and repellents.

206

# Farmers plant more than 1,000 acres of vegetables in Htigyaing Township this year

**Htigyaing August 10**

Based on data of Agriculture Department in Htigyaing Township of Sagaing Region, local farmers planted more than 1,000 acres of vegetables in the township this year.

During the 2025-2026 monsoon crop season, it is planned to cultivate 1,256 acres of vegetables in Htigyaing Township. Cultivation began in May this year, and as of today, 1,050 acres have already been planted.

"This monsoon season, more than 1,200 acres of vegetables are planned for cultivation in Htigyaing Township. So far, over 1,000 acres have already been planted. Efforts are ongoing to ensure the full target acreage is met. The vegetable crops being grown include mustard, chilli, herbs, potatoes, cauliflower, cabbage, guard, eggplant, Chinese cabbage, and ridge gourd. Farmers are being provided with the technical knowledge to cultivate all these vegetables using the GAP (Good Agricultural Practices) system. They are also being trained to grow these vegetables in a way that uses minimal chemical residues and aligns with health standards," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

This year, the township agriculture department is providing technical training to vegetable farmers in Htigyaing to promote GAP-based cultivation. They are also helping ensure that the vegetables harvested meet health and safety standards. Support is being extended to encourage farmers to expand their vegetable cultivation.

In Htigyaing Township, a variety of vegetables are cultivated each year according to the season. These crops have proven to be successful and profitable, contributing to family income. The township agriculture department continues to educate farmers on proper cultivation techniques, pest prevention, the use of natural fertilizers, and the preparation and application of organic pesticides and repellents.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## စလိုဗက်ကီးယား DefTech ကုမ္ပဏီက တန်ပြန်ဒရုန်းတိုက်ဖျက်ရေးယာဉ် Wolf 25 AD ကို ထုတ်ဖော်ပြသ



စလိုဗက်ကီးယားနိုင်ငံ DefTech ကုမ္ပဏီသည် လေကြောင်းရန်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်နိုင်ရန်အတွက် တည်ဆောက်ထားသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးယာဉ် Wolf 25 AD ကို ထုတ်ဖော်ပြသလိုက်ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Wolf 25 AD ယာဉ်သည် သံချပ်ကာအကာအကွယ်ပါသော လေးဘီးတပ်ယာဉ်ကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားပြီး 450-horsepower အင်ဂျင်ကို အသုံးပြုထားသည်။ ၎င်းတွင် ယာဉ်မောင်း၊ အဖွဲ့ခေါင်းဆောင်၊ စက်မှုကျွမ်းကျင်ပညာရှင်နှင့် သေနတ်သမားတို့ပါဝင်သော တပ်ဖွဲ့ဝင် လေးဦးကို သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ယာဉ်၏အများဆုံးမောင်းနှင်နိုင်သည့် အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (၆၂ မိုင်)ထိရောက်ရှိနိုင်ပြီး ဆီတစ်ခါဖြည့်ရုံဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၇၀၀ (၄၃၅ မိုင်) ထိ မောင်းနှင်နိုင်စွမ်းရှိသည်။

ဒီဇိုင်းပိုင်းတွင် ရွေ့လျားစစ်ကစားနိုင်စွမ်းကို အဓိကထားပြီး တီထွင်ထုတ်လုပ်ထားပြီး မောင်းနှင်ရာတွင် အဆင်ပြေစေရန် အဆင့်မြင့်ဆိုင်းထိန်းစနစ်နှင့် ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အနေအထားများအတွက် အလိုအလျောက် ဂီယာစနစ်ကို တပ်ဆင်ပေးထားသည်။ ယာဉ်၏ အဓိကလက်နက်မှာ ၂၅ မမ လေယာဉ်ပစ်အမြောက် တပ်ဆင်အသုံးပြုထားခြင်းဖြစ်သည်။ အနိမ့်ပျံဒရုန်းများကို ပစ်ခတ်တိုက်ခိုက်ရန်အတွက် proximity-fused အသုံးပြုထားသည့် ကျည်ဆန်များမှသည် မြေပြင်ပစ်မှတ်များကို ထိုးဖောက်တိုက်ခိုက်နိုင်သော ကျည်ဆန်အမျိုးအစားများထိ မတူညီသည့်ကျည်မျိုးစုံကို ထည့်သွင်းပစ်ခတ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် Wolf 25 AD ယာဉ်သည် စမ်းသပ်မှုများ အောင်မြင်စွာပြီးဆုံးပြီး စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ ၎င်းယာဉ်ကို မောင်းသူမဲ့လေယာဉ် ခြိမ်းခြောက်မှုများ ကြီးထွားလာခြင်းအပေါ် တိုက်ရိုက်တုံ့ပြန်နိုင်ရန်အတွက် တီထွင်ထုတ်လုပ်၊ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဒရုန်းများ လျင်မြန်စွာ တိုးတက်ပြောင်းလဲလာနေခြင်းကြောင့် သမားရိုးကျလေကြောင်းရန် ကာကွယ်ရေးစနစ်များသည် ထိရောက်မှုမရှိတော့သည့်အခြေအနေ ဆိုက်ရောက်လာခဲ့သည်။ Wolf 25 AD တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးယာဉ်သည် ကျစ်လျစ်ပေ့ါပါးစွာ ဖွဲ့စည်းတည်ဆောက်ထားပြီး ပစ်အားနှင့်စစ်ကစားနိုင်မှုကိုပေါင်းစပ်၍ ဒရုန်းရန်တိုက်ဖျက်ရေးကို ရေးရှူထားခြင်းဖြစ်သည်။

"ဒါကြောင့် Wolf 25 AD လိုမျိုး သမားရိုးကျ လေကြောင်းရန်ကာကွယ်ရေးစနစ်တွေရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မဲ့ (Gap-Filler Air Defence) စနစ်တွေဟာ အလွန်အရေးကြီးပါတယ်။ ခေတ်မီ လက်နက်ကိုင်တပ်ဖွဲ့တွေမှာ ရွေ့လျားနိုင်တဲ့၊ ချဲ့ထွင်နိုင်တဲ့ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးဟာ ရွေးချယ်အသုံးပြုနိုင်တဲ့ အပိုပစ္စည်းတွေမဟုတ်တော့ဘဲ မူလပင်ကိုပါရှိလာရမဲ့ စွမ်းရည်တစ်ခုဖြစ်လာပါပြီ"ဟု DefTech ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**Slovakian Firm Reveals Fresh Look at 'Wolf' Drone Hunter Vehicle ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း Fulltime Robotics ကုမ္ပဏီက အပေ့ါစားဒရုန်းတိုက်ဖျက်ရေးလေဆာလက်နက်ကို မိတ်ဆက်ပြသ

ယူကရိန်း Fulltime Robotics ကုမ္ပဏီသည် FPV ဒရုန်းငယ်များကို တိုက်ခိုက်ချေမှုန်းရန် အထူးထုတ်လုပ်ထားသည့် SlimBeam ဟု အမည်ပေးထားသော အပေ့ါစားဒရုန်းတိုက်ဖျက်ရေးလေဆာလက်နက်ကို မိတ်ဆက်ပြသခဲ့သည်ဟု Defence Blog သတင်းဌာနက ဩဂုတ် ၆ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

IRON DEMO 2025 ပြပွဲအတွင်း ပြသခဲ့သည့် အဆိုပါစနစ်၏ကျစ်လျစ်ပေ့ါပါးသည့် အရွယ်အစားနှင့် တိုက်ရိုက်စွမ်းအင်သုံး လေဆာရောင်ခြည်ဖြင့် ပစ်လွှတ်တိုက်ခိုက်နိုင်သည့်စွမ်းရည်များကြောင့် ပြပွဲလာသူများထံမှ အာရုံစိုက်မှုကိုရရှိခဲ့သည်။

Oboronka သတင်းဌာန၏ သီးသန့်ဖော်ပြချက်အရ Slim Beam လေဆာလက်နက်သည် စွမ်းအင် 1.5 ကီလိုဝပ်ထိ ထုတ်လွှတ်နိုင်ပြီး လေကြောင်းခြိမ်းခြောက်မှုများကို တစ်ကီလိုမီတာအကွာအဝေးထိ ပစ်မှတ်ထား တိုက်ခိုက်နိုင်သည်။ ထို့ပြင် စနစ်တွင် ဒုတိယမြောက်လုပ်ဆောင်ချက်အဖြစ် မျက်မြင်အာရုံခံစနစ်ဖြင့် အနှောင့်အယှက်ပေးသည့်စနစ်ပါရှိပြီး နှစ်ကီလိုမီတာ အကွာအဝေးအတွင်း ဒရုန်းများ၏အာရုံခံကိရိယာများ သို့မဟုတ် စောင့်ကြည့်ရေးကင်မရာများကို နှောင့်ယှက်ဟန့်တားနိုင်မည်ဖြစ်သည်။

ကုမ္ပဏီ၏ အဆိုအရ ၅၀ ကီလိုဂရမ်အောက်သာအလေးချိန်ရှိသော ဤလေဆာစနစ်သည် တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်များထဲတွင် အပေ့ါပါးဆုံးစနစ်တစ်ခုဖြစ်သည်။ ၎င်းကို အခြေစိုက်ကာကွယ်ရေးနေရာများနှင့် မောင်းသူမဲ့မြေပြင်သွားယာဉ်နှစ်ခုစလုံးတွင် တပ်ဆင်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသောကြောင့် ရှေ့တန်းစစ်မြေပြင်များနှင့် ကာကွယ်ရေးနယ်ပယ်များတွင် အသုံးဝင်စေရန် ပိုမိုလွယ်ကူစေမည်ဖြစ်သည်။

"ကျွန်တော်တို့ပစ်မှတ်ကို ခြေရာခံနိုင်ဖို့ကြိုးစားနေပါတယ်။ အခုအချိန်မှာတော့ ရွေ့လျားနေတဲ့ ဒရုန်းတွေကို အချိန်ကြာကြာ လေဆာနဲ့ထိန်းချုပ်ထားနိုင်ဖို့ ခက်ခဲနေပါသေးတယ်။ ဖျက်ဆီးဖို့အတွက် ပစ်မှတ်တစ်ခုပေါ်ကို ၅ စက္ကန့်ကနေ ၁၅ စက္ကန့်ထိ အလင်းတန်းကို ဆက်တိုက်ထိန်းထားဖို့လိုအပ်ပါတယ်။ အဲဒီတိကျမှုအဆင့်ကိုရရှိဖို့ကတော့ အခုထိ ကြိုးစားနေတုန်းပါပဲ"ဟု Fulltime Robotics ကုမ္ပဏီမှ အပေ့ါစားဒရုန်းတိုက်ဖျက်ရေးလေဆာစနစ်ကိုတီထွင်သူ Ihor က ပြောကြားခဲ့သည်။

လက်ရှိတွင်အဆိုပါလေဆာလက်နက်ကိုရွေ့လျားမှုမရှိသော ပုံသေပစ်မှတ်များပေါ်တွင် အဓိကထား၍ စမ်းသပ်နေဆဲဖြစ်ပြီး လေဆာအလင်းတန်းကို လူကိုယ်တိုင် ထိန်းချုပ်နေရဆဲဖြစ်သည်။ အလိုအလျောက် ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် သီးခြားယူနစ်ကို တီထွင်နေဆဲဖြစ်ပြီး လက်ရှိတွင် အသုံးပြုနိုင်ခြင်းမရှိသေးပေ။ Ihor က ၎င်းတို့အဖွဲ့သည် ပိုမိုစိတ်ချရသော အလိုအလျောက် တိုက်ခိုက်နိုင်စွမ်းကိုရရှိရန်အတွက် ယခုလက်ရှိလက်နက်စနစ် အစိတ်အပိုင်းများကို အဆက်မပြတ် မြှင့်တင်နေကြောင်း သိရသည်။



စီမံကိန်း၏ အဓိကရည်မှန်းချက်သည် သယ်ဆောင်ရလွယ်ကူသော အပေ့ါစားဒရုန်းတိုက်ဖျက်ရေး လေဆာလက်နက်ကို တီထွင်ရန်ဖြစ်သည်။ Fulltime Robotics ကုမ္ပဏီသည် သေနတ်ပုံစံဖွဲ့စည်းထားသည့်စနစ် တစ်ခုကိုတီထွင်ရန်ရည်မှန်းထားပြီး ၎င်းစနစ်ဖြင့် ခြေလျင်စစ်သည်များက အနိမ့်ပျံဒရုန်းများကို အနီးကပ် ပစ်မှတ်ထားချေမှုန်းနိုင်မည်ဖြစ်ကာ ၎င်းတို့၏တပ်၊ စခန်းနေရာများကို လေကြောင်းခြိမ်းခြောက်မှုမှ ကာကွယ်နိုင်မည့် အပေ့ါစားလက်နက်တစ်မျိုး ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

စစ်ဘက်အသုံးချမှုများအပြင် ကုမ္ပဏီအနေဖြင့် ဤနည်းပညာ၏ အရပ်ဘက်သုံး အသုံးဝင်ပုံများကိုလည်း သရုပ်ပြသခဲ့သည်။ IRON DEMO 2025 ပြပွဲအတွင်း ကုမ္ပဏီမှအင်ဂျင်နီယာများသည် Slim-Beam လေဆာလက်နက်ကို အသုံးပြု၍ ဓာတ်အားလိုင်းများ၊ အဆောက်အအုံများ၏ အပြင်ဘက်နှင့် သစ်ကိုင်းများကဲ့သို့ ရောက်ရှိရန် ခက်ခဲသောနေရာများရှိ အတားအဆီးငယ်များကို ဖယ်ရှားခြင်းကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

**Ukrainian startup develops light-weight drone-killer laser ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျွန်းလှ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ၁၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ပဲစင်းငုံ ၁၁၅၄၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း၊ ပဲစင်းငုံစိုက် တောင်သူများကို ရွက်ဖျန်းမြေဩဇာဝယ်ယူမှု သက်သာလျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချမှုကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းလာသည့်အတွက်ကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ငါးရှဉ့်တွေ တင်ပို့ရောင်းချအားကောင်းနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်မှာလဲ ငါးရှဉ့်တွေ ဝယ်ယူမှုများနေပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်။ သဘာဝအတိုင်း ဖမ်းယူရရှိတဲ့ ငါးရှဉ့်တွေကို အသေအပျောက်မရှိစေဖို့ စနစ်တကျသန့်စင်ပြီး တင်ပို့ရတာပါ။ ဒီကနေတင်ပို့တဲ့ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင်ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်ကို သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆတ်ပုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၄၂ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၈ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၀ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၄၆ ဒသမ ၉၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း ဆောင်ရွက်နေမှု စစ်ဆေး



**ငဖဲ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်၊ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် တာဝန်ခံ အင်ဂျင်နီယာများက ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်က သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ လမ်းအရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၅၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရဲထွဋ်လှိုင် ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် ဇွန် ၂၁ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စပျစ်အပါအဝင် တောင်သူများစိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုခွင့် လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုရှိ စပျစ်စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆန်စပါးနှင့် အဓိကရိက္ခာသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန် လယ်ယာမြေများအသုံးပြုခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စပျစ်အပါအဝင် တောင်သူများ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဝင်ငွေရသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုခွင့် လုပ်ပိုင်ခွင့်များ ချထားပေးလျက်ရှိကြောင်း၊ စပျစ်သီးနှံစိုက်ပျိုးရာတွင်လည်း စားစပျစ်စိုက်ပျိုးခြင်းအပြင် ဝိုင်ထုတ်လုပ်သည့် ဝိုင်စပျစ်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ စပျစ်တောင်သူများ ဈေးကွက်ရရှိရေးကိုလည်း ဝိုင်လုပ်ငန်းရှင်များ ပေါင်းစပ်ပေးပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် Contract farming စနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း။


ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများရော လုပ်ငန်းရှင်များပါ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွင်း စီးပွားရေး တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စပျစ်စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်နိုင်မှုစွမ်းအားရှိသည့် တောင်သူကြီးများအနေဖြင့် စွန့်ဦးလုပ်ကိုင်ကြစေလိုကြောင်း၊ အခြားတစ်ဖက်တွင်လည်း ရမည်းသင်းဒေသ၏ ဝါသီးနှံစိုက်ပျိုးရန် နှစ်အလိုက်လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် တစ်ဧက သတ်မှတ်ဝါဂွမ်း အထွက်ပိဿာရရှိရေးကို ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများ၊ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ်ရှိ လဲဖြူရေထိန်းတမံသို့ရောက်ရှိပြီး ရာဂိမုန်တိုင်း အရှိန်ကြောင့် တမံအတွင်း သဲနုန်းများဖုံးလွှမ်းမှုအား တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ပြုပြင်ရေး ဆောင်ရွက်နိုင်ရန်နှင့် လက်ရှိတမံအား ပြုပြင်ခြင်းထက် အခြားသင့်လျော်သော နေရာသစ်တွင် ဆောင်ရွက်ခြင်းက ကုန်ကျစရိတ်သက်သာနိုင်ခြင်း ရှိ၊ မရှိသုံးသပ်၍ နေရာသစ်ရှာဖွေရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ ကျိုးနီကန်၏ ရေဝင်ရောက်မှုနှင့် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ အနီးစခန်းပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံ ပင်မဓာတ်အားခွဲရုံများ ဒုတိယဝန်ကြီးဦးအေးကျော် ကြည့်ရှုစစ်ဆေး





နေပြည်တော် ဩဂုတ် ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ၊ ၁၃၂ ကေဗွီ အနီးစခန်း ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၃၃ ကေဗွီ ကျွန်းတပင်ဓာတ်အားခွဲရုံ Control Room ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများပေးအပ်ကာ ခွဲရုံဝင်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၁၃၂ ကေဗွီ အနီးစခန်း ပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ရတနာပုံပင်မဓာတ်အားခွဲရုံတို့၏ ဓာတ်အားပို့လွှတ်ပေးနေမှုနှင့် Control Room အတွင်း ဓာတ်အားထိန်းချုပ်ပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တမံရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်မှု၊ တမံ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ စက်အရန်ပစ္စည်းများ ဖြည့်ဆည်းထားရှိရေးမှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ဓာတ်အားပေးစက်ရုံ Switch Yard၊ ဓာတ်အားပေးစက်ရုံ Control Room နှင့် တမံတာပေါင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကေဗွီ ၂၃၀ ရွှေစာရံပင်မဓာတ်အားခွဲရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ Control Room အတွင်း ဓာတ်အားထိန်းချုပ်ပို့လွှတ်နေမှုနှင့် Switch Yard အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)ဖြင့် ဆောင်ရွက်သည့် ကံဆိပ်ကျေးရွာ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်း၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စီမံကိန်းဖြင့် မီးလင်းရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်း Video ကိုပြသပြီး ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်းမှာ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူ့ ထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်းထည့်ဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရ-ပြည်သူ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်တစ်ခုလည်းဖြစ်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် သုံးခုမြောက် အသေးစား ဓာတ်အားစနစ်စီမံကိန်းလည်း ဖြစ်ပါကြောင်း။

ကံဆိပ်ကျေးရွာ လျှပ်စစ်မီးရရှိရေး အတွက် ဆောင်ရွက်ပေးခဲ့သည့် ၉၉ ကီလိုဝပ် ဆိုလာအသေးစားဓာတ်အားပေးစနစ်မှာ ကီလိုဝပ် ၁၂၀ အရန်ဒီဇယ်အင်ဂျင်စနစ် ပါဝင်သည့်အပြင် လျှပ်စစ်မီးရရှိမှုနှင့်အတူ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် ရေမီတာတပ်ဆင်ထားသည့် အိမ်သွယ်ရေတိုင်စနစ် ရေပေးရေးလုပ်ငန်း ကိုပါ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကို အမေရိကန်



ဒေါ်လာ သုည ဒသမ ၇၈ သန်းကျော်ဖြင့် Sandisoar Renewable Energy Development International ကုမ္ပဏီလီမိတက်မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကံဆိပ်ကျေးရွာစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူဦးရေ ၇၅၀ ခန့်တို့ အကျိုးခံစားရမည်ဖြစ်ပြီး လျှပ်စစ်မီးရရှိမှု၊ ရေရှိမှုတို့မှတစ်ဆင့် အသေးစားကုန်ထုတ်လုပ်မှုနှင့် အသေးစား စီးပွားရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လာနိုင်မည် ဖြစ်သည့်အတွက် မိသားစုဝင်ငွေတိုးပွားပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်-မြန်မာ နှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ပြောကြားကြသည်။

ဆက်လက်၍ Sandisolar Renewable Energy Development International ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက စီမံကိန်း



ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များက စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားအပြီးအတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကံဆိပ်၊ နေရောင်ကာ၊ ဘုရားချောင်း၊ တညင်ကုန်း၊ ကုန်းတန်းကလေး၊ ခြောက်အိမ်စု စသည့်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တုံးတင်ကံ (တောင်)ကျေးရွာအုပ်စု သက္ကယ်ကွင်းကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ခေတ်မီအဆင့်မြင့် ဆန်စက်အပါအဝင် ပေါင်းဆန်စက်၊ ဖွဲနုဆီစက်များ တည်ဆောက်ပြီးစီးပါက ကုန်ကြမ်းရရှိရေး အရေးကြီးသောကြောင့် ဒေသတွင်းရှိ ဆန်စက်ပိုင်ရှင်များ၊ တောင်သူသမဝါယမအသင်းများနှင့် ချိတ်ဆက်ကာ သမဝါယမစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများထောက်ပံ့ပေးပြီး ထွက်ရှိလာသော စပါးကုန်ကြမ်းများကို ပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးရန် လိုကြောင်း၊ လယ်သမားမိသားစုပေါင်း ၄၃၀၀၀ ကျော်တို့အတွက် အာမခံပေါက်ဈေးကြောင့် ခိုင်မာသောဝင်ငွေ အခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ ပါဟတ်ရပ်ကွက် ဓမ္မာရုံလမ်းဘေးဝဲယာမှ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး၊ ဒေသခံပြည်သူ ၄၂ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်းနှင့် ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လူနာ ဦးရေ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် မီးသတ်တပ်ဖွဲ့များက နောင်ချိုမြို့ ပါဟတ်ရပ်ကွက် ဓမ္မာရုံလမ်းဘေးဝဲယာမှ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

တောင်ကြီး ဩဂုတ် ၁၀

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေပိုင်းက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် တောင်ကြီးတက္ကသိုလ်အသင်းနှင့် နည်းပညာတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး အဆိုပါ ဗိုလ်လုပွဲတွင် တောင်ကြီးတက္ကသိုလ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။




ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ နောက်တန်းအကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသည့် အားကစားသမားများကို ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်ဥပဒေချုပ်တို့ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် ပညာရေးဒီဂရီကောလိပ်အသင်းနှင့် ကွန်ပျူတာတက္ကသိုလ်အသင်းတို့ကို ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ တတိယဆုရရှိသည့် ဆေးတက္ကသိုလ် (တောင်ကြီး)အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ် သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိသည့် နည်းပညာတက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် တောင်ကြီးတက္ကသိုလ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် ဖူဆယ် လက်ရွေးစင်အသင်း လေ့ကျင့်နေမှုကို ကြည့်ရှု အားပေးစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ရှမ်းပြည်နယ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အသင်းများ တည်းခိုနေထိုင်ရန် စီစဉ်ထားသည့်အဆောင်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး နှစ်လုံးပေါက်စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ရှမ်းပြည်နယ် မျိုးဆက်သစ် ပြေးခုန်ပစ် အားကစားသမားများကို အားပေးစကား ပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၀

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေး ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကား ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရည်ညွှန်းဈေးနှုန်းကိုအပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ဩဂုတ်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၄။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၅။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

၆။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်နှင့် ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ရှေ့ဖုံးမှအဆက်

ဆက်လက်ပြီးတော့လည်း စိုက်နေပါတယ်။ ထွက်နှုန်းကောင်းပြီး လုပ်သားအင်အားနဲ့ ငွေကြေးကုန်ကျမှုကို လျှော့ချနိုင်တဲ့မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးနိုင်တာကို တောင်သူတွေ သိလာကြပါပြီ။ အထူးသဖြင့် ဌာနက အသိပညာပေးလုပ်ငန်းတွေမှာ စိုက်ပျိုးတောင်သူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အထွက်နှုန်းတိုးပြီး တောင်သူတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောပြသည်။

မိုးစပါးကို ဇူလိုင်လဆန်းမှ စက်တင်ဘာလကုန်ပိုင်းထိ စိုက်ပျိုးလေ့ရှိကာ သက်တမ်းတိုစပါးမျိုးများကို အောက်တိုဘာလကုန်ပိုင်းနှင့် သက်ကြီးစပါးများကို ဇန်နဝါရီလကုန်ပိုင်း၌ အပြီးသတ်ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

မိုးစပါးထက် နွေစပါးကို တောင်သူများ ပိုမိုအားထားသော်လည်း မိုးစပါးသည် ရာသီလိုက်စပါးဖြစ်ပြီး မိုးမပြတ်ရရှိမှုကြောင့် ထွက်နှုန်းသေချာသော စပါးအဖြစ် တောင်သူများ မဖြစ်မနေစိုက်ပျိုးခြင်းဖြစ်သည်။ ယခုနှစ် မိုးစပါးရာသီ၌ စိုက်ပျိုးရေးဦးစီးဌာန(ရေဆင်း)က ထုတ်လုပ်သည့် အောင်နိုင်တိုးမျိုးစပါးအသစ်ကို ဧက ၅၀၀၀ ထိ တောင်သူများ စိုက်ပျိုးလျက်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှအားဖြင့် တင်း ၈၀ ကျော်ထွက်ရှိသဖြင့် တောင်သူများ စိတ်ဝင်စားသော မျိုးစပါးအဖြစ် ယခုမိုးရာသီ၌ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း၌ ဝမ်းစာ စပါးဖူလုံမှုကို တိုင်းတာရာ၌ ၂၀၂၄ ခုနှစ်၌ ၁၀၂ ဒသမ ၈၃ ရာခိုင်နှုန်းဖြင့် ဆန်စပါးစားသုံးမှုကို ဖူလုံစေခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ထက် ပိုမိုတိုးမြှင့်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညီမ်းသူ(သတင်းစဉ်)**




☆ **ကျောဖုံးမှအဆက်**

စက်ဘီးစီးနှင်းကြမည့် လူငယ်၊ မောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က သေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးပြီး စက်ဘီးစီးအားကစားသမားများက မကွေးမြို့အတွင်း တိုင်းဒေသကြီး အားကစားကွင်းရှေ့မှ တောင်တွင်းလမ်း – ငါးလမ်းသွယ်အဝိုင်းမှ ဗိုလ်ချုပ်လမ်း – နတ်မောက်လမ်း ထိုမှတစ်ဆင့် မြို့ပတ်လမ်း – ပညာရေးဒီဂရီကောလိပ်အဝိုင်းမှ တောင်တွင်းလမ်း– အဝေရာလမ်းမှတစ်ဆင့် တိုင်းဒေသကြီး အားကစားကွင်းသို့ စုပေါင်းစက်ဘီးစီးနင်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြိုဆိုခဲ့ကြပြီး စက်ဘီးစီးအားကစားသမားများကိုဗလာမပါ ငွေသားကံစမ်းမဲနှင့် စက်ဘီးဆု သုံးဆုကို မဲဖောက်ပေးခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စုပေါင်း စက်ဘီးပါဝင်စီးနင်းခဲ့ကြသည့် စက်ဘီးစီးလူငယ်မောင်မယ်များကို ဗလာမပါငွေသားကံစမ်းမဲနှင့် စက်ဘီးဆု သုံးဆု အစီအစဉ်မှ စက်ဘီး၊ ပေါင်းအိုး၊ မီးပူ၊ ဒယ်နီ၊ ပန်ကာ၊ လျှပ်စစ်ရေနွေးအိုး၊ ထမင်းချိုင့်နှင့် ခေတ်ဘူး စသည်ဖြင့် ဆုမဲအသီးသီးရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် Micro မာရသွန်ပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်တွင် တိုင်းဒေသကြီး အားကစားကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ညီညာ**





❒ မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်နိုင်မှ


လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၁ ရက်မှ ၁၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၈-၂၀၂၅ ရက်နေ့မှ ၁၂-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၈-၂၀၂၅ ရက်နေ့မှ ၁၄-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၈-၂၀၂၅ ရက်နေ့မှ ၁၆-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ (၁၀-၈-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။


## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြေလျှိုးမိုးရေ

**ကျော်ဦး**



မိုးရေစီးဆင်းလာရာလမ်းကြောင်းတွင် တမံနိမ့်များဖြင့်ပိတ်၍ မြေအောက်သို့ စိမ့်ဝင်စေနိုင်သည်။

ရေသောက်တိုင်း စမ်းချောင်းကလေးကိုသတိရပါ

**တရုတ်စကားပုံ**

လူ့ကိုယ်ခန္ဓာပြင်ပအစိတ်အပိုင်းများ အနာတရဖြစ်လျှင် အလွယ်တကူသိကာ ဆေးဝါးကုသမှုခံယူပြီး ကျန်းမာရေး မယိုယွင်းအောင် ထိန်းသိမ်းနိုင်ကြသော်လည်း မမြင်နိုင်သောကိုယ်တွင်းအင်္ဂါများ ချို့ယွင်းလျှင် အများအားဖြင့်အချိန်ကြာမှ သိပြီး ကုသရခက်ခဲသည်တို့ကို မကြာခဏ ကြုံကြရသည်။ ထို့အတူလူတို့သောက်နေ သုံးစွဲနေသော ရေအရင်းအမြစ်များ အနက် မြစ်ချောင်းကန်တို့ထဲရှိ မြေပေါ်ရေများလျော့နည်းလာလျှင် ပြန်ဖြည့်ရန် အနေးနှင့်အမြန် အားထုတ်ကြသော်လည်း မြေအောက်ရေများ လျော့နည်းလာနေသည်ကိုမူ ကန်ရေခန်းခြောက်သကဲ့သို့ မမြင်သာသဖြင့် အရေးတယူ မရှိခဲ့သောကြောင့် ကမ္ဘာ့အချို့ဒေသများရှိ မြေအောက်ရေအရင်းအမြစ်သည် စိုးရိမ်ရသောအခြေအနေသို့ ရောက်နေပြီဖြစ်သည်။

**ခန်းခြောက်ရေကြောများ**

ဂြိုဟ်တုတိုင်းတာချက်များက ကမ္ဘာ့မြေအောက်ရေကြော အများအပြား ခန်းခြောက်လာလျက်ရှိကြောင်းဖော်ထုတ်ပေးခဲ့ရာ အိန္ဒိယတိုက်ငယ် အနောက်မြောက်ပိုင်း အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်ရာဒေသရှိ ရေကြောသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်ကြားတွင် တစ်နှစ်လျှင် ၄ ကုဗမိုင်ကျော် (ဂါလန်သန်းပေါင်း ၃၇၀၀၀၀၀) မျှ လျော့နည်းလာနေခဲ့ကြောင်း သိရသည်။ အလားတူ အာဖရိကတိုက် ဆာဟာရအနောက်မြောက်ဒေသ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအလယ်ပိုင်းချိုင့်ဝှမ်းနှင့်အနောက်ပိုင်း အိုဂါလာလာရေကြော၊ အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေးနိုင်ငံတို့၏အောက်ရှိ ဂွာရာနီရေကြော၊ အီရတ်၊ ဂျော်ဒန်၊ အိုမန်၊ ဆော်ဒီ၊ ကာတာ၊ ယူအေအီး၊ ယီမင်နိုင်ငံတို့အောက်ရှိ အာရေးဗီးယားရေကြော၊ တရုတ်နိုင်ငံမြောက်ပိုင်း ရေကြောတို့သည်လည်း လျော့နည်းလာနေသည်။ မြန်မာနိုင်ငံ၌ ရန်ကုန်အပါအဝင် ဒေသအချို့တွင် အဝီစိတွင်းများရေနည်းလာသည်ကို တွေ့နေရသည်။

**အရည်အသွေးပါထိခိုက်**

ထိုသို့ဖြစ်ရခြင်း၏အဓိကအကြောင်းရင်းမှာ လူတို့ထုတ်ယူသုံးစွဲမှုများလွန်းလာ၍ဖြစ်သည်။ ကမ္ဘာ့သောက်သုံးရေ၏ ထက်ဝက်နီးနီး စိုက်ပျိုးရေ၏ ၄၃ ရာခိုင်နှုန်းသည် မြေအောက်ရေများဖြစ်ကြရာ လူဦးရေများလာ၊ တစ်ဦးချင်း ရေသုံးမှုများလာသဖြင့် မြေအောက်ရေသုံးစွဲမှုသည် ၁၉၆၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်အကြား နှစ်ပေါင်း ၅၀ အတွင်း သုံးဆမျှ တိုးမြင့်လာခဲ့သည်။ အလွန်အကျွံထုတ်ယူမှုကြောင့် မြေအောက်ရေမျက်နှာပြင်နိမ့်ကျခြင်း၊ အဝီစိတွင်းများ ခန်းခြောက်ခြင်း၊ ဆားငန်ရည်တိုးဝင်လာခြင်းတို့ကို ကြုံတွေ့နေရသည်။ အထုတ်လွန်ခြင်းက မြေအောက်ရေပမာဏကိုသာ ထိခိုက်စေသည်မဟုတ် အချို့နေရာများတွင် အရည်အသွေးကိုပါ သက်ရောက်မှုရှိနေသည်။ လူ့ကျန်းမာရေးကို ထိခိုက်စေသည့်အာဆင်းနစ်ကဲ့သို့သောဓာတ်များသည် မြေလွှာအချို့တွင် သဘာဝအလျောက်ပါရှိသော်လည်း မြေအောက်ရေမျက်နှာပြင်အောက်၌ ရှိနေသမျှ ရေတွင်ပျော်ဝင်ခြင်းမရှိချေ။ ရေအထုတ်လွန်၍ မြေအောက်ရေပြင်နိမ့်ဆင်းသွားသောအခါ မြေလွှာထဲရှိအာဆင်းနစ်သည် မြေအောက်ရှိ အောက်ဆီဂျင်ဓာတ်နှင့် ထိတွေ့ဓာတ်ပြုကာ ရေတွင်ပျော်ဝင်သွားပြီး သောက်မိသူများကို အန္တရာယ်ပြုသည်။ မြေအောက်ရေပိုထုတ်လေ မြေလွှာများထဲမှအာဆင်းနစ်များ ရေတွင်ပျော်ဝင်အန္တရာယ်ပြုနိုင်သည့် အခွင့်အလမ်းပိုများလေဖြစ်သည်။ အလားတူ မြေအောက်ရေပိုထုတ်လေ ဆားငန်ရည်ပို၍တိုးဝင်လာလေဖြစ်သည်။ ရေဆုံးရှုံးမှုအလွန်အမင်းဖြစ်လာလျှင် မြေပြင်နိမ့်ကျကျွံဝင်မည်။

**ရန်ကုန်မြေပြင်နိမ့်ကျမှု**

ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်နှင့် မြန်မာနိုင်ငံမြေလျှင်ကော်မတီမှ ပညာရှင်များက ဂြိုဟ်တုနည်းပညာများကိုအခြေခံကာ စုပေါင်းပြုစုပြီး ၂၀၁၄ ခုနှစ်ကထုတ်ပြန်ခဲ့သော "ရန်ကုန်မြေလွှာရွေ့လျားမှုဆန်းစစ်ချက်" စာတမ်းတွင် "ဒဂုံတက္ကသိုလ်ဝင်းနှင့် အရှေ့ဒဂုံစက်မှုဇုန်ကြားရှိ မြေထုသည် တစ်နှစ်လျှင် နှစ်လက်မနှုန်းကျော်ကျော်ဖြင့်နိမ့်ဆင်းလျက်ရှိပြီး ထိုသို့နိမ့်ဆင်းမှု၏ အကြောင်းရင်းသည် မြေအောက်ရေ အလွန်အကျွံထုတ်ယူမှုကြောင့် ဖြစ်နိုင်ကြောင်း၊ ရန်ကုန်မြို့၏အခြားအပိုင်းများတွင်လည်း မြေအောက်ရေထုတ်ယူမှုကြောင့် ယင်းသို့ မြေပြင်နိမ့်ကျမှုများ ဖြစ်ပေါ်နေနိုင်သော်လည်း တိကျသောတိုင်းတာမှုများမရှိသဖြင့် အသေအချာပြောရန်ခက်ကြောင်း၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးလုပ်ဆောင်ရာတွင် ယင်းအချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း"စသဖြင့် ဖော်ပြသတိပေးထားသည်။

လူတို့သုံးစွဲခြင်းအပြင် ကမ္ဘာနှင့်ချီ၍ ပြောင်းလဲဖောက်ပြန်လာသော ရာသီဥတုကြောင့် မြေပေါ်ရေကောင်းရေသန့် အရင်းအမြစ်များ လျော့နည်းကာ ညစ်ညမ်းလာလျက်ရှိသဖြင့် မြေအောက်ရေကို ပိုသုံးလာနေကြခြင်းသည် မြေအောက်ရေနှင့်ပတ်သက်၍ အထူးသတိထားသုံးစွဲရန် လိုအပ်နေသည်။


**ပြန်ဖြည့်ပေးနိုင်**

မြေအောက်ရေ လျော့နည်းမှုသည် ဆေးမမီတော့ခြင်းမဟုတ်ဘဲ အချက်နှစ်ချက်ကြောင့် ကုစား၍ ရနိုင်သေးသည်။ ပထမအချက်မှာ မြေအောက်ရေထုထည်ပမာဏသည် အလွန်ကြီးမားလှခြင်းကြောင့် လူတို့အသုံးမချရသေးသောရေကြောများကို ရှာဖွေထုတ်ယူနိုင်သေးသည်။ ဒုတိယနှင့်ပိုအရေးကြီးသော အချက်မှာ ပြန်လည်ဖြည့်တင်း၍ ရခြင်းဖြစ်သည်။

မြေအောက်ရေကိုပြန်လည်ဖြည့်တင်းရန် ရေကြောရှိသည့်နေရာနှင့် သိုလှောင်ပမာဏ၊ ယင်းရေကြောသို့ မြေပေါ်မှ ရေစီးဆင်းစိမ့်ဝင်နိုင်သည့်လမ်းကြောင်းတို့ကို ဇလဘူမိဗေဒပညာရှင်များက ရှာဖွေထုတ်ဖော်ပေးနိုင်သည်။ အချက်အလက်စုံလင်စွာရသည့်အခါ အခြေခံအဆောက်အဦများ တည်ဆောက်ကာ မိုးရွာချိန်၌ မည်သို့မျှမသုံးမစွဲရဘဲ အလဟဿစီးဆင်းပြီး နောက်ဆုံးပင်လယ်ထဲရောက်သွားသည့်မိုးရေများကိုစိမ့်ဝင်စေခြင်းဖြင့် ပြန်လည်ဖြည့်တင်းနိုင်သည်။



မိုးရေကို ကန်ငယ်များဖြင့်လှောင်ထားပြီး မြေအောက်သို့စိမ့်ဝင်စေသည်။




မိုးရေလှောင်ကန်ဖြင့် မြေအောက်ရေဖြည့်တင်းပုံ။

နမူနာအနေဖြင့်အိန္ဒိယနိုင်ငံကျေးလက်အချို့၏လုပ်ဆောင်ချက်ကို ကြည့်နိုင်သည်။ မိုးကုန်လျှင် ရေမစီးတော့သော ချောင်းခြောက်များ၌ မူလချောင်းကြမ်းပြင်ထက် ပို၍နက်အောင်တူးကာ လူလုပ်ရေကန်ငယ်များ ဖန်တီးသည်။ တူး၍ထွက်လာသော မြေစာတို့ကို ချောင်းကမ်းပါးနှစ်ဖက်နှင့်ကန်၏ထိပ်တွင် ဖို့ပြီး ရေလှောင်ဧရိယာအတွင်းသို့ အမှိုက်နှင့်နုန်းများ မဝင်အောင်ကာသည်။ မိုးပြတ်သွားသည့်နောက်တွင် မိုးရေများကန်ထဲ၌ ဆက်ရှိနေကာ မြေအောက်သို့ ဖြည်းဖြည်းချင်းစိမ့်ဝင်ပြီး မြေအောက်ရေကြောများကို ဖြည့်ပေးသည်။ ထိုသို့ဖြည့်ပေးနိုင်သဖြင့် အနီးရှိ ရေတွင်းများသည် ခန်းနေကျအချိန်တွင် မခန်းတော့ဘဲ စိုက်ပျိုးရေ၊ သောက်သုံးရေများကို ထုတ်ယူနိုင်သည်။ ယင်းကန်များကို အိန္ဒိယနိုင်ငံတွင် "ဒို"ဟုခေါ်ကြသည်။ "ဒို"များသည် အများအားဖြင့် ၄ ပေအနက်၊ ပေ ၂၀ အကျယ်၊ အလျားပေ ၁၀၀ ခန့်အထိရှိသည်။ ပျမ်းမျှရေကုဗပေ ၁၄၀၀၀ ခန့်အထိ ရေထိန်းထားပြီး မြေအောက်သို့ စိမ့်ဝင်စေနိုင်သည်။

"ဒို"များကဲ့သို့ ရေစိမ့်ဝင်စေရန်ရည်ရွယ်ချက်ဖြင့် လုပ်မထားသော်လည်း ကန်ရေများသည် ဘေးပတ်ဝန်းကျင်မြေအောက်ရေကြောများကို သဘာဝအလျောက် ရေဖြည့်ပေးနေကြသည်။ ဥပမာ-အင်းယားကန်ရေသည် ပြည်လမ်းမအနောက်ဘက်ခြမ်းရှိမြေအောက်ရေကြောထဲသို့စိမ့်ဝင်ကာ အဝီစိတွင်းအချို့ကို ရေဖြည့်ပေးနေခြင်းမျိုးဖြစ်သည်။

သစ်ပင်နည်းပါးသော ကတုံးဖြစ်လုလုတောင်ကုန်းများ၊ သစ်ပင်မရှိတော့သော တောင်ကတုံးများတွင် အမြင့်မှစီးကျလာသောရေများ၏လမ်းကြောင်းကိုကန့်လန့်ခံ၍ ရေပြင်ညီလှေကားထစ်သဖွယ် မြောင်းများကို တစ်ခုနှင့်တစ်ခုချိတ်ဆက်၍ ဝက်ပါသဖွယ် ဖောက်လုပ်ထားလျှင် အမြင့်မှစီးကျလာသောရေသည် လှေကားထစ်ရေလမ်းဝက်ပါအတိုင်း ဘယ်မှညာ၊ ညာမှဘယ်တစ်ထစ်ပြီးတစ်ထစ် ဆင်းလာရင်းဖြင့် ရေစီးတုံ့နှေးသွားသည်သာမက မြေအောက်သို့စိမ့်ဝင်ချိန်လည်း ပိုရသွားသည်။ ရေစီးနှေးသဖြင့် ကုန်းမြေတိုက်စားခံရမှုသက်သာလာသည်။ ရေရှိနေခြင်းကြောင့် ရေပြင်ညီမြောင်းဝန်းကျင်တွင်

စာမျက်နှာ ၂၁ သို့

ကမ္ဘာ့မြေအောက်ရေကြောများ၏ရေလျော့နည်းမှုအခြေအနေ

| မြေအောက်ရေကြောအမည် (နိုင်ငံ) | မြေအောက်ရေလျော့နည်းမှု (တစ်နှစ်လျှင်ကုဗမိုင်) | ကာလအပိုင်းအခြား |
|---|---|---|
| ဆာဟာရအနောက်မြောက် (အယ်လ်ဂျီးရီးယား၊ လစ်ဗျား၊ တူနီးရှား) | ၀ .၇ | ၂၀၀၃ - ၂၀၁၃ |
| ကယ်လီဖိုးနီးယားအလယ်ပိုင်းတောင်ကြား (အမေရိကန်) | ၀ .၇၅ | ၂၀၀၃ - ၂၀၁၀ |
| အိုဂါလာလာ (အမေရိကန်) | ၃ .၀ | ၂၀၀၃ - ၂၀၁၃ |
| ဂွာရာနီ (အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေး) | ၀ .၂ | ၂၀၀၃ - ၂၀၀၉ |
| အရှေ့အလယ်ပိုင်းမြောက်ဘက် (အီရတ်၊ အီရန်၊ ဆီးရီးယား၊ တူရကီ) | ၃ .၁ | ၂၀၀၃ - ၂၀၀၉ |
| အာရေးဗီးယား (အီရတ်၊ ဂျော်ဒန်၊ အိုမန်၊ ဆော်ဒီ၊ ကာတာ၊ ယူအေအီး၊ ယီမင်) | ၃ .၇ | ၂၀၀၃ - ၂၀၁၃ |
| အိန္ဒိယအနောက်မြောက် (အိန္ဒိယ၊ ပါကစ္စတန်) | ၄ .၂ | ၂၀၀၂ - ၂၀၀၈ |
| တရုတ်မြောက်ပိုင်းလွင်ပြင် (တရုတ်) | ၂ .၀ | ၂၀၀၃ - ၂၀၁၀ |
| ကန်းနင်းချိုင့်ဝှမ်း (ပြင်စတြေးလျ) | ၀ .၉ | ၂၀၀၃ - ၂၀၁၃ |


စာမျက်နှာ ၂၀ မှ အဆက်

သစ်ပင်ပန်းပင်များ ပေါက်ရောက်နိုင်သည်။ အနီးဝန်းကျင်ဒေသများတွင် မြစ်ရေချောင်းရေ ပို၍ကြည်လင်လာသည်၊ မြေအောက်ရေပြင်တက်လာသဖြင့် စိမ့်ရေ၊ စမ်းရေများ ပိုထွက်လာသည်။

အချို့နေရာများတွင် မြစ်ချောင်းရေပြင်သည် ကမ်းဘေးမြေသားအောက်ရှိ မြေအောက်ရေပြင်ထက်နိမ့်ရာ မြေအောက်ရေများ မြစ်ထဲသို့ စီးဝင်ကြသည်မျိုးလည်းရှိသည်။ ယင်းနေရာမျိုးတွင် မြေအောက်ရေခန်းပါက မြစ်ရေသည်လည်း လိုက်၍လျော့နည်းသည်။ သို့မဟုတ် သဲနုန်းများအနည်ထိုင်လာသဖြင့် မြင့်တက်လာသော မြစ်ကြမ်းပြင်သည် မြေအောက်ရေပြင်ထက်မြင့်သွားသောအခါ မြစ်ထဲသို့မြေအောက်ရေစီးဝင်မှုလျော့နည်းရသည်။ ထို့ကြောင့် မိုးရေများကို အလဟဿစီးဆင်းဆုံးရှုံးစေမည့်အစား မြေအောက်သို့စီးဝင်စေခြင်းဖြင့် မြစ်ရေစီးကို ထိန်းသိမ်းနိုင်သည်။

**ရေစိမ့်တွင်း**

မိုးရေကို ကန်တစ်ခုထဲ၌ သိုလှောင်ထားပြီး ကန်အလယ်တွင် ရေစိမ့်တွင်းတည်ဆောက်ကာ ယင်းတွင်းမှတစ်ဆင့် မိုးရေများကို မြေအောက်ရေကြောထဲဝင်စေသောနည်းဖြင့်လည်း မြေအောက်ရေကြောကိုပြန်ဖြည့်ပေးနိုင်သည်။ ရေစိမ့်တွင်းများသည် ၃ ပေမှ ၆ ပေအထိ အချင်းရှိပြီး မြေအောက်ရေကြောတည်နေရာကိုလိုက်၍ အများအားဖြင့် ပေ ၂၀ ခန့်နက်ကြသည်။ ပေ ၂၀ ထက်ပိုနက်သောရေကြောများကို ဖြည့်ပေးသည့်တွင်းများ တူးနိုင်သော်လည်း ကုန်ကျစရိတ်သည် အနက်ပေကိုလိုက်၍ များလာသည်။




ရေစိမ့်တွင်းတစ်ခု၏ဖြတ်ပိုင်းပုံ။




မိုးရေလှောင်ကန်အလယ်မှ ရေစိမ့်တွင်း။

တွင်းကို ဆန်ခါပိုက်နှစ်ထပ်ဖြင့် တည်ဆောက်သည်။ ဆန်ခါပိုက်များကြားတွင် ကျောက်စရစ်များ ထည့်ထားသည်။ ကန်ထဲရှိ ရေများတွင်းထဲသို့ တိုက်ရိုက်မဝင်နိုင်အောင် ပိုက်ကိုရေပြင်ပေါ် ၃ ပေခန့်ဖော်ထားသည်။ တွင်းရှိရာသို့ စုဝင်လာသောကန်ရေထဲတွင်ပါသည့် အမှိုက်နှင့်အနည်များ မြေအောက်ရေကြောထဲမရောက်စေရန် ကျောက်စရစ်က စစ်ပေးသည်။ ၃ ပေအချင်း၊ ပေ ၂၀ အနက်ရှိ ရေစိမ့်တွင်းတစ်ခုသည် တစ်နှစ်မိုးရေချိန်လက်မ ၄၀ ခန့်ရှိသောဒေသ၌ ရေဂါလန်နှစ်သိန်းခန့်အထိ မြေအောက်သို့စိမ့်ဝင်စေနိုင်သည်၊ အမေရိကန်ဒေါ်လာ ၅၀၀၀ မှ ၁၀၀၀၀ ကြား ကုန်ကျသည်။

အချို့နေရာများတွင် အသုံးမပြုတော့သည့်အဝီစိတွင်းများကိုရေစိမ့်တွင်းများအဖြစ်ပြောင်းလဲကာ မြေအောက်ရေဖြည့်တင်းပေးသည်။ မိုးရေများကို ကန်တစ်ခုထဲ၌ စုဆောင်းသိုလှောင်ကာ အဝီစိတွင်းထဲသို့ ရေစုပ်စက်ဖြင့်ပြန်လည်မှုတ်သွင်းသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်တစ်ခုတွင် မိုးရေများကို တစ်ရက်လျှင် ဂါလန် ၅၀၀၀၀ နှုန်းဖြင့် ရက်ပေါင်း ၂၅၀ ကြာမျှ မှုတ်သွင်းခဲ့သည်။ ယင်းတွင်းနှင့် ပေ ၅၀၀ အကွာရှိ အသုံးပြုနေဆဲ အဝီစိတွင်းတွင် ရေမျက်နှာပြင်သည် ၃ ပေမျှ မြင့်တက်လာခဲ့ကြောင်း တွေ့ခဲ့ရသည်။

ရေစိမ့်ကန်များ၊ ရေစိမ့်တွင်းများဖြင့် မြေအောက်ရေကြောများကို ဖြည့်ပေး




ရေစိမ့်တွင်းဖြင့် မြေအောက်ရေဖြည့်တင်းပုံ။

ခြင်းသည် မြေအောက်ရေလှောင်ကန်များ တည်ဆောက်အသုံးပြုခြင်းပင်ဖြစ်သည်။ မြေအောက် ရေလှောင်ကန်များသည် မြေပေါ်ကန်များကဲ့သို့ တည်ဆောက်စရိတ်မများ၊ ဂေဟစနစ်ကိုမထိခိုက်၊ ရေကြီးရေလျှံမှုကြောင့် ကန်ထဲရေဝင်ပျက်စီးခြင်းမျိုးမရှိ၊ စိုက်ပျိုးခင်းနှင့် လူနေအိမ်များပြောင်းပေးရန်မလို၊ ငလျင်ဒဏ်ကြောင့်ကန်ကျိုးပေါက်ခြင်းမရှိနိုင်၊ အငွေ့ပြန်၍ရေမဆုံးရှုံး စသည့်အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းပေါ်ပေါက်စေသည်။

မြေအောက်ရေသိုလှောင်ရာ၌ သတိပြုရမည့်အချက်များမှာ စိမ့်ဝင်မည့်ရေသည် တတ်နိုင်သမျှ အနည်အမှုန်ကင်းရန်လိုသည်။ အမှုန်များပါက ရေကြောပိတ်နိုင်သည်။ ထို့ပြင် စိမ့်ရေသည်အန္တရာယ်ရှိဓာတုပစ္စည်းကင်းစင်ရမည်။ မြေပြင်နှင့်ကပ်နေသောရေကြောကို ဖြည့်မိပါက ရေဝပ်ခြင်းကြောင့် မြေဆီလွှာပျက်စီးတတ်သည်။

ရေစိမ့်ကန်များ၊ ရေစိမ့်တွင်းများဖြင့်သာ မြေအောက်ရေကိုပြန်လည်ပြည့်စေနိုင်သည်မဟုတ်၊ မိမိတို့တွင်ခြံသို့မဟုတ် မြေပိုအနည်းငယ်မျှရှိလျှင် ယင်းမြေပိုကို တတ်နိုင်သမျှ ကွန်ကရစ်ရေပိတ်လွှာမလောင်းဘဲ သဘာဝအတိုင်းထားရှိခြင်းဖြင့်လည်း မြေအောက်ရေကို ပြည့်နေစေကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် အကူအညီပေးနိုင်ကြသည်။ ။

# တရားမဝင်သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၇၄၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၇၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ဟားခါးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၈၂၄၆ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၉၅၈၂၄၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် သံပိုက်လုံး ၁၉ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၇၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၂၇၂၀၀၀ ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း၊ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၀၀၀ ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ အလုံစစ်ပင်ရပ်ကွက်၌ တရားမဝင် သစ်ခုတ်ရာတွင်အသုံးပြုသည့် လွှဝိုင်းခုံတစ်ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၃၉၁၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက် ၁၅၃ ကွင်း၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၇၄၀၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၉၆၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၇၄၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Dutro Light Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၈၅၉ တန်၊ အခြားသစ် ၃ ဒသမ ၁၂၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၀၄၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၀၆၀၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်မှ ၉ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၂၃ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၈၉၅၂၈၆ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသား လေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ






နေပြည်တော် ဩဂုတ် ၁၀

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ ဩဂုတ် ၈ ရက်က ဆိုင်ကယ်လုယက်မှုကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စဥ့်ကိုင်မြို့နယ် စိုက်ပျိုးရေးကျေးရွာနေ ကိုသန့်ဇင်ဖြိုး ၂၃ နှစ်သည် ကျေးရွာမှ ၎င်းပိုင်ဆိုင်သော MDY-57W/20689 Honda Click ဆိုင်ကယ်ဖြင့် ရွာသာရွာကျေးရွာအနီးရှိ မြလိပ်တောင်ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသော အဘွားဖြစ်သူ ဒေါ်ဆန်းမြင့်အား ခေါ်ဆောင်ရန် ရွာသာရွာကျေးရွာနှင့် စိုက်ပျိုးရေးကျေးရွာသွား တောင်ခြေလမ်းအတိုင်း သွားရောက်စဉ် တောင်ခြေလမ်းအဝင်အရောက် အမည်မသိ အမျိုးသား နှစ်ဦးကိုတွေ့ရှိရပြီး ၎င်းတို့အနက် အမျိုးသားတစ်ဦးက ကိုသန့်ဇင်ဖြိုး စီးနင်းလာသော ဆိုင်ကယ်၏ ယာဘက်ရှေ့ခေါင်းပိုင်းအား ခြေထောက်ဖြင့်ကန်ရာ ကိုသန့်ဇင်ဖြိုးမှာ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်နှင့်အတူ လဲကျသွားစဉ် တောအတွင်း၌ ပုန်းအောင်းနေသော အမည်မသိအမျိုးသား နှစ်ဦး ထပ်မံရောက်ရှိလာပြီး ၎င်းတို့ လေးဦးက ကိုသန့်ဇင်ဖြိုး စီးနင်းလာသည့် တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ရှိ MDY-57W/20689 Honda Click ဆိုင်ကယ်တစ်စီး၊ တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀ ရှိ ရွှေလက်စွပ်တစ်ကွင်းတို့ကိုယူဆောင်၍ ၎င်းတို့လေးဦး စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ စိုက်ပျိုးရေးကျေးရွာဘက်သို့သွားသည့်လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားမှုအပေါ် ကိုသန့်ဇင်ဖြိုး၏ သတင်းပေးတိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာကို ရောက်ရှိစစ်ဆေးခြင်း၊ တရားခံများ ထွက်ပြေးသွားရာဘက်သို့ လိုက်လံစုံစမ်းဖော်ထုတ်ခြင်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ရာ မီးသွေးဘုတ်ကျေးရွာအနီးအရောက်တွင် သမီးရည်းစားစုံတွဲ တစ်တွဲထံမှ ဆိုင်ကယ်အား ထပ်မံလုယက်နေသည်ကို တွေ့ရသဖြင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ တရားခံ အမျိုးသားတစ်ဦး အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ သက်ပိုင်ဦး(ခ)ပိုင်ကြီး ၁၉ နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ကျန်အမျိုးသားသုံးဦးမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျွဲနဖားကျေးရွာအနီးအရောက်တွင် အမရပူရမြို့နယ် တောင်တမန်ကျေးရွာနေ ထိန်လင်းနိုင်(ခ) အာကြီး ၂၆ နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ မျိုးသခ်(ခ) ကုလား ၁၆နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်း ရပ်ကွက်နေ ကျော်မိုးမြင့် ၂၃ နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။



ဖြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖြစ်မှုကျူးလွန်သူ ထိန်လင်းနိုင်(ခ) အာကြီး၂၆ နှစ်၊ မျိုးသခ်(ခ)ကုလား ၁၆နှစ်၊ သက်ပိုင်ဦး(ခ)ပိုင်ကြီး ၁၉ နှစ်နှင့် ကျော်မိုးမြင့် ၂၃ နှစ်တို့ကို စဥ့်ကိုင်မြို့မရဲစခန်း၌(ပ)၁၁၆-၁၁၇/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၈၂/၁၁၄ ဖြင့် အသီးသီးအမှုဖွင့်စစ်ဆေးလျက်ရှိပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေးနှင့် အခြားဖြစ်မှုများ ဖော်ထုတ်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ဓားထိုးမှုဖြစ်ပွားခဲ့သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားတစ်ဦး ဒဏ်ရာရရှိမှုမှ ပြစ်မှုကျူးလွန်သူတရားခံအမျိုးသားတစ်ဦးကို ၎င်း၏ဇနီးဖြစ်သူနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၀

၂၀၂၅ ခုနှစ် ဩဂုတ် ၅ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) ရပ်ကွက်နေ ဒေါ်စမ်းစမ်းအေး ၅၉ နှစ်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ဦးလတ်ခန်အရေ ၃၀ နှစ်နှင့်အတူ ဗဟန်းမြို့နယ်ရှိ မြန်မာပလာဇာမှ နေအိမ်သို့ ပြန်ရန် မြန်မာပလာဇာအောက်ထပ် ကားပါကင်၌ ရပ်ထားသည့် ကားအနီးသို့ ရောက်ရှိစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဓားဖြင့် ဝိုင်းဝန်းထိုးခုတ်ကာထွက်ပြေးသွားခဲ့သဖြင့် ဒေါ်စမ်းစမ်းအေးတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးလတ်ခန်အရေတွင် ဓားဒဏ်ရာများရရှိခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဗဟန်းမြို့မရဲစခန်း၌ (ပ)၁၉၉/၂၀၂၅ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၂၆/၁၁၄ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ တရားခံနှစ်ဦးမှာ မြန်မာပလာဇာသို့ YGN-43 1I/1190 Toyota Vitz အမျိုးအစားခဲရောင်ယာဉ်ဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီ ၅၇ မိနစ်တွင်ရောက်ရှိလာပြီး B2 ကားပါကင်တွင် ရပ်ထားခဲ့ကြောင်း၊ သေဆုံးသူ ဒေါ်စမ်းစမ်းအေးစီးနင်းလာသည့် YGN-13 4M-8749 Toyota Harrier အဖြူရောင်ယာဉ်သည် မွန်းလွဲ ၂ နာရီ ၂ မိနစ်တွင် ရောက်ရှိလာပြီး B2 ကားပါကင် A ဇုန်အနီးတွင်ရပ်တန့်၍ ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် မော်တော်ယာဉ်ပေါ်မှဆင်းပြီး မြန်မာပလာဇာပေါ်သို့ တက်သွားခဲ့ကြောင်း၊ တရားခံ နှစ်ဦး စီးနင်းလာသည့် မော်တော်ယာဉ်သည် ဒေါ်စမ်းစမ်းအေး စီးနင်းလာသည့် မော်တော်ယာဉ်အနီးသို့ပြောင်းလဲရပ်တန့်ခဲ့ပြီးနောက် ညနေ ၄ နာရီ ၂၇ မိနစ်တွင် ဒေါ်စမ်းစမ်းအေးနှင့် ဦးလတ်ခန်အရေတို့ နှစ်ဦးသည် မြန်မာပလာဇာပေါ်မှဆင်းလာပြီး ၎င်းတို့ကားရပ်ထားသည့်နေရာသို့ သွားရောက်စဉ် တရားခံ နှစ်ဦးကကားပေါ်မှဆင်းပြီး ဒေါ်စမ်းစမ်းအေးအား ဓားဖြင့်ထိုးခဲ့ကြောင်း၊ ဦးလတ်ခန်အရေက ပြန်လည်ခုခံသဖြင့် တရားခံ တစ်ဦးက ဝင်ရောက်ထိုးကြိတ်ခဲ့ကြောင်း၊ တရားခံ နှစ်ဦးသည် အခင်းဖြစ်နေရာမှ မြန်မာပလာဇာရှေ့ ကမ္ဘာအေးဘုရားလမ်းပေါ်သို့ ထွက်ပြေးကာ တက္ကစီယာဉ်အမှတ် YGN-33 FF-1233 Toyota Caldinaအဖြူရောင်ယာဉ်ကိုငှားရမ်းပြီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်သွားကြောင်း၊ YGN-33 FF-1233 Toyota Caldina ယာဉ်မောင်းအားစစ်ဆေးခဲ့ရာ အဆိုပါတရားခံနှစ်ဦးကို အင်းစိန်မြို့နယ် ပြည်လမ်း ၁၀ မိုင်ကုန်းကားမှတ်တိုင်အနီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း၊တရားခံ နှစ်ဦး၏ CCTV မှတ်တမ်းကို ဒေါ်စမ်းစမ်းအေး၏ သမီးဖြစ်သူ မပိုပိုအိန္ဒြာချစ်အား ပြသမေးမြန်းခဲ့ရာ တစ်ဦးမှာ မိခင်ဖြစ်သူနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းအတူလုပ်ကိုင်ပြီး မိခင်ဖြစ်သူကို အကြွေးပေးရန်ရှိသူ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ INNO City တွင် တည်းခိုနေထိုင်သူ မြတ်သူရကျော် ၃၁ နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးစုံစမ်းဖော်ထုတ်ခဲ့ရာ ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မြစ်ငယ်-ထုံးဘိုလမ်းခွဲ မြို့မအဝင်ဂိတ်တွင် ၎င်း၏ဇနီးဖြစ်သူ မအေးစုအိစံ(ခ)ဘေဘီ ၂၆ နှစ် (ဘ)ဦးဝင်းချို အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် သိပ္ပံ(၉)လမ်း Royal Thiri ကွန်ဒို အမှတ်(၆၀၈)နေသူနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံမြတ်သူရကျော်အား စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်စမ်းစမ်းအေးအားပေးရန် အကြွေးများရှိသဖြင့် ငွေကြေးလိုအပ်ချက်များကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းနှင့်အတူပြစ်မှုကျူးလွန်သူ အမျိုးသားတစ်ဦး (စိစစ်ဆဲ)ကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် စုံစမ်းစစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

❖ **ရှမ်းယူနိုက်တက်အသင်းမှ**

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၅၂ မိနစ်တွင် Rintaro က သွင်းယူပေးခဲ့ပြီး အနိုင်သေချာစေမည့် ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက ပင်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

ယနေ့တွင် ရှမ်းယူနိုက်တက်အသင်းသည် EZRA အသင်းကို အနိုင်ရခဲ့သည့်အတွက် အုပ်စုအဆင့်သို့တက်ရန် အလားအလာကောင်းခဲ့ပြီး လာမည့် ဩဂုတ် ၁၅ ရက်၌ သုဝဏ္ဏကွင်းတွင် EZRA အသင်းနှင့် ဒုတိယအကျော့အဖြစ် ထပ်မံကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် လာမည့်ဩဂုတ် ၁၅ ရက်တွင် ထပ်မံရလဒ်ကောင်းပါက ခြေစစ်ပွဲမှ အုပ်စုအဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်ပြီး အုပ်စု(ဘီ)တွင် ထိုင်းကလပ် ဗန်ကောက်ယူနိုက်တက်၊ မလေးရှားကလပ် ဂျိုဟိုးဒါရူလ်းတာ၊ ဗီယက်နမ်ကလပ် နမ်ဒင်းအက်ဖ်စီ၊ စင်ကာပူကလပ် လိုင်းယွန်းစီးတီးဆေလ်လာ၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့နှင့် တွေ့ဆုံနေကြောင်း သိရသည်။ STA

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှောင်ဆိုင်းခွင့်ရသူများ

**ရှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ခရီးတစ်ထောက်က မိန်းမရဲသခင်မတောင်

**သက်နိုင်(ပြင်ဦးလွင်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အပြန်ခရီးအဖြစ်အောင်ပန်းမြို့ကို ရောက်ရှိနေကြပါပြီ။ အောင်ပန်းမြို့မှာ တစ်ညတာ ညအိပ်ရပ်နားကြမှာပါ။ ဒါကြောင့်ညစာမစားရသေးခင် ရတဲ့အချိန်အတောအတွင်းလေးမှာ အသုံးပြုမောင်းနှင်လာတဲ့ကားလေးကို ဝပ်ရှော့တစ်ခုမှာ သွားရောက်စစ်ဆေးပြင်ဆင်လိုက်ရတယ်။ အချိန်တိုတိုအတွင်း စစ်ဆေးပြင်ဆင်နိုင်ခဲ့သလို ကားရဲ့အခြေအနေက ကောင်းကောင်းမွန်မွန်ဖြစ်သွားခဲ့ရပါပြီ။ ကားဝပ်ရှော့ကနေ ဟိုတယ်ရှိရာကို ပြန်ရောက်လာခဲ့ပေမဲ့ ခရီးဖော်တချို့က ညစာစားဖို့အတွက်အဆင်သင့်မဖြစ်ကြသေးတာနဲ့ မိမိကိုယ်တိုင်လဲ ရေမိုးချိုးအဝတ်အစားလဲခဲ့ပြီးမှ ညစာစားဖို့အတွက် ခရီးဖော်တွေအားလုံး စုပေါင်းထွက်လာခဲ့ကြတယ်။

ကားပေါ်ကို ကိုယ်စီတက်၊ ကားမောင်းပြီး ထွက်လာခဲ့တဲ့အချိန်မှာ ကားရဲ့ဒိုင်ခွက်တွေကလဲ မီးတွေလင်း၊ ဂီယာကိုလဲ ကောင်းကောင်းထိုးလို့ရ၊ ကားမှန်အတင်အချတွေကိုလဲ လုပ်နိုင်နေကြပြီဖြစ်တာကြောင့် ခရီးဖော်တွေအားလုံး အံ့သြသွားကြတယ်။ ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာဖြစ်တာလဲဆိုတာတွေကို ဝိုင်းဝန်းမေးမြန်းကြတယ်။ မိမိက ကားဝပ်ရှော့တစ်ခုမှာ သွားရောက်ပြသပြင်ဆင်လိုက်တာဖြစ်ကြောင်း၊ ဖြူးစ်ပြတ်နေလို့ဖြစ်ကြောင်းနဲ့ ပြင်ဆင်ခငွေကျပ်နှစ်ထောင်သာ ကုန်ကျခဲ့ကြောင်းတွေကိုပြောပြလိုက်တဲ့အခါ အားလုံးက ဝမ်းသာပျော်ရွှင်သွားကြတယ်။ ငွေကျပ် နှစ်ထောင်သာတန်ဖိုးရှိတဲ့ဖြူးစ်လေးတစ်ချောင်းပြတ်သွားတာနဲ့ တစ်လမ်းလုံးဒုက္ခရောက်ခဲ့ကြပုံတွေကို ပြောလိုက်ကြ၊ ရယ်လိုက်ကြနဲ့ ညစာစားဖို့အတွက် ထမင်းဆိုင်ကိုရောက်လာခဲ့ကြတယ်။ အချိန်က ညနေ ၆ နာရီရှိနေပါပြီ။

ညစာထမင်းကို အလာခရီးစဉ်တုန်းက စားခဲ့ကြတဲ့ ဆိုင်ကြီးတစ်ဆိုင်မှာပဲ ဝင်ရောက်စားသောက်လိုက်ကြတယ်။ ဒါပေမဲ့ အလာခရီးတုန်းက စားသောက်ခဲ့ရတာ အဆင်ပြေပြေနဲ့ ကောင်းမွန်ခဲ့သလောက် အခုစားသောက်ကြတဲ့အခါ အဆင်မပြေတော့ပါဘူး။ အဓိကဖြစ်စဉ်က ဆိုင်ရှင်တွေနဲ့ စားပွဲထိုး အမျိုးသမီးငယ်တွေ စကားများပြဿနာဖြစ်နေရာကနေ မိမိတို့မှာယူလိုက်တဲ့ ဟင်းလျာတွေကတော်တော်နဲ့ရောက်မလာ၊ ရောက်လာပြန်တော့လဲမှာယူထားတာတွေနဲ့ တလွဲဖြစ်၊ မိမိတို့က ဟင်းတွေမှားနေကြောင်းပြောတဲ့အခါ ဆိုင်ရှင်နဲ့ စားပွဲထိုးကောင်မကလေးတွေ တစ်ယောက်တစ်ခွန်း၊ ခွန်းကြီးခွန်းငယ်တွေထပ်ဖြစ်ကြနဲ့ နောက်ဆုံးမှာ မိမိတို့အဖွဲ့က ခွင့်လွှတ်သည်းခံလိုက်ရပြီး လာရောက်ချပေးတဲ့ ဟင်းတွေနဲ့သာ စားသောက်လိုက်ကြရတော့တယ်။

ညစာထမင်းစားသောက်ပြီးကြတဲ့အခါ အောင်ပန်းမြို့တွင်းကို ကားတစ်ပတ် ပတ်မောင်းခဲ့ပြီး ဟိုတယ်ရှိရာကို ပြန်လာခဲ့ကြတယ်။ ဟိုတယ်ကိုရောက်တဲ့အခါမှာလဲ တစ်ခဏတာ စကားပြောဆိုကြပြီး အိပ်ရာအသီးသီးကို ဝင်ရောက်ခဲ့ကြတယ်။ နောက်တစ်နေ့အစီအစဉ်က မနက်အိပ်ရာထ၊ လက်ဖက်ရည်သောက်ပြီးကြတာနဲ့ အောင်ပန်းဈေးကိုဝင် ဝယ်စရာရှိတာတွေဝယ်ယူကြပြီး ရှေ့ခရီးကိုဆက်ကြဖို့ပါ။ ဒါကြောင့် မနက်စောစော အိပ်ရာထ၊ အခန်းတွေအပ်ပြီးကြတာနဲ့ လက်ဖက်ရည်ဆိုင်ရှိရာကို ထွက်လာခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်က ဈေးအနီးမှာပါ။ စားစရာမုန့်တွေစုံလင်နေသလို ရှမ်းခေါက်ဆွဲမျိုးစုံရရှိနေတာကြောင့်လဲ ရှမ်းခေါက်ဆွဲတစ်မျိုးစီနဲ့လက်ဖက်ရည်သောက်ခဲ့ကြပြီး မနီးမဝေးမှာရှိတဲ့ဈေးရှိရာကို ထွက်ခွာလာခဲ့ကြတယ်။



မိန်းမရဲသခင်မတောင်ကို တွေ့ရစဉ်။

နေ့ရက်က သင်္ကြန်အတက်နေ့ပါ။ အောင်ပန်းမြို့စည်ပင်သာယာဈေးက သင်္ကြန်ရက်တွေအတွင်းမှာ ပိတ်ထားပေမဲ့ အပြင်ဘက်ဈေးတန်းတွေမှာ စည်ကားနေတယ်။ မိမိနဲ့အတူ ခရီးဖော်အဖွဲ့တွေ ဝယ်ယူချင်တာက လက်ဖက်ခြောက်နဲ့ ပဲပုပ်ချပ်၊ ပဲပုပ်စိုတွေဖြစ်နေလို့ အပြင်ဈေးတန်းထဲမှာ လိုက်လံမေးမြန်းရှာဖွေနေကြတယ်။ မကြာခင်မှာ အလိုရှိရာဆိုင်ကိုရောက်ခဲ့ကြတယ်။ အောင်ပန်းနဲ့ပြင်ဦးလွင်က ဒေသထွက်ကုန်တွေ အားလုံးနီးပါးတူညီနေကြပေမဲ့ အောင်ပန်းမြို့ထွက် အာလူးက နာမည်ကျော်ကြားလှပါတယ်။ ဒါကြောင့် အိမ်အပြန်လက်ဆောင်အဖြစ်ဝယ်နေတဲ့ လက်ဖက်ခြောက်၊ ပဲပုပ်တွေကို ကားပေါ်တင်အပြီးမှာ အာလူးအိတ်တွေရှိရာကိုသွားပြီး ဆက်လက်ဝယ်ယူလာခဲ့ရတယ်။

လိုချင်တာတွေကို ဝယ်ယူပြီးတာနဲ့ ရွာငံမြို့ရှိရာကို ထွက်လာခဲ့ကြတယ်။ အောင်ပန်းနဲ့ ရွာငံက ၄၃ မိုင် ခြောက်ဖာလုံကွာဝေးနေပါတယ်။ ဒါပေမဲ့ ရွာငံမြို့ကိုမရောက်ခင် လမ်းခရီးတစ်လျှောက်မှာတည်ရှိနေကြတဲ့ မိန်းမရဲသခင်မတောင်၊ ရေပြာအိုင်၊ တောကျယ်ရေတံခွန် စတဲ့နေရာတွေကို ဝင်ရောက်လေ့လာကြအုံးမှာပါ။ ခရီးဖော်ကားလေးကတော့ အောင်ပန်းမြို့ကနေ စတင်ထွက်ခွာလာပြီးကတည်းက လမ်းပေါ်မှာ တရိပ်ရိပ်နဲ့ ပြေးလွှားလို့နေရှာပါပြီ။

သင်္ကြန်တွင်းကာလမှာ အောင်ပန်း-ရွာငံ ကားလမ်းက ယာဉ်အသွားအလာများပြားနေတာကို တွေ့မြင်နေရသလို လမ်းဘေးတစ်လျှောက်မှာလဲ အနီးအနားကျေးရွာလေးတွေက ဒေသထွက်၊ ခြံထွက်ကုန်ပစ္စည်းလေးတွေနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စတဲ့ကုန်ပစ္စည်းတွေ တည်ခင်းရောင်းချနေကြတာကို တွေ့မြင်နေရတယ်။ ဈေးဆိုင်လေးတွေအများအပြားတန်းစီရှိနေကြပြီး ကုန်ပစ္စည်းတွေ စုံစုံလင်လင်ရှိနေတဲ့ နေရာတစ်ခုက ရေတွေတဝေါဝေါစီးဆင်းနေတဲ့ ချောင်းအနီးနေရာတစ်ခုပါ။ ဒီနေရာက ကားရပ်ဖို့လဲ ကျယ်ဝန်း၊ သစ်ရိပ်ဝါးရိပ်တွေကလဲကောင်း၊ ရေချောင်းကလေးကလဲရှိ၊ အောင်ပန်းနဲ့ ရွာငံမြို့ နှစ်မြို့ကြား အလယ်ဗဟိုကျတဲ့ နေရာတစ်ခုလဲဖြစ်နေတာကြောင့် ခရီးသွားဧည့်သည်ကားတွေခရီးတစ်ထောက်အဖြစ်ရပ်နားကြတာနဲ့အတူ ဈေးဆိုင်တန်းက ဒေသထွက်ကုန်တွေ ဝယ်ကြခြမ်းကြနဲ့ စည်စည်ကားကားဖြစ်လို့နေတယ်။ မိမိက ဈေးဆိုင်တန်းနေရာမှာ ကားကိုရပ်လိုက်ပေမဲ့ ခရီးဖော်အဖွဲ့တွေက ထွေထွေထူးထူးဘာမှဝယ်စရာမရှိတော့လို့ အချိန်အနည်းငယ်လေ့လာကြည့်ရှုခဲ့ကြပြီး ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ကားမောင်းရင်း၊ စကားပြောရင်းနဲ့ မကြာခင်မှာ ရောက်ရှိလာတဲ့ နေရာက မိန်းမရဲသခင်မတောင်ပါ။ မိန်းမရဲသခင်မတောင်နဲ့ တောင်ပေါ်မှာ၊ တောင်စောင်းတွေ တစ်လျှောက်မှာ၊ တောင်ဝန်းကျင်မှာတည်ရှိနေကြတဲ့ ဘုရားစေတီရုပ်ပွားတော်အဆူဆူတွေကို ကားလမ်းပေါ်ကနေ ထင်ထင်ရှားရှားမြင်တွေ့နေကြရပါတယ်။ အရင်တုန်းက မိန်းမရဲတောင်ကိုသွားရင် အဝင်မုခ်ဦးကနေအထဲကိုဝင်၊ ကားရပ်နားစခန်းမှာကားကိုရပ်၊ တောင်တက်အုတ်လှေကားတွေအတိုင်း တောင်ပေါ်ကိုတက်၊ ဘုရားစေတီတွေကိုဖူးမြော်ကန်တော့၊ တောင်ထိပ်ပေါ်ကနေတွေ့မြင်နေရတဲ့ လှလှပပသာသာယာယာရှုခင်းတွေကို ကြည့်ရှုခံစားပြီးရင် ကားရပ်နားစခန်းအနီးမှာ တည်ရှိရောင်းချနေကြတဲ့ ဈေးဆိုင်တန်းအသီးသီးမှာ ကြည့်ရှုလေ့လာဝယ်စရာရှိတာတွေကိုဝယ် စသဖြင့် လုပ်ကိုင်ကြရပါတယ်။

အခုမိန်းမရဲသခင်မတောင်က အရင်ကလို မဟုတ်တော့ပါဘူး။ ကားလမ်းဘေး အချက်အချာကျတဲ့ နေရာတစ်ခုလဲဖြစ် တောင်တော်ကြီးတစ်ခုလုံးကို ပေါ်ပေါ်လွင်လွင်ထင်ထင်ရှားရှားမြင်တွေ့နေရတဲ့ နေရာတစ်ခုမှာ ဈေးဆိုင်တန်းကြီးတစ်ခုဖြစ်ပေါ်လို့လာတယ်။ ဈေးဆိုင်တန်းမှာရောင်းချနေကြတဲ့ကုန်ပစ္စည်းတွေက ဒေသထွက်ကုန်တွေအပါအဝင် စုံစုံလင်လင်ဖြစ်နေတာနဲ့အတူ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံ၊ ရှမ်းခေါက်ဆွဲ၊ တိုဟူးသုပ်၊ ထမင်း၊ ဟင်း စတဲ့စားသောက်စရာတွေလဲ ရရှိနေတာကြောင့် ခရီးသွားဧည့်သည်ကားတွေက တောင်တော်ဝင်းအတွင်းထဲထိ မဝင်ကြတော့ဘဲ ဈေးဆိုင်တန်းနေရာမှာပဲ အလွယ်တကူရပ်နားနေကြတော့တယ်။ ဒ့ါပြင် ဈေးဆိုင်တန်းနေရာမှာ မိန်းမရဲသခင်မတောင်တော်ကြီးကို ကြည့်ရှုလို့ရအောင် မျှော်စင်ကြီးတွေတည်ဆောက်ပြုလုပ်ဖန်တီးပေးထားတာကြောင့်လဲ မျှော်စင်ကြီးတွေပေါ်ကို ရှုခင်းကြည့်ရှုဖို့အတွက် တက်ကြသူတွေကတက်၊ အမှတ်တရအဖြစ် တက်ကြသူတွေကတက်၊ မှတ်တမ်းဓာတ်ပုံရိုက်ဖို့အတွက် တက်ကြသူတွေကတက်၊ ပျော်ပျော်ရွှင်ရွှင်ဆော့ကစားချင်ကြလို့တက်ကြတဲ့သူတွေကတက်နဲ့ ဈေးတန်းကြီးတစ်ခုလုံးမှာ ဈေးဝယ်နေကြသူတွေ၊ စားသောက်နေကြသူတွေ၊ ရှုခင်းကြည့်နေသူတွေ၊ မျှော်စင်တက်နေကြသူတွေနဲ့ စည်ကားနေပါတော့တယ်။ တောင်တော်အတွင်းထဲထိ ဝင်ရောက်သွားလာကြတဲ့ ဘုရားဖူးဧည့်သည်တွေ နည်းပါးနေပါပြီ။ မိမိတို့ခရီးဖော်အဖွဲ့ကိုယ်တိုင် အတွင်းထဲကိုမသွားကြတော့ဘဲ ကားလမ်းဘေးဈေးဆိုင်တန်းနေရာကနေ စားရင်း၊ သောက်ရင်း၊ ဈေးဝယ်ရင်း လေ့လာကြည့်ရှုနေကြရတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့ခရီးဖော်အဖွဲ့ထဲမှာ မိန်းမရဲသခင်မတောင်ကို မရောက်ဖူးသေးတဲ့သူတွေ၊ မတွေ့ဖူးမမြင်ဖူး မသိသေးတဲ့သူတွေရှိနေတာကြောင့် ရောက်ဖူး၊ တွေ့ဖူး၊ မြင်ဖူးသွားကြရပါပြီ။ မကြာခင် မိန်းမရဲသခင်မတောင်ကနေ ရှေ့ခရီးကိုဆက်ကြပါအုံးမယ်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**




( ၁ )

ရမ်းဖြဲလှေကြီးသည် ကြက်တောပြင် ရေလက်ကြားကို လွန်လာခဲ့လေပြီ။ ဤရေလက်ကြားသည် နောင်တော်ကြီးပင်လယ်နှင့် ကျောက်ဖြူမြို့အနီးရှိ သံစစ်မြစ်ပြင်ကျယ်ကို ဆက်သွယ်ထားသော မြစ်ကျဉ်းကလေး ဖြစ်သည်။

"သား ဟိုမှာ ရှေ့က လှမ်းမြင်နေရတဲ့ အဆောက်အအုံတွေ၊ တိုက်တွေ၊ အိမ်တွေဟာ ကျောက်ဖြူမြို့ ဆိုတာလေ သားရဲ့"

"ဟာ အဖေကြီး သိပ်ကြည့်ကောင်းတာပဲနော်"

"ဟုတ်တယ် သားရဲ့။ သား လေးတန်းအောင်လို့ရှိရင် အဲဒီကျောက်ဖြူမြို့ကြီးမှာ ကျောင်းထားပေးမှာလေ။ သား စာကြိုးစားရမှာနော်"

"ဟုတ်ကဲ့"

သား လှမိုးလေးမှာ အဖေကြီး ကိုထွန်းစိန် ပြောစကားကို နားထောင်ပြီး ကျောက်ဖြူမြို့ကို တအံ့တဩ လှမ်းကြည့်နေ၏။

"မြောက်လေ စလာတယ်ဟေ့ ရွက်ဖွင့်မယ်"

လှေဦးစီး ကိုထွန်းစိန် စကားအဆုံးတွင် လှေသားများမှာ ကိုယ့်နေရာနှင့်ကိုယ် စနစ်တကျဆောင်ရွက်လိုက်ကြရာ ရမ်းဖြဲလှေကြီးမှာ ရွက်ကုန်ဖွင့်ပြီး သံစစ်မြစ်ရေပြင်ပေါ်တွင် ခပ်သွက်သွက် ပြေးနေပေတော့သည်။

ကိုထွန်းစိန်မှာ အခြားရွာသားများကဲ့သို့ လယ်ယာ မလုပ်၊ ထင်း မခုတ်၊ ငါး မရှာ၊ အိမ်ဆိုင်ကလေးဖွင့်ပြီး ဈေးရောင်း၏။ ရာသီအလိုက် ဒေသထွက်ကုန်လေးများကိုကောက်ဝယ်ပြီး ကုန်ရောင်းကုန်ဝယ်ပြု၏။ ယခုလည်း မြေပုံမြို့နယ် သရက်တောင်ရွာ ပတ်ဝန်းကျင်ရှိ လယ်သမားများဆီက စပါးများကောက်ဝယ်ပြီး ကျောက်ဖြူမြို့သို့ ကုန်သွယ်ခရီးနှင်လေပြီ။

သားဦးလေးဖြစ်သည့်လှမိုးကို အဖေကြီး ကိုထွန်းစိန်က မိဘမေတ္တာဖြင့် အချစ်ကြီးချစ်ခဲ့သည်။ မြို့ကကလေးတွေလို စာပေသင်ကြားခြင်းဖြင့် ပညာတတ်ကြီးဖြစ်စေချင်သည်။ မြို့ပြအခြေအနေကို သိစေချင်၍ ရွာသားလေးကို မြို့သို့ခေါ်လာခဲ့ခြင်းဖြစ်သည်။

( ၂ )

"သားလေး ဝတ်ထားတဲ့ အင်္ကျီနဲ့ ပုဆိုးကိုချွတ်"

အဖေကြီး ကိုထွန်းစိန် စကားကြောင့် သား လှမိုး အဖေ့မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"ဟုတ်တယ် သားရဲ့။ သားမှာ ဝတ်လာတာကြီးက တောမှာဝတ်တာ၊ အခု ဒီမှာ အဖေကြီး ဝယ်လာတာက မြို့သားလေးတွေဝတ်တဲ့အင်္ကျီနဲ့ဘောင်းဘီတွေလေ"

"ဟာ အဖေကြီးကလဲ ရှက်စရာကြီး"

"အို သားကလဲ ဘောင်းဘီဝတ်တာ ရှက်စရာမှ မဟုတ်တာ။ ဒါ ခေတ်မီတာလေ"

"ကိုယ့်ရွာမှာ ဘယ်သူမှ မဝတ်ဘဲနဲ့"

"ဝတ်စမ်းပါ သားရာ သားနဲ့ဆို ကြည့်ကောင်းမှာ။ သား မြို့ထဲရောက်ရင် ဒီလိုဘောင်းဘီလေးတွေနဲ့ သားတို့လို ကလေးတွေ အများကြီး တွေ့မှာပဲ"

သည်တစ်ခါတော့ လှမိုး မငြင်းတော့ပေ။ အင်္ကျီရော၊ ပုဆိုးရော ချွတ်ချလိုက်တော့သည်။ အဖေကြီး စွပ်ပေးသည့်အတိုင်း ဘောင်းဘီနှင့် အင်္ကျီကို ဝတ်လိုက်၏။ လှမိုးမှာ အဝတ်သစ်များနှင့်ဖြစ်နေသော ကိုယ့်အဖြစ်ကို ရှက်သလိုလို ဖြစ်သွား၏။

"သားက ဘောင်းဘီလေးနဲ့ဆို သိပ်ကြည့်ကောင်းသွားတာပဲ"

လှမိုး ရှက်ရှက်နှင့်ရယ်ပြီး အဖေကြီးကိုကြည့်၏။ အဖေကြီးက ထိုးထိုးထောင်ထောင် ဖြစ်နေသော သားဆံပင်ကို ခေါင်းဘီးဖြင့်ဖြီးပေးလိုက်သည်။

"လာ အဖေကြီးနဲ့ မြို့ပေါ်တက်မယ်။ ဈေးဝယ်သွားကြမယ်နော်"

လှမိုး ခေါင်းညိတ်ပြလိုက်၏။

ကိုထွန်းစိန် သားလေးကိုလက်ဆွဲပြီး သားအဖနှစ်ယောက် မြို့ပေါ်သို့ လှမ်းလာခဲ့ကြ၏။ ကိုထွန်းစိန်တို့မှာ စပါးလာရောင်းခြင်းမို့ စပါးအဝယ်ဒိုင်ရှိရာ ကျောက်ဖြူမြို့ လေပွေ့ချောင်းတွင် လှေကိုဆိုက်ကပ်ထားရသည်။ လေပွေ့ဆိပ်မှတစ်ဆင့် မြို့ပေါ်သို့ တက်ကြရသည်။ ကျောက်ဖြူမြို့နှင့်တော့ တစ်မိုင်သာသာခန့်ဝေးသည်။

"အဖေကြီး ဒီအဆောက်အအုံတွေက ဘာတွေလဲ၊ အဲဒီထဲမှာ ဘယ်သူတွေနေကြတာလဲဟင်"

လမ်းတစ်ဝက်အရောက်တွင် ထိုးထိုးထောင်ထောင်ဖြစ်နေကြသော အဆောက်အအုံများကိုကြည့်ပြီး လှမိုး မေးလိုက်ခြင်းဖြစ်သည်။

"သြော်... သားကလဲ အဲဒါ လူနေတာတွေ မဟုတ်ဘူးကွဲ့။ အစိုးရက စပါးတွေသိုလှောင်ထားတဲ့ စပါးသိုလှောင်ရုံကြီးတွေလေ"

လှမိုးမှာ မတ်တတ်ရပ်ပြီး စိုက်ကြည့်လိုက်၏။

"ရွာရောက်ရင် သူငယ်ချင်းတွေကို ပြောပြမယ်"

အဖေကြီးမှာ သားစကားကို သဘောကျပြီး ရယ်နေ၏။ လှမိုးတို့သားအဖနှစ်ယောက် ဆက်လျှောက်လာကြသည်။ လေပွေ့လမ်းမှာ တောလမ်းကလေးမို့ ဖုန်နှင့်သောသောဖြစ်နေ၏။ တစ်နာရီနီးနီး အကြာတွင် မြို့အဝင်ဝသို့ ရောက်လာကြသည်။

" ကလင် ကလင် ကလင်"

သားအဖနှစ်ယောက် ကတ္တရာလမ်းမပေါ် လှမ်းအတက်မှာ ဆိုက်ကားတစ်စီး သတိပေးခေါင်းလောင်းတီးရင်း ရှေ့နားသို့ရောက်လာ၏။ ကိုထွန်းစိန် အလိုက်သင့် လှမ်းတားလိုက်သည်။

"အဲဒါ ဘာကြီးလဲ အဖေ"

"ဒါကို ဆိုက်ကားလို့ခေါ်တယ်သားရဲ့။ အခုသားနဲ့အဖေ ဒီဆိုက်ကားနဲ့ပဲ ဈေးထဲသွားကြမှာလေ"

ကိုထွန်းစိန် ဆိုက်ကားရှေ့က တက်ထိုင်ပြီး သားတော်မောင်ကို နောက်ကနေ ထိုင်ခိုင်းလိုက်၏။ ဆိုက်ကားဆရာက ခြေနင်းခုံကို ဖိနင်းပေးလိုက်ရာ ဆိုက်ကားမှာ ခပ်သွက်သွက် ပြေးနေပေတော့သည်။ လှမိုးမှာ အတော်အံ့သြသွားပြီး ပျော်သလိုလိုကြီး ဖြစ်သွား၏။

"အဖေ ရှေ့ကသွားနေတဲ့ ဆိုက်ကားမှာ ထိုင်စရာလဲ မပါဘူးနော်"

အနီးက ဖြတ်နင်းသွားသောစက်ဘီးကို လက်ညှိုးထိုးပြပြီး လှမိုးမေးလိုက်၏။

" အဲဒါ ဆိုက်ကားမဟုတ်ဘူး သား စက်ဘီးလို့ခေါ်တယ်။ အခု အဖေကြီးတို့စီးနေတဲ့ ဆိုက်ကားဆိုတာ အဲဒီလိုစက်ဘီးကိုပဲ ဘေးတွဲထိုင်ခုံတွေ တပ်ထားတာပေ့ါသားရယ်"

လှမိုးမှာ မြို့ဆိုတာကို ယခုမှ ပထမအကြိမ်ရောက်ဖူးပေရာ ကြည့်လေရာရာ၊ မြင်လေရာရာ အသစ်အဆန်းတွေချည်း ဖြစ်နေသည်။ တိုက်အိမ်များကိုကြည့်ပြီး ကြည်နူးသလို ခံစားနေရ၏။

"အဖေ အဖေ ဟိုမှာ ဟိုမှာ အိမ်လေးတစ်ဆောင် ပြေးလာနေတယ်။ အဲဒါ ဘာဖြစ်တာလဲဟင်"

"သြော်... သားကလဲ အဲဒါ အိမ်မဟုတ်ဘူးကွဲ့။ မော်တော်ကားလို့ခေါ်တာကွဲ့"

"သား စာထဲမှာ ဖတ်နေတာ အဖေကြီးကြားသားပဲ။ တောင်ကြားလမ်းတွေအကြောင်းမှာလေ။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့မှ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့သို့ မော်တော်ကားဖြင့် သွားလာနိုင်သည်ဆိုတာလေ"

"ဟုတ်ပ့ါ အဲဒီ မော်တော်ကား ပြောတာပေ့ါနော်"

"ဟုတ်တယ်လေ သားရဲ့"

ဆိုက်ကားဆရာက ဈေးအဝင်လမ်းတွင် ရပ်ပေးလိုက်ရာ ကိုထွန်းစိန် ဆိုက်ကားခ ရှင်းပေးလိုက်၏။

"ရော့သား ဒါ သား မုန့်စားဖို့ပိုက်ဆံ၊ ဈေးထဲမှာ မုန့်မျိုးစုံရှိတယ်။ သား ကြိုက်တာ ဝယ်စားနော်"

လှမိုး အဖေ့ဆီက လှမ်းပေးသော ပိုက်ဆံတစ်ကျပ်ကို လှမ်းယူပြီး ခေါင်းညိတ်ပြလိုက်၏။

လှမိုးတို့သားအဖ ဈေးထဲသို့ ဝင်သွားကြ၏။ အဖေကြီးက ရှေ့ကသွားပြီး သားလှမိုးက နောက်ကလိုက်သည်။

အဖေကြီးက လှေသားများအတွက် ငါးဟင်းများ ဝယ်၏။ သိပ်မကြာ ဈေးထဲက ပြန်ထွက်လာကြသည်။

"သား ဘာမုန့်တွေရခဲ့လဲ"

လှမိုးက သူ့အဖေကိုကြည့်ပြီး တစ်ချက်ပြုံးရယ်ပြလိုက်၏။ ဘောင်းဘီအိတ်ကလေးနှစ်ဖက်ကို လက်ဖြင့် ခပ်ကြွားကြွားပုတ်ပြလိုက်၏။ အဖေကြီးလည်း သားလေးကို သဘောတွေ့သွားပြီး ပြန်လည်ပြုံးပြ၏။

"သား တယ်ဟုတ်ပါလား။ ဘာမုန့်တွေလဲ မှန်း"

ကိုထွန်းစိန် သားလေး၏ ဘောင်းဘီအိတ်နှစ်ဖက်ကို လက်နှိုက်ကြည့်လိုက်၏။ သားလေးဘောင်းဘီအိတ်ထဲက အရာများကြောင့် ကိုထွန်းစိန်ရင်ထဲတွင် ဝေဒနာတစ်ခု ရုတ်ချည်းဖြစ်ပေါ်သွားသည်။

"သြော်... ငါ့သားလေး တောရွာမှာ လူဖြစ်ရတာ ဘာမှလဲဗဟုသုတမရှိပါလား။ ဒီလောက် မုန့်မျိုးစုံတန်းစီပြီး ရောင်းနေတာ စားရကောင်းမှန်းမသိဘူး။ ငါ့သားသိတာက ရွာပြင်မှာ အလေ့ကျပေါက်နေတဲ့ ဆီးပင်တွေက ဆီးသီးလောက်ကိုသာ စားရကောင်းမှန်းသိရှာတာကလား"

အဖေကြီးကိုထွန်းစိန် သားအဖြစ်ကိုတွေးပြီး ရင်ထဲမကောင်းဖြစ်သွားသည်ကတော့ အမှန်ပင်။

"အဖေကြီးတွေ့လား ဆီးသီးမှည့်တွေလေ"

"တွေ့တယ် သား၊ ဝယ်တတ်လိုက်တာ ဆီးသီးတွေ သိပ်ချိုမှာပဲ"

ကိုထွန်းစိန်မှာ အော်လိုက်ပြန်ရင် သားလေးအားငယ်ပြီး မျက်နှာညှိုးကျသွားမှာ စိုးရိမ်သဖြင့် သားအလိုကျ အလိုက်သင့်ပဲ ပြောလိုက်သည်။ ကိုထွန်းစိန် သားကိုကြည့်ပြီး ကြေကွဲသလို ခံစားသွားရသည်။

လှမိုးမှာ ဆီးသီးများကို ဘောင်းဘီအိတ်ထဲတွင် ဖောင်းကားအောင်ထည့်ကာ အဖေ့နောက်က တောသားမြို့ရောက်ကလေး ခပ်ကြွားကြွားလိုက်ပါလာ၏။

( ၃ )

ကျောက်ဖြူမြို့မှ ကျွန်းစဉ်ဘက်သို့ အပတ်စဉ်ရက်မှန်ထွက်သော ကူးတို့စက်လှေဖြင့် လှမိုးတို့သားအဖနှစ်ယောက် ရွာသို့ ပြန်ခဲ့ကြလေပြီ။

စက်လှေမှာ ကြက်တောပြင်၊ သေနဲ့သာ၊ သလူမော်၊ ပေါက်တူးတောင်၊ သရက်တောင်၊ ကမ်းထောင်းကြီးစသော ခရီးစဉ်အတိုင်းတစ်ရွာဝင်တစ်ရွာထွက် တစ်ညအိပ်ခရီးစဉ်ပြေးဆွဲနေခြင်းဖြစ်သည်။ ကိုထွန်းစိန်မှာ စပါးရောင်းရငွေဖြင့် ဆိုင်အတွက် ပစ္စည်းလေးများဝယ်ပြီး ရွာပြန်လိုက်လာခြင်းဖြစ်သည်။ လှေသားများကိုတော့ နောက်တစ်နေ့မှ အေးအေးဆေးဆေး လှေထွက်လာခဲ့ကြရန် မှာထားခဲ့သည်။

လှမိုးတို့သားအဖလိုက်ပါလာသော လိုင်းစက်လှေမှာ သေနဲ့သာကျွန်းသို့ ဆိုက်ကပ်ခဲ့လေပြီ။ သေနဲ့သာကျွန်းမှာ နောင်တော်ပင်လယ်ထဲတွင် သီးခြားတည်ရှိနေသော ကျွန်းဖြစ်သည်။ သည်ကျွန်း၏ ထူးခြားချက်မှာ နတ်တော်၊ ပြာသို၊ တပို့တွဲ သုံးလသာလူရှိသည်။ တပို့တွဲလကွယ်နေ့သည် သေနဲ့သာကျွန်းသားတို့၏ နောက်ဆုံးနေ့ရက်ပင်ဖြစ်သည်။ သူတို့တွင် တပေါင်းလဆို လအမြင်မခံဟု ခံယူထားကြသည်။ ထို့ကြောင့် သေနဲ့သာကို သုံးလမြို့ဟု ခေါ်စမှတ်ပြုကြပါ၏။ တပေါင်းလထိနေလျှင် ကျွန်းသူ၊ ကျွန်းသားများ အနာရောဂါကြောင့် သေကျေကြသည်ဟု သူတို့ခံယူထားကြ၏။

ဤသုံးလတည်းဟူသော ကာလအပိုင်းအခြားတွင် ကျောက်ဖြူမြို့နယ်သားများ လာရောက် ငါးဖမ်းကြခြင်းဖြစ်သည်။ ဒေသအခေါ် ပိုက်ကြီးခံသည်ဟု ခေါ်ကြ၏။ ကျွန်းတွင် ဈေးဆိုင်များဖွင့်ပြီး အရောင်းအဝယ်ပြုခြင်းဖြင့် စည်ကား၏။ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်၊ အမ်းမြို့နယ်အစပ်ပိုင်း နောင်တော်ပင်လယ်ထဲတွင် တည်ရှိသည်။ အဓိကအားဖြင့်

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၄၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၄၄၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြံ ၆၅၀၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၄၁၁၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၆၁ ဧက စုစုပေါင်း ၄၄၇၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း ကြံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကြံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၅ ဧက၊ ခင်ဦးမြို့နယ်တွင် ၄၅၅၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၆၁ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၅၂၂ ဧက စုစုပေါင်း ၆၅၀၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြံစိုက်ပျိုးမှုအနေဖြင့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်၌ ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မေတ္တာပွားဝေ နိုင်ကြစေ

- မင်းသူငါ မေတ္တာပွား
  သစ္စာတရား စောင့်ထိန်းပါ၊
  လူနှင့်လူ အချင်းချင်း
  ရိုင်းပင်းကြင်နာ၊
  မွန်မြတ်စိတ် မွေးမြူကာ
  ဘဝမှာ နေထိုင်မနေး၊
  လူတိုင်းအပေါ် စာနာလျက်
  ရှေ့ဆက်စို့လေး။

- ချစ်မေတ္တာ နှလုံးသွေးနဲ့
  အမုန်းမမွေး ထာဝစဉ်၊
  ဘဝကို တန်ဖိုးထားလို့
  ရိုးသားဖြူစင်၊
  မာန်မာန ဖယ်ရှောင်ကြဉ်
  လူ့ဘဝတွင် လျှောက်လှမ်းသွား၊
  ပရအကျိုးကို ရည်မျှော်ကိုး
  သယ်ပိုးလုပ်ရှား။

- အကြင်နာ အပြုံးများနဲ့
  အမုန်းစကား ရှောင်ကြဉ်ပယ်၊
  အားနည်းသူ ကူညီမနေး
  နွေးထွေးစေကွယ်၊
  မေတ္တာတရား ဖြန့်ကြက်သွယ်
  ပွားဝေမယ် နေ့စဉ်အမြဲ၊
  တန်ဖိုးရှိသူ လူသားအဖြစ်ကို
  ထုဆစ်ဆင်နွဲ။ ။

**ရဲသွေးနီ(တက်ဝန်)**

# နေပြည်တော်ကြံ? — 

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



''ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်က လယ်ယာထွက်ကုန်တွေနဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရက် ၉၀ ဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်''ဟု ဓနုဖြူမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းတင်ပို့ရောင်းချခဲ့သည့်ရက် ၉၀ ဆန် ၂၄ ပြည်ဝင် ဆန်အိတ်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ကျွန်းစဉ်နယ်သား ရွာပေါင်း ၅၀ ခန့်က သေန့်သာကျွန်းကို မှီခိုပြီး ရောင်းကြဝယ်ကြနှင့်အလွန်စည်ကားသော ကျွန်းမြို့ကလေးဖြစ်သည်။ စစ်တွေ၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနယ်ဘက်ကလည်း ဘင်္ဂလားပင်လယ်ကမ်းခြေကိုပတ်ပြီး လှေသမ္ဗန်များဖြင့် အရောင်းအဝယ်လာလုပ်ကြသည်။ ကျွန်းပေါ်နေသူတိုင်း ရာသီချိန်တွင် လက်ဖျားငွေသီးကြသည်။ သို့သော် အစိုးရက ဖွဲ့စည်းတည်ထောင်ထားသောနေရာမဟုတ်သည့်အတွက် လုံခြုံရေးကမရှိ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ တစ်တောတစ်ကြက်ဖတွန်ပြီး ရောင်စုံသူပုန်များ မှိုလိုပေါက်နေချိန်၊ တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသလို သူခိုးဓားပြများကလည်း ဟိုနားတိုက်၊ သည်နားလုနှင့် ဆူပူသောင်းကျန်းကြသည့်ကာလ။ သေန့်သာကျွန်းသားတို့ကတော့ ကျွန်းနှင့်ပတ်ဝန်းကျင် လုံခြုံရေးအတွက် ကျောက်ဖြူမြို့နယ်ရဲတပ်ဖွဲ့ကို အကူအညီတောင်းပြီး ရဲသားသုံးဦးလောက်ဖြင့် လုံခြုံရေးယူထားကြသည်။

ကူးတို့စက်လှေမှာ သေန့်သာကျွန်းတွင် ဆိုက်ကပ်ချိန်၌ အတက်အဆင်းခရီးသည်မှာ ပစ္စည်းတင်ချသူများဖြင့် တော်တော်ရှုပ်ယှက်ခတ်သွားသည်။ ခရီးသည်အတက်အဆင်း၊ ပစ္စည်းအတင်အချပြီးလျှင် စက်လှေမှာ ရှေ့ခရီးအတွက် ဆက်ထွက်ရန်အချက်ပေးလိုက်သည်။

"ကလင် ကလင် ကလင်"

"နေပါအုံး နေပါအုံး လိုက်မယ်ဗျို့ လိုက်မယ်"

ကူးတို့စက်လှေမှာ ကမ်းခွာရန် ကြိုးဖြုတ်နေတုန်းမှာပဲ လူတစ်ယောက်အူယားဖားယားပြေးလာပြီး ကူးတို့လှေပေါ်သို့ ချက်ချင်းလှမ်းတက်လိုက်၏။

"ခင်ဗျား ဘယ်ကိုသွားမှာလဲ"

"သလူမော်ပဲ"

ခရီးသည်စကားကြောင့် စက်လှေပိုင်ရှင်မှာ တော်တော်စိတ်ပျက်သွားသည်။ သလူမော်မှာ သေန့်သာနှင့် အနီးဆုံးကျွန်းဖြစ်၏။ အမ်းမြို့နယ်၏ ပင်လယ်ပြင်ထွက်ပေါက် အစွန်ဆုံးကျွန်းလည်းဖြစ်သည်။ သည်နေ့ခရီးစဉ်တွင် သလူမော် ခရီးသည်မပါလို့ မကပ်တော့ဘူးဟု စက်လှေပိုင်ရှင် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ယခု ဘယ်ချောင်က ထွက်လာမှန်းမသိ ခရီးသည်တစ်ယောက် ကြံကြံဖန်ဖန် ရောက်လာပေပြီ။ မတတ်နိုင်တော့ဘူးလေ လိုင်းပြေးသည့်စက်လှေမို့ ခရီးသည်ဆိုလက်ခံရတော့မည်။

ဆက်လက်ဖော်ပြပါမည်။

# ရေကြည်မြို့နယ် ရေလဲကြီးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းနေမှု စစ်ဆေး

**ရေကြည် ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ရေလဲကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သန်းသန်းဆွေနှင့်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ရေလဲကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်ဘီးလမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေလဲကြီးကျေးရွာ၌ တစ်ဖက်လျှင် လမ်းအရှည် ၇၆၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ဒုံးကျည်ခြိမ်းခြောက်မှုများကိုကာကွယ်ရန်အသင့်မဖြစ်သေးသော အမေရိကန်နှင့်မဟာမိတ်များ

အီရန်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဇွန် ၁၃ ရက်နှင့် ၂၄ ရက်ကြားတွင် အစ္စရေးနိုင်ငံသို့ ဒုံးကျည် ၅၇၄ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၎င်းဒုံးကျည်များအနက် အချို့သောဒုံးကျည်များသည် အစ္စရေးနှင့် အမေရိကန်တို့၏ ကြားဖြတ်ဟန့်တားရန်ကြိုးပမ်းမှုကြားမှပင် ထိုးဖောက်ဝင်ရောက်ခဲ့သည်။ လက်ရှိအချိန်ထိ ဒုံးကျည်ကာကွယ်ရေးစနစ်များ၏ရလဒ်များအပေါ် အတိအကျသုံးသပ်နိုင်သည့် သတင်းအချက်အလက်များမရရှိနိုင်ဘဲ အမေရိကန်နှင့်အစ္စရေးတို့ကို ထောက်ခံသော ဝါရှင်တန်အခြေစိုက် ပညာရှင်အဖွဲ့ဖြစ်သည့် အမျိုးသားလုံခြုံရေးဆိုင်ရာဂျူးအင်စတီကျူ (JINSA)က လေ့လာထားသောအချက်အလက်များကိုသာ ကိုးကားဖော်ပြနေကြရသည်။

အစ္စရေးနိုင်ငံနှင့်ပင်လယ်ကွေ့ဒေသတို့၌ အမေရိကန်တို့အသုံးပြုလျက်ရှိသည့် အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးစနစ်(THAAD)၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ အသားပေးရေးသားသည့် သတင်းများထွက်ပေါ်ခဲ့သည်။ THAAD စနစ်သည် တာတို၊ တာလတ်နှင့်တာဝေးပစ်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ THAAD စနစ် ကြားဖြတ်ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ သန်းကုန်ပြီး AEGIS SM-3 Block 2A ကြားဖြတ်ဒုံးကျည် တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၂၈ သန်းခန့်ကုန်ကျသည်။

အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးစနစ် (THAAD) သည် ပေါက်ကွဲတတ်သောပစ္စည်းများ အသုံးမပြုဘဲ ကြားဖြတ်တိုက်ခိုက်သည့် နည်းပညာဖြစ်သည်။ ၎င်းဒုံးကျည်သည် အမြင့် ၉၂ မိုင်ခန့်တွင် သာပျံသန်းတိုက်ခိုက်နိုင်သဖြင့် အမြင့်မိုင် ၃၁၀ မှ မိုင် ၆၂၀ ကြားရှိ ကမ္ဘာ့လေထုပြင်ပ၌ကြားဖြတ်တိုက်ခိုက်မှုများကို စွမ်းဆောင်နိုင်ခြင်းမရှိပေ။ အစ္စရေးနိုင်ငံ၏ အမြင့်ပျံကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် Arrow 3 သည်ကမ္ဘာ့လေထုပြင်ပရှိအမြင့်ပျံဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ ဂျူးအင်စတီကျူ (JINSA) အစီရင်ခံစာအရ ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် အီရန်-အစ္စရေးပဋိပက္ခတွင် အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးစနစ် (THAAD) သည် အစ္စရေးနိုင်ငံကိုပစ်ခတ်ခဲ့သည့် ဒုံးကျည် ၄၇ ဒသမ ၇ ရာခိုင်နှုန်းခန့်ကို ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည်ဟုဆိုသည်။ ထိုသို့ကြားဖြတ်တိုက်ခိုက်နိုင်ရန်အတွက် အမေရိကန်သည် THAAD စနစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကို ၁၄ ရာခိုင်နှုန်းခန့် တိုးမြှင့်တပ်ဖြန့်ခဲ့ရသည်။ ထို့ကြောင့် THAADစနစ်တည်ဆောက်သည့် လော့ခ်ဟိဒ်မာတင်ကုမ္ပဏီသည် ထုတ်လုပ်မှုနှုန်း သိသိသာသာမြှင့်တင်နိုင်မည်မဟုတ်သဖြင့်ဒုံးကျည်များ တိုးမြှင့်တည်ဆောက်ရေးအတွက် အချိန် ၈ နှစ်ခန့်ယူရမည်ဖြစ်ကြောင်း JINSA က ပြောကြားသွားခဲ့သည်။

အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးစနစ် (THAAD)ဖြင့် ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည့် အီရန်ဒုံးကျည်အရေအတွက် ၉၂ စင်းကိုသာ သိရှိခဲ့ရပြီး ထိုသို့ အီရန်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် THAAD မည်မျှသုံးစွဲခဲ့ရသည်ကိုမူ မသိရှိခဲ့ရပေ။ ထို့ပြင် တိုးမြှင့်တပ်ဖြန့်ချသွားမည့် ၁၄ ရာခိုင်နှုန်းသည် ကိန်းဂဏန်းအတိအကျမဟုတ်သည့်အတွက် THAAD ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ တိုးမြှင့်တည်ဆောက်သွားမှုသည် သတင်းများတွင် ဖော်ပြသည်ထက် အရေအတွက်လျော့နည်းနိုင်ပေသည်။

အမေရိကန်နိုင်ငံအနေဖြင့် တခြားနိုင်ငံများသို့လည်း အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးစနစ် (THAAD)များ ရောင်းချထားရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်ထံမှ THAAD စနစ်တစ်ခုနှင့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် အစင်း ၅၀ ဝယ်ယူထားရှိသည်။ ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံသည် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် အစင်း ၃၆၀ ထပ်မံမှာယူထားရှိသော်လည်း ထုတ်လုပ်မှုအတွက် အချိန်ကာလအတန်အကြာ စောင့်ဆိုင်းရဦးမည်ဖြစ်သည်။ အာရပ်စော်ဘွားများပြည်ထောင်စုအနေဖြင့်လည်း THAAD စနစ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၁၉၂ စင်းဝယ်ယူထားရှိသော်လည်း အားလုံး လက်ခံရရှိပြီးပြီလားဆိုသောအချက်ကိုမူ ရှင်းရှင်းလင်းလင်းမသိရှိရပေ။

အမေရိကန်နိုင်ငံသည် တောင်ကိုရီးယား၊ ဟာဝိုင်အီ၊ ဂူအမ်နှင့် ဝိတ်ခ်ကျွန်းတို့၌လည်း အမြင့်ပျံလေကြောင်းရန်ကာကွယ်ရေးစနစ် (THAAD) များ ဖြန့်ကြက်ထားရှိသည်။ အမေရိကန်သည် တရုတ်နိုင်ငံ၏စစ်အင်အားကြီးထွားလာမှုနှင့် ဒေသတွင်း အားနည်းချက်များကြောင့် ပစိဖိတ်ဒေသတွင် ဒုံးကျည်ကာကွယ်ရေးစနစ်များ တိုးမြှင့်ဖြန့်ကြက်လျက်ရှိသည်။ THAADစနစ်အပြင် AEGIS SM-3 Block 2A ကြားဖြတ်ဒုံးကျည်ကိုလည်း ထပ်မံဖြန့်ကြက်သွားရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ AEGIS SM-3 Block 2A ကြားဖြတ်ဒုံးကျည်သည် ကုန်ကျစရိတ်မြင့်မားသောစနစ်ဖြစ်ပြီး ပင်လယ်ပြင်၌သာ တာဝန်ထမ်းဆောင်နိုင်သောကြောင့် ဒေသတွင်းရှိ အမေရိကန်နှင့် မဟာမိတ်အခြေစိုက် စခန်းများကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်စွမ်းမရှိပေ။



THAAD စနစ် စမ်းသပ်ပစ်ခတ်နေမှုကို တွေ့ရစဉ်။

ထို့ပြင် မြန်နှုန်းမြင့် အသံလွန်ဒုံးကျည်များအပေါ် ကြားဖြတ်တိုက်ခိုက်နိုင်ရေးသည် ကြီးမားသောပြဿနာတစ်ရပ်ပင်ဖြစ်သည်။ အီရန်သည် အစ္စရေးနှင့်ပဋိပက္ခတွင် မြန်နှုန်းမြင့်အသံလွန်ဒုံးကျည် တချို့ကိုအသုံးပြုခဲ့သည်။ ရုရှားနှင့်တရုတ်နိုင်ငံတို့သည် အသံလွန်ဒုံးကျည်များကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ DF-17 ၊ DF-2F အသံလွန်ဒုံးကျည်များနှင့် ရုရှား၏ Avangard နှင့် Oreshnki ပဲ့ထိန်းဒုံးကျည်များအပြင် Kinzhalနှင့် Zircomတို့သည် ကြားဖြတ်တိုက်ခိုက်ရန်ခက်ခဲသည့် မြန်နှုန်းမြင့် အသံလွန်ဒုံးကျည်အမျိုးအစားများပင်ဖြစ်သည်။ ထို့ကြောင့် အမြင့်ပျံလေကြောင်း ရန်ကာကွယ်ရေးစနစ် (THAAD)စနစ်သည် အသံလွန်ဒုံးကျည်များကိုတန်ပြန်တိုက်ခိုက်နိုင်ရန် ရောက်ရှိနိုင်မှုအကွာအဝေးနှင့် မြန်နှုန်းတို့ပိုမိုမြင့်မားရန်လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် THAAD-ER ကို အဆိုပြုထားသော်လည်း လက်ရှိအချိန်ထိအတည်ပြုနိုင်ခြင်းမရှိသေးပေ။

အစ္စရေးနိုင်ငံသည် အမြင့်ပျံကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် Arrow 2 နှင့် Arrow 3 ပိုင်ဆိုင်ထားရှိပြီး Arrow 3 သည် ကမ္ဘာ့လေထုပြင်ဘက်၌ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။ လတ်တလောဖြစ်ပွားခဲ့သည့် ပဋိပက္ခ၌ အီရန်ဒုံးကျည်အစင်း ၂၀၀ ကျော်ကို ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့ကြောင်း၊ လူဦးရေထူထပ်ပြီး အရေးပါသောအဆောက်အအုံများကို မထိမှန်နိုင်သည့် အခြားဒုံးကျည် ၂၅၈ စင်းကိုမူ ကြားဖြတ်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ THAAD စနစ်သည် အီရန်ဒုံးကျည် ၉၂ စင်းကို ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့ကြောင်းအစ္စရေးနိုင်ငံက ပြောကြားသွားခဲ့သည်။

အစ္စရေးသတင်းများ၌ အီရန်ဒုံးကျည် ၅၇ စင်းသည် အစ္စရေးပစ်မှတ်များကိုထိမှန်ခဲ့ကြောင်း၊ အီရန်ဒုံးကျည် ထက်ဝက်ခန့်သည် ပစ်မှတ်ကိုတိကျစွာ တိုက်ခိုက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ အစ္စရေးနိုင်ငံအနေဖြင့်လည်း လုံလောက်သောဒုံးကျည်ကြားဖြတ်တိုက်ခိုက်ရေးစနစ်များမရှိခဲ့ကြောင်း၊ အစ္စရေးနိုင်ငံအနေဖြင့် ဒုံးကျည်လိုအပ်ချက်ရှိနေသည်ကို လက်ခံထားဖွယ်ရာရှိကြောင်း၊ သို့သော် အမေရိကန်တို့၏ ထုတ်လုပ်တည်ဆောက်နိုင်မှုသည် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အစ္စရေးတို့အနေဖြင့် အမေရိကန်၏အကူအညီမပါလျှင် ပိုင်နက်နယ်မြေကိုကာကွယ်နိုင်မည်မဟုတ်ကြောင်း၊ THAAD စနစ်သည် အစ္စရေးနိုင်ငံကာကွယ်ရေးအတွက် များစွာအရေးပါလျက်ရှိကြောင်း ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် Iron Dome နှင့် Iron Beam တို့ကိုပိုင်ဆိုင်ထားရှိသည်။ Patriot ဒုံးကျည်သည်လည်း ပဋိပက္ခအတွင်းအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ကာတာရှိ Udeid လေတပ်စခန်းကို ကာကွယ်နိုင်ခဲ့သည်။ အီရန်သည် ပဋိပက္ခအတွင်း ၎င်းလေတပ်စခန်းသို့ တာတိုနှင့်တာလတ်ပစ်ဒုံးကျည် ၁၄ စင်းဖြင့်ပစ်ခတ်ခဲ့ပြီး အမေရိကန်အနေဖြင့် အီရန်တို့မပစ်ခတ်မီ ကြိုတင်သတိပေးနိုင်ခဲ့သည်။ အမေရိကန်အနေဖြင့် Patriot ဒုံးကျည်အစင်း ၃၀ ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပြီး အီရန်၏ဒုံးကျည် ၁၄ စင်းအနက် ၁၃ စင်းကို ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည်။ အီရန်ဒုံးကျည်တစ်စင်းသည် လေတပ်အခြေစိုက်စခန်း ဆက်သွယ်ရေးအဆောက်အအုံကို ထိမှန်ခဲ့သည်။ ထို့ကြောင့် ရန်သူ့ဒုံးကျည်တစ်စင်းကို ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် Patriot ဒုံးကျည်အနည်းဆုံး နှစ်စင်းခန့်အသုံးပြုခဲ့ရသည်။ အမေရိကန်အနေဖြင့် ယူကရိန်းအရေးတွင် Patriot ဒုံးကျည်များပံ့ပိုးပေးခဲ့ရသဖြင့် လက်ရှိအချိန်၌ Patriot ဒုံးကျည်လိုအပ်ချက်မြင့်မားလာလျက်ရှိသည်။

အမေရိကန်နှင့် အစ္စရေးတို့၏လေကြောင်းရန်ကာကွယ်ရေးစနစ် ထုတ်လုပ်နိုင်မှုစွမ်းဆောင်ရည်သည် ရုရှား၊ တရုတ်၊ အီရန်၊ မြောက်ကိုရီးယားတို့၏ ပဲ့ထိန်းဒုံးကျည်များ ထုတ်လုပ်နိုင်သည့်စွမ်းဆောင်ရည်ကိုဟန်ချက်ထိန်းညှိနိုင်သည်ထိ မြင့်မားမှုမရှိပေ။ အမေရိကန်၏အကူအညီဖြင့် အစ္စရေးလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ထောက်ကူပေးထားခြင်းသည် ဥရောပနှင့်အာရှအတွက်လည်း အမှန်တကယ်ဖြစ်လာနိုင်သည်။ NATO အဖွဲ့သည်လည်း လေကြောင်းရန်ကာကွယ်ရေးစွမ်းဆောင်ရည်အပိုင်းတွင် ကန့်သတ်ချက်ရှိနေသည်။

အမေရိကန်၏ အာရှမဟာမိတ်များဖြစ်သည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည်လည်း လေကြောင်းရန်စွမ်းဆောင်ရည် ကန့်သတ်ချက်ရှိနေပြီး Patriot ဒုံးကျည်စနစ်များအပေါ်တွင်သာ အဓိကမှီခိုအားထားရလျက်ရှိသည်။ တရုတ်(တိုင်ပေ)သည် Patriot PAC-3 ရှိသော်လည်း လုံလောက်သောဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် ဒုံးကျည်များပိုင်ဆိုင်ထားခြင်းမရှိပေ။ လက်ရှိအချိန်တွင် အမေရိကန်သည် NATO အဖွဲ့ကို ရုရှားမှတိုက်ခိုက်လာမှုကို ကျားကန်ပေးရန် သို့မဟုတ် ဂျပန်နှင့်တောင်ကိုရီးယားကိုကူညီရန်နှင့် တရုတ်(တိုင်ပေ)အရေးတို့အတွက် ဒုံးကျည်နှင့် ဒုံးကျည်ကာကွယ်ရေးစနစ်အနည်းငယ်သာရှိသဖြင့် အခက်အခဲအကျပ်အတည်းနှင့်ရင်ဆိုင်ရလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် THAADစနစ်ရှိပြီး ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့တွင် ၎င်းစနစ်မရှိပေ။ ဂျပန်နိုင်ငံသည် AEGIS တပ်ဆင်ထားသည့်စစ်ရေယာဉ်လေးစင်းပိုင်ဆိုင်ထားရှိသော်လည်း ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် AEGIS Ashore ဒုံးကျည်များဝယ်ယူရေးအစီအစဉ်သည် ကန့်ကွက်မှုများနှင့်ရင်ဆိုင်နေရသည်။ အလားတူတရုတ်(တိုင်ပေ)၌လည်း THAAD ဒုံးကျည်ဝယ်ယူရေးအစီအစဉ်ကို ပြည်သူများက မိုက်မဲသောလုပ်ရပ်ဖြစ်သည်ဟု ပြောဆိုကာကန့်ကွက်လျက်ရှိသည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် ပြိုင်ဘက်နိုင်ငံများ၏ ဒုံးကျည်များဖြင့် တိုက်ခိုက်လာမှုအန္တရာယ်မှကာကွယ်နိုင်ရန် စနစ်တကျကြိုတင်ပြင်ဆင်ထားခြင်းမရှိသေးပေ။ ၎င်းတို့အနေဖြင့် စစ်ဘက်အခြေခံအဆောက်အအုံများ၊ ကွပ်ကဲမှုနှင့်ထိန်းချုပ်မှုစင်တာများ၊ လေယာဉ်ကွင်းများ၊ ရေတပ်ဆိပ်ကမ်းများ၊ အုပ်ချုပ်ထောက်ပံ့မှုဗဟိုစင်တာများနှင့် စက်ရုံအလုပ်ရုံများကိုပင်လျှင် ထိရောက်စွာကာကွယ်နိုင်သည့် အစီအမံများမရှိပေ။

ဆိုရလျှင်အမေရိကန်၏ ကာကွယ်ရေးစက်မှုအခြေစိုက်လုပ်ငန်းသည် စိန်ခေါ်မှုများအတွက် အသင့်အနေအထားတွင်မရှိသေးပေ။ စက်ရုံအလုပ်ရုံများလုံလောက်စွာမရှိသည့်အပြင် ၎င်းစက်ရုံများ၏ ထုပ်လုပ်မှုစွမ်းရည်မှာလည်း ကျဆင်းလျက်ရှိသည်။ ပင်တဂွန်အနေဖြင့် ကုန်ထုတ်လုပ်မှုအခြေခံအဆောက်အအုံများကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည့်အစား ရှိရင်းစွဲစက်ရုံများမှ ထုတ်လုပ်သည့် ဒုံးကျည်များကိုသာ မှီခိုအားထားနေဆဲဖြစ်သည့်အတွက် ရုရှား၊ တရုတ်နှင့်အီရန်တို့၏ဒုံးကျည်များကိုအမီလိုက်နိုင်ရန် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်နှင့် မဟာမိတ်များသည် အနာဂတ်တွင် ပြိုင်ဘက်နိုင်ငံများ၏ ဒုံးကျည်ခြိမ်းခြောက်မှုအန္တရာယ်များအောက်တွင်သာ မလုံမခြုံဖြင့် နေထိုင်သွားရဖွယ်ရှိနေပေတော့သည်။

**ကိုးကား**

**- US and its allies unprepared to repel saturation missile attacks By Asia Times.**

**ဝင်းဇင်(သုတေသန)**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၄၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၄၄၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲတီစိမ်းဧက ၁၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၄၄၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း ပဲတီစိမ်းဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပင်းတယမြို့နယ် ညောင်ကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ကုန်းကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ဆင္ဒမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ် ဦးစီးမှူး ဦးအောင်ကျော်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၁၃၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ညောင်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၁၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဩဂုတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလျက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်က ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို ဇူလိုင်လပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလိုအခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ တောင်သူတွေအဆင်ပြေပါတယ်"ဟု မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။



မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် မုက္ကဒိကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ ဩဂုတ် ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မုက္ကဒိကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်တင်ဇာလီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက RBF စီမံကိန်းကော်မတီဝင်များနှင့်အတူ မုက္ကဒိကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက RBF စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ မုက္ကဒိကျေးရွာ၌ RBF စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နွားမွေးမြူရေးသုံးဖွဲ့နှင့် စိုက်ပျိုးရေးတစ်ဖွဲ့ စုစုပေါင်း အသင်းအဖွဲ့ လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးထားကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ကိုသက်**



# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းလှသာစည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက RBF စီမံကိန်းကော်မတီဝင်များနှင့်အတူ မင်းလှသာစည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိနှင့် စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက RBF စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းလှသာစည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဖြင့် နို့စားနွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့်အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်ဦးရေ ၂၀ ကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရခက်နေ



**အော့တဝါ ဩဂုတ် ၁၀**

ကနေဒါနိုင်ငံ ဗန်ကိုဗားကျွန်းတွင် လေတိုက်နှုန်းနှင့် အပူချိန်မြင့်တက်လာသည့်အတွက်ကြောင့် တောမီး လောင်ကျွမ်းမှုသည် ဩဂုတ် ၉ ရက်မှစတင်၍ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိလာကာ ကနေဒါမီးသတ်တပ်ဖွဲ့အနေဖြင့် တောမီးလောင်ကျွမ်းမှုကို ထိန်းရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း အများပြည်သူကို သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များသည်လည်း ဗန်ကိုဗားကျွန်းတစ်လျှောက် ပျံ့နှံ့ရောက်ရှိနေပြီး လေထုညစ်ညမ်းမှုလည်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ အပူချိန်မြင့်တက်နေသည့် အတွက်ကြောင့်လည်း လာမည့်ရက်ပိုင်း အတွင်းတောမီးသည် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များဆီသို့ ကူးစက်လာ နိုင်ဖွယ်ရှိနေကြောင်း ကနေဒါ သဘာဝ ပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဗန်ကိုဗားကျွန်းမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါပြီ။ လေတိုက်နှုန်းမြင့်တက်မှုနဲ့ အပူချိန် မြင့်တက်မှုကြောင့် တောမီးဟာ ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အပူချိန်တွေ ဆက်လက်မြင့်တက်နိုင်ဆဲ ဖြစ်တဲ့အတွက်ကြောင့် တောမီးဟာ အခြေခံအဆောက်အအုံနဲ့ လူနေအိမ်တွေဆီကို ကူးစက်လာနိုင်ပါတယ်"ဟု ကနေဒါမီးသတ်တပ်ဖွဲ့မှ သတင်းအချက်အလက်ထုတ်ပြန်ရေးအရာရှိ မက်ဒီဆင်က ပြောကြားခဲ့သည်။

တောမီး လောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၉၇ ဦးထိ အသုံးပြုထားပြီး ဩဂုတ် ၉ ရက်မှစတင်၍ လေကြောင်း အကူအညီကို ရယူထားကာ ရဟတ်ယာဉ်တချို့ကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း မက်ဒီဆင်က ပြောကြားခဲ့သည်။ ရဟတ်ယာဉ်အစင်းရေ ကိုးစင်းထိအသုံးပြုထားပြီး မီးသတ်ယာဉ် ၁၄ စီး အသုံးပြုထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# မိုးခေါင်နေသည့် အီဗရာနယ်မြေအတွင်းရှိ စိုက်ပျိုးရေးကဏ္ဍအတွက် ဝါဒီကွာဖီဖာ ရေလှောင်တမံမှရေများဖြင့် ဖြန့်ဝေပေးမည်

**မတ်ကပ် ဩဂုတ် ၁၀**

အိုမန်နိုင်ငံ အီဗရာနယ်မြေတွင် မိုးခေါင်ရေရှားပါးမှုဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး အီဗရာနယ်မြေအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ရေးအတွက် အိုမန်ရေထုအရင်းအမြစ်အဖွဲ့အစည်းက ရေထုအရင်းအမြစ်လိုအပ်နေသည့် အီဗရာနယ်မြေအတွင်းမှ တောင်သူများအတွက် ဝါဒီကွာဖီဖာ ရေလှောင်တမံကရေများ ဩဂုတ်လတတိယပတ်အတွင်း ပေးဝေသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဝါဒီကွာဖီဖာရေလှောင်တမံ၏ အလျားမှာ ၁၂၂ မီတာရှိပြီး အမြင့်မှာ ၂၄ ဒသမ ၃ မီတာထိရှိကြောင်း၊ ၎င်းရေလှောင်တမံအတွင်း ရေကုဗမီတာ ၉၂၆၅၂၀ ထိ ရေသိုလှောင်နိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ခက်ခဲနေခြင်းကြောင့်လည်း ဝါဒီကွာဖီဖာရေလှောင်တမံက ရေကိုပေးဝေသွားရန် ရေထုအရင်းအမြစ်အဖွဲ့အစည်းက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မိုးခေါင်ရေရှားပါးမှုကြောင့် သီးနှံတွေစိုက်ပျိုးဖို့အတွက် လုံးဝကိုအဆင်မပြေနိုင်တော့ဘူး။ ဒါပေမဲ့လဲ ဝါဒီကွာဖီဖာရေလှောင်တမံမှာတော့ မိုးရွာသွန်းမှုကြောင့် ရေလုံလောက်မှုရှိနေတယ်လို့ ရေထုအရင်းအမြစ်အဖွဲ့အစည်းက ထုတ်ပြန်ထားတာသိရတယ်။ ကျွန်တော်တို့စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် ဝါဒီကွာဖီဖာ ရေလှောင်တမံကနေ ရေပေးဝေတော့မယ်လို့ သိရတဲ့အတွက်လဲ ဝမ်းသာပါတယ်"ဟု အီဗရာနယ်မြေမှ တောင်သူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today


Trs : Sai Sat

# ဂွာတီမာလာနိုင်ငံ Champerico မြို့တွင်ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ဂွာတီမာလာစီးတီး ဩဂုတ် ၁၀**

ဂွာတီမာလာနိုင်ငံ Champerico မြို့တွင် ဩဂုတ် ၉ ရက်က ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံပိုင် ဘူမိဗေဒဝန်ဆောင်မှုဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ဂွာတီမာလာနိုင်ငံ Champerico မြို့၏ ၁၀၂ ကီလိုမီတာအကွာတွင် လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်ဗဟိုချက်သည် အနက် ၁၀ ကီလိုမီတာရှိပြီး မြောက်လတ္တီတွဒ် ၁၃ ဒသမ ၅၁ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၉၂ ဒသမ ၄၀ ဒီဂရီတွင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံတချို့ အက်ကွဲသွားခဲ့ရသည့်အတွက် အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးမှုများ ပြုလုပ်ရန်လိုကြောင်း အာဏာပိုင်များက သတိပေးထားသည်။

လက်ရှိတွင် သေဆုံးသူမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း၊ သို့သော် အဆောက်အအုံ အပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေကြောင်း၊ လက်ရှိအချိန်ထိ ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဂွာတီမာလာနိုင်ငံသည် ဗဟိုအမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး မြောက်အမေရိကနှင့် ကာရေဘီယံကြားရှိ အဓိကငလျင်ပြတ်ရွေ့ဇုန်တွင်တည်ရှိသဖြင့် ငလျင်လှုပ်လေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးကြောင့် လူဦးရေ ၁၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**အင်ကာရာ ဩဂုတ် ၁၀**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း Canakkale ပြည်နယ်တွင် တောမီးကြောင့် ဩဂုတ် ၉ ရက်က လူဦးရေ ၁၀၀၀ ခန့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩဂုတ် ၉ ရက်တွင် အဆိုပါပြည်နယ်၌ တောမီးနှစ်ကြိမ်ဆက်တိုက်လောင်ကျွမ်းခဲ့ကြောင်း၊ တောမီးကြောင့် လူဦးရေ ၁၀၀၀ ခန့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းခဲ့ရပြီး နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

အနောက်မြောက်ပိုင်း Canakkale ပြည်နယ်ရှိ Sacakli ကျေးရွာတွင် တောမီးကြောင့် အဆောက်အအုံ ၄၃ လုံး ဆိုးရွားစွာပျက်စီးခဲ့ပြီး အခြားကျေးရွာများရှိ ပျက်စီးမှုစာရင်းကို အကဲဖြတ်မှုများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး မာရတ်ကူးမားက ပြောကြားခဲ့သည်။

တောမီးကြောင့် ဆုံးရှုံးခဲ့ရသည့် သစ်တောဧရိယာများကို စစ်တမ်းကောက်ယူဆဲဖြစ်ပြီး ဩဂုတ် ၉ ရက်၌ပင် တောမီးကို အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့်သစ်တောရေးရာဝန်ကြီး အီဘရာဟင်မ်ယူမာကာလီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# အိန္ဒိယနိုင်ငံ ဂတ်ဂါမြစ်ရေပမာဏမြင့်တက်လာနိုင်သဖြင့် ဆန်ဂရူခရိုင်ကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဩဂုတ် ၁၀**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ ဂတ်ဂါမြစ်ရေပမာဏ မြင့်တက်လာနိုင်သဖြင့် လာမည့်ရက်ပိုင်းအတွင်း ဆန်ဂရူခရိုင်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (IMD) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂတ်ဂါမြစ်ရေပမာဏသည် ၇၄၂ ဒသမ ၉ ပေထိရောက်ရှိနေပြီး ဂတ်ဂါမြစ်ရေ ၇၄၈ ပေထိရောက်ရှိလာပါက မြစ်ရေလျှံတက်မှု အန္တရာယ်ရှိသည့်အဆင့်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု မဖြစ်သေးသော်လည်း ရွာသွန်းနေသည့် မိုးရေချိန်ပမာဏကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပြီး ရေဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် ပန်ဂျပ်ပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းနေပြီးတော့ ဂတ်ဂါမြစ်ရေပမာဏမြင့်တက်လာပါတယ်။ လက်ရှိကတော့ ရေပမာဏဟာ အန္တရာယ်ရှိတဲ့အဆင့်ကို မရောက်သေးပေမဲ့လဲ မိုးရေချိန်ကြောင့် လာမဲ့ရက်ပိုင်းအတွင်း အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိလာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့ နေရာပေါင်း ၉၄ နေရာထိ ရှိလာနိုင်ပါတယ်"ဟု ပန်ဂျပ်သဘာဝအရင်းအမြစ်ဝန်ကြီး ကူးမားဂိုယယ်လ်က ပြောကြားခဲ့သည်။


မြစ်ရေလျှံတက်ကာ ရေစီးဝင်လာနိုင်သည့် ဧရိယာများတွင် သဲအိတ်များဖြင့် အတားအဆီးများပြုလုပ်သွားရန် စီစဉ်နေသကဲ့သို့ ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သဲအိတ်ပေါင်း ၈ ဒသမ ၇၆ သိန်းအိတ်ထိ ခွင့်ပြုပေးထားကြောင်း၊ လိုအပ်သော သဲအိတ်ပမာဏ ၈ ဒသမ ၇၆ သိန်းအိတ်အနက် ၃ ဒသမ ၃၄ သိန်းအိတ်ထိဖြည့်ပြီးသွားပြီဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နွားနို့သောက်လျှင် သတိယှဉ်

ပေါက်ပေါက်



ဗီတာမင်နှင့်သတ္တုဓာတ်သည် လူသားတို့ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်နေသော ဓာတ်များဖြစ်ကြပြီး ၎င်းဓာတ်အားလုံးကို နွားနို့တစ်ခွက်မှ ပြည့်စုံလုံလောက်စွာရရှိနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အရွယ်ရောက်ပြီးသူ လူသားတစ်ယောက်အတွက် တစ်နှစ်တာကာလအတွင်း နွားနို့သောက်သုံးသင့်သည့်ပမာဏမှာ ၂၀၀ လီတာရှိသင့်ကြောင်း အကြံပြုထားသည်။ ဥပမာပြရလျှင် သောက်ရေသန့်ဘူးကြီးတစ်ဘူးသည် ၂၀ လီတာ ဝင်ဆံ့သဖြင့် အရွယ်ရောက်ပြီးသူ လူတစ်ယောက်သည် တစ်နှစ်လျှင် ရေသန့်ဘူးကြီး ၁၀ ဘူးစာပမာဏရှိသော နွားနို့သောက်သုံးသင့်ကြောင်း နိုင်ငံတကာစံနှုန်းအရ ညွှန်းဆိုထားသည်။

သို့သော် နွားနို့သည် လူသားတို့ကျန်းမာရေးအတွက် လွန်စွာအသုံးတည့်လှသော်လည်း နည်းစနစ်မှန်မှန် မသောက်သုံးတတ်ပါက ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်ခံစားရနိုင်သည်။ ထို့ကြောင့် နည်းစနစ်တကျ သောက်သုံးနိုင်ကြပါစေကြောင်း ဤဆောင်းပါးဖြင့် ရေးသားအကြံပြုလိုပါသည်။

**ပိုးသေအောင် ကျိုချက်သောက်ပါ**

နွားနို့သည်လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ လူမမာများ နှင့် အားကစားသမားများပါ ကြိုက်နှစ်သက်စွာ သောက်သုံးနေကြသော စားသောက်ကုန်တစ်မျိုးဖြစ်သည်။ လူတချို့က နွားနို့ကိုအစိမ်းလိုက် ဆားအနည်းငယ်ထည့်၍ သောက်ကြသည်။ ထိုသို့သောက်ခြင်းက လူကိုဘေးဖြစ်စေတတ်သည်။ အဘယ်ကြောင့်ဆိုသော် နွားမကြီးတွင် ရောဂါဝေဒနာရှိခြင်း၊ နွားနို့ညှစ်သူတွင်ရောဂါရှိခြင်း၊ နွားနို့ညှစ်သူ၏ လက်သန့်ရှင်းမှုမရှိခြင်း၊ နို့ညှစ်ရာတွင် အသုံးပြုသောပစ္စည်းများ မသန့်ရှင်းခြင်းစသည်တို့ကြောင့် နွားနို့မှတစ်ဆင့် သောက်သုံးသူထံသို့ ကူးစက်ရောဂါများ ပြန့်ပွားစေနိုင်သည်။

**ဥပမာအနေဖြင့် ကျန်းမာသုတအသိပေးရပါလျှင် –**

တီဘီရောဂါပိုးပါဝင်သော နွားနို့ကို မိနစ် ၂၀ ခန့် အပူပေးမှ ၎င်းပိုးသေစေနိုင်သည်။

သားလျှောရောဂါပိုးပါဝင်သော နွားနို့ကို ၁၅ မိနစ် အပူပေးမှ ၎င်းပိုးသေစေနိုင်သည်။

ခွာနာလျှာနာရောဂါပိုးပါဝင်သော နွားနို့ကို မိနစ် ၂၀ ခန့် အပူပေးမှ ၎င်းပိုးသေစေနိုင်သည်။

နို့အုံရောင်ရောဂါဖြစ်စေတတ်သော ပိုးအများစုက လူကိုမကူးစက်နိုင်သော်လည်း နို့အုံရောဂါဖြစ်စေတတ်သော Streptococcus ပိုးမွှားရောဂါဖြစ်နေသည့် နွားမ၏ နွားနို့ကို သောက်သုံးမိပါက ၎င်းပိုးမွှားရောဂါ ကူးစက်ခံရပြီး အာသီးရောင်ခြင်း၊ လည်ပင်းနာခြင်း၊ အင်ပျဉ်အနီရောင်ထွက်ခြင်း၊ ဖျားနာခြင်းစသည်တို့ ဖြစ်လာနိုင်သည်။

သန့်ရှင်းသော နွားနို့ထဲတွင်လည်း ဗက်တီးရီးယားပိုးများပါဝင်နေတတ်ကြသည်။ သန့်ရှင်းသော နွားနို့တစ်စီစီတွင်ပျမ်းမျှဗက်တီးရီးယားပိုးကောင်ရေ ၄၀၀၀ ကျော်ခန့်ပါဝင်နေပြီး မသန့်ရှင်းသော နွားနို့တွင် ဗက်တီးရီးယားပိုးကောင်ရေ ပျမ်းမျှ တစ်သိန်းကျော်ထိ ပါဝင်နိုင်သည်။ ထို့ကြောင့် နောင်ရေးစိတ်အေးရစေရန် နွားနို့ကို အနည်းဆုံးမိနစ် ၂၀ ကြာသည်ထိ ကျိုချက်ပြီးမှသာ သောက်သုံးသင့်သည်။

**အမေရိကန်သုတေသီ၏ တွေ့ရှိချက်**

အဲလစ်ကက်သရင်းအီဗင်(Alic Catherine Evans) ဟုအမည်ရသော အမေရိကန် အဏုဇီဝပညာရှင် အမျိုးသမီးတစ်ဦးသည် နွားနို့နှင့်နို့ထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဒိန်ခဲများမှ လူများဆီသို့ အန္တရာယ်ရှိသော ရောဂါများဖြစ်လာသည်ကို ပထမဦးဆုံးတွေ့ရှိခဲ့သူဖြစ်သည်။ အထူးသဖြင့် မကျိုချက်ရသေးသော နို့စိမ်းများသည် ကူးစက်တတ်သော ရောဂါပိုးမွှားများပါရှိနေတတ်ပြီး ၎င်းတို့ကိုသေစေရန်အတွက် နို့ကိုကျိုချက်ပြီးမှသာ အသုံးပြုရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

နို့စိမ်းမှ ဘရူဆဲလာဗက်တီးရီးယားမျိုးကွဲများဖြစ်လာကာအတက်အကျကြမ်းသော အဖျားရောဂါများဖြစ်လာခဲ့သည်။ ထိုရောဂါက နွားများ၊ လူသားများသာမက သိုး၊ ဆိတ်၊ ခွေးများတွင်ပါဖြစ်တတ်ပြီး ၎င်းတို့နှင့် လက်ပွန်းတတီးနေထိုင်သူများမှာပါ ဖြစ်လာနိုင်ပေသည်။ ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်ကတည်းက အမေရိကန်တွင် နို့ထွက်ပစ္စည်းများ ထုတ်လုပ်သည့်အခါ ဗက်တီးရီးယားကင်းစင်ရန် အထူးဂရုထားပြုလုပ်လာခဲ့ကြသည်။

အမေရိကန်အဏုဇီဝပညာရှင် အဲလစ်ကက်သရင်းအီဗင်သည် နို့စိမ်းကရသည့်ရောဂါအကြောင်းကို ပိုစိတ်ဝင်စားလာခဲ့သည်။ လေ့လာချက်အရ ထိုရောဂါကြောင့် သက်ရှိဇီဝတို့၏ မျိုးဥသို့မဟုတ် ကိုယ်ဝန်ပျက်ခြင်းကိုပါ ဖြစ်လာနိုင်ကြောင်းတွေ့ရှိလာခဲ့သည်။ အဏုကြည့်မှန်ပြောင်းဖြင့်သာ ကြည့်မှရသော ထိုပိုးများသည် ပိုးဝင်ခံထားရသည့် နွားများကဲ့သို့ အခြားတိရစ္ဆာန်တို့၏ခန္ဓာကိုယ်ထဲ၌ပါ ရှင်သန်နေနိုင်ကြောင်းတွေ့ရှိလာခဲ့သည်။ လေ့လာတွေ့ရှိချက်ကို အခြားကျန်းမာရေးသုတေသီများကလည်း ထောက်ခံကြပြီး ဘရူဆဲလာဗက်တီးရီးယားကို နွားနို့မှဖြစ်စေနိုင်သည့်ရောဂါအဖြစ် Undelant fever သို့မဟုတ် Malta fever ရောဂါဟုအမည်ပေးခဲ့ကြသည်။

**နွားနို့ စစ်၊မစစ် စမ်းသပ်နည်း**

နွားနို့အစိမ်းထဲတွင် အလေးချိန်တိုးစေရန် ရေရောခြင်း၊ အမြှုပ်ထစေရန် ရေနှင့်ဆပ်ပြာရည်ရောနှောခြင်းတို့ကို ပြုလုပ်ကြသည်။ နွားနို့ စစ်၊မစစ်ကိုအောက်ပါအတိုင်း စမ်းသပ်ကြည့်နိုင်သည်။

နွားနို့ကိုမှန်ချပ်ကဲ့သို့ ချောမွေ့နေသော မျက်နှာပြင်ပေါ်တွင် အစက်ချပြီးနောက် ၎င်းမှန်ချပ်ကို အနည်းငယ်စောင်းမတ်လိုက်ပါ။ ထိုအခါ နွားနို့က ခပ်မြန်မြန် ရေကဲ့သို့ စီးကျသွားပါက ၎င်းသည် ရေထိုးထားသော နို့ဖြစ်သည်။ နွားနို့အစစ်က ရေထက်လေးသဖြင့် ချက်ချင်းမစီးဆင်းနိုင်ဘဲ ဖြည်းဖြည်းချင်းသာ စီးဆင်းလေ့ရှိသည်။ ထိုစီးကျနှုန်းကိုကြည့်ရှုပြီး ရေရောထားသောအနည်းအများ ပမာဏကိုခန့်မှန်း၍ ရနိုင်သည်။

ဆပ်ပြာရည်ရောထားသော နွားနို့ကို သောက်ကြည့်လျှင် ခါးသက်သက်အရသာရှိပြီး ၎င်းနို့ကို လက်ညှိုးနှင့်လက်မကြားပွတ်ကြည့်ပါက ဆပ်ပြာကဲ့သို့ ချောကျိကျိ ဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။

ဝယ်ထားသောနွားနို့ကို အပူမပေးခင်တွင် တစ်ဇွန်းစာခန့်ဖယ်ထားပြီး၊ ကျန်နို့များကို အပူပေးပြီးနောက် အရောင်ချင်းယှဉ်ကြည့်ပါ။ ကျိုချက်ပြီးသောနွားနို့သည် ယခင်ထက်ပို၍ အဝါရင့်ရင့် အရောင်ကို ပြောင်းသွားလျှင် နွားနို့မစစ်သည်မှာ သေချာနေသည်။

**နွားနို့မသောက်သင့်သူများ**

နွားနို့၊ ဆိတ်နို့၊ ကျွဲနို့စသည့် တိရစ္ဆာန်ထွက်နို့များသည်လူ့ခန္ဓာကိုယ်၏ အစာအိမ်နှင့် အူလမ်းကြောင်းမှ အကျိအချွဲများပုံမှန်ထက်ပို၍ ထွက်ရှိလာစေသည်။ ထိုအကျိအချွဲများကို ကင်ဆာဆဲလ်များက စားသုံးပစ်တတ်သဖြင့် ကင်ဆာဆဲလ်များ အားကောင်းလာစေရန် တွန်းအားပေးရာရောက်သည်။ ထို့ကြောင့် ကင်ဆာရောဂါသည်များအနေဖြင့် တိရစ္ဆာန်ထွက်နို့များအစား သကြားမပါသည့် ပဲနို့ရည်ကိုသာ သောက်သုံးသင့်သည်။ ပဲနို့ရည်သည် ကင်ဆာဆဲလ်များကို လျော့ကျစေရုံမျှမက လူကို ခွန်အားဖြစ်စေသည်။ ဆံသားနှင့်ဦးရေပြားအဆီပြန်တတ်သူများသည် အဆီအအိမ့်လျှော့စားပါ။ အဆီထုတ်ထားသော နွားနို့နှင့်ဒိန်ချဉ်အမျိုးအစားကိုသာ သောက်သုံးသင့်သည်။ ခန္ဓာကိုယ်တွင်း ယူရစ်အက်စစ်များသူ၊ ဂေါက်ရောဂါရှိသူများနှင့် အဆစ်အမျက်ရောင်ရမ်းနာရှိသူများအတွက် အဆီထုတ်ထားသော နွားနို့ကိုသာ သောက်ပေးသင့်သည်။ နွားနို့သည် ဘက်စုံကျန်းမာရေးအတွက် အကျိုးပြုသည်မှန်သော်လည်း ဆီးကျိတ်ကင်ဆာနှင့် ပါကင်ဆန် ခေါ် ဇရာအကြို ခြေတုန်လက်တုန်ရောဂါရှိသူများအနေဖြင့် လိုအပ်သည်ထက်ပို၍ နွားနို့မသောက်သင့်ပေ။

**နို့ထွက်ပစ္စည်းများစားသုံးခြင်းကြောင့် အသည်းကင်ဆာနှင့် ရင်သားကင်ဆာဖြစ်ပွားစေနိုင်**

နွားနို့မှထွက်ရှိသော မလိုင်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ နို့ဆီစသည့် နို့ထွက်ပစ္စည်းများ စားသုံးခြင်းသည် ကယ်လ်ဆီယမ်ဓာတ်ကို အားပေးသဖြင့် လူ့အရိုးအဆစ်များသန်မာစေသည်ဟု ဆေးပညာရှင်များ ဖော်ထုတ်သိရှိခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် တရုတ်နိုင်ငံ ပေကျင်းတက္ကသိုလ်အခြေစိုက် အောက်စဖို့ဒ် လူဦးရေဆိုင်ရာ ကျန်းမာရေးဌာနမှ သိပ္ပံပညာရှင်များလေ့လာတွေ့ရှိခဲ့သောရလဒ်တွင် နို့ထွက်ပစ္စည်းများ စားသုံးခြင်းကြောင့် ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်ဟုဖော်ပြသဖြင့် နို့ထွက်ပစ္စည်းမျိုးစုံကို နှစ်သက်စွာစားသုံးလေ့ရှိသော ဥရောပနိုင်ငံများ အထိတ်တလန့်ဖြစ်ခဲ့ရသည်။ အဆိုပါ သိပ္ပံပညာရှင်များသည် ၂၀၀၄ ခုနှစ်မှစတင်စုဆောင်းရရှိခဲ့သော အချက်အလက်များကို ၁၁ နှစ်ခန့်ကြာသည်ထိ စုစည်းပြီးနောက် စူးစမ်းလေ့လာရာမှ နို့ထွက်ပစ္စည်းများ စားသုံးခြင်းနှင့် ကင်ဆာရောဂါကြား ဆက်နွယ်နေပုံကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ နို့ထွက်ပစ္စည်းပုံမှန်စားသုံးခြင်းကြောင့် အမျိုးသားများသည် အသည်းကင်ဆာ၊ အမျိုးသမီးများသည် ရင်သားကင်ဆာခံစားရနိုင်သည်ဟု ၎င်းတို့၏ သုတေသနရလဒ်တွင်ဖော်ပြသည်။

**ပဋိဇီဝဆေးဝါးများနှင့် နွားနို့အန္တရာယ်**

ဆေးဝါးများကို နွားနို့နှင့်တွဲဖက်မသောက်သင့်ကြောင်း လူတော်တော်များများက မသိကြပေ။ ရောဂါတစ်ခုခုအတွက် သောက်သုံးလိုက်သော သောက်ဆေးများကို အစာအိမ်မှ အက်စစ်ဓာတ်ပြု၍ အစာခြေဖျက်ပေးပြီး သက်ဆိုင်ရာရောဂါထံသို့ သွေးစီးကြောင်းများမှတစ်ဆင့် အနာနှင့်ဆေးတွေ့စေ၍ ဝေဒနာသက်သာလာစေသည်။ နွားနို့တစ်မျိုးတည်းသာသောက်ပါက နို့ထဲတွင်ပါရှိသော ကယ်လ်စီယမ်နှင့် အာဟာရဓာတ်တို့ကို အစာအိမ်မှ ဓာတ်ပြု၍ ခွန်အားဖြစ်စေသည်မှာမှန်သော်လည်း၊ အကယ်၍ တက်ထွာဆိုက္ကလင်း (tetracycline) အပါအဝင် ၎င်းနှင့်အာနိသင်တူသော ပဋိဇီဝဆေးဝါးများကို နွားနို့ဖြင့် ရောသောက်မိပါက နို့ထဲတွင်ပါရှိသော ကယ်လ်စီယမ်ဓာတ်က ဟန့်တားစေသောအစွမ်းရှိသဖြင့် ဆေးမတိုးနိုင်တော့ပေ။ ထို့အတူ ကော်ဖီ၊ လက်ဖက်ရည်နှင့် အချိုရည်တို့တွင်ပါရှိသော ကဖိန်းဓာတ်များကလည်း ခန္ဓာကိုယ်မှ ဆေးဝါးကို စုပ်ယူနိုင်မှု နှောင့်နှေးသွားစေသည်။ ထို့ကြောင့် မည်သည့်ဆေးဝါးအတွက်ဖြစ်စေ သောက်ရေတစ်မျိုးတည်းဖြင့် သောက်သုံးခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ပြီး အစာမစားခင် ဆယ့်ငါးမိနစ်ခန့် သို့မဟုတ် အစာစားပြီးနောက် ဆယ့်ငါးမိနစ်ခန့်အကြာ ပဋိဇီဝဆေးဝါးသောက်သုံးခြင်းက အကောင်းမွန်ဆုံးဖြစ်ကြောင်းအကြံပြုရေးသားလိုက်ရပါသည်။

**❖လူတချို့က နွားနို့ကိုအစိမ်းလိုက် ဆားအနည်းငယ်ထည့်၍ သောက်ကြသည်။ ထိုသို့သောက်ခြင်းက လူကိုဘေးဖြစ်စေတတ်သည်။ အဘယ်ကြောင့်ဆိုသော် နွားမကြီးတွင် ရောဂါဝေဒနာရှိခြင်း၊ နွားနို့ညှစ်သူတွင် ရောဂါရှိခြင်း၊ နွားနို့ညှစ်သူ၏ လက်သန့်ရှင်းမှုမရှိခြင်း၊ နို့ညှစ်ရာတွင် အသုံးပြုသောပစ္စည်းများ မသန့်ရှင်းခြင်းစသည်တို့ကြောင့် နွားနို့မှတစ်ဆင့်သောက်သုံးသူထံသို့ ကူးစက်ရောဂါများပြန့်ပွားစေနိုင်သည်။ ❖**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားသူကြီးချုပ်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ယာယီသမ္မတ ဦးမြင့်ဆွေ
## အသက်(၇၅)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၇-၈-၂၀၂၅ ရက်နေ့ နံနက် ၈ နာရီ ၂၈ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နှင့် ဇနီး၊**
**ဝန်ထမ်းမိသားစုများ**
**နေပြည်တော်ကောင်စီ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၄၀၄ ဧက စိုက်ပျိုးပြီးစီး



**ကလေး ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၄၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၃၄၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲစင်းငုံဧက ၃၄၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၄၀၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ကလေးခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၀၉၇ ဧက၊ ကလေးဝမြို့နယ်တွင် ၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၂၇၂ ဧက စုစုပေါင်း ၃၄၀၄ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၁၀၉၇ ဧက၊ ကလေးဝမြို့နယ်တွင် ၃၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၂၂၆၈ ဧက စုစုပေါင်း ဧက ၃၄၀၀ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကလေးခရိုင်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားစေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရေးအတွက် ရွာမှတ်ကျေးရွာအုပ်စု ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာမှတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရွာမှတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီးစီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

## စာပေမြင့်မှ လူမျိုးတင့်မည်







## သင်္ချာအထူးသင်တန်း

**ဦးညီဇော်**

B.C.Tech (Hons:), M.C.Tech (Thesis) UCSM

**အစိုးရသင်ရိုး**

(Grade-10,11,12)

- ✔ ပြဌာန်းသင်ရိုး
- ✔ မေးခွန်းဟောင်းများ
- ✔ ဉာဏ်စမ်းမေးခွန်းများ

**International Curriculum**

(Primary-1 to Secondary-3)

- ✔ Singapore Maths
- ✔ Cambridge Maths

Think Deeper. Solve Smarter.

09-2058657

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာစံပြကျေးရွာတွင်နေထိုင်သူ (ဘ) ဦးမျိုးဝင်းထွန်းနှင့် (မိခင်) ဒေါ်နော်နော်ထွန်းတို့၏ သမီးဖြစ်သူ အနီးစခန်း ပါရမီပညာရိပ်မွန်(၂)ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10တွင် ပညာသင်ကြားနေသော မတွယ်တာဝင်းအား မယုယတွယ်တာဝင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မယုယတွယ်တာဝင်း**

## သင်္ဂြိုဟ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နေ ဦးစိုးဝင်း-ဒေါ်သန်းငွေ၊ မန္တလေးမြို့နေ ဦးအေးလွင်-ဒေါ်နွေးနွေးရီ၊ ပြင်ဦးလွင်မြို့နယ် နောင်ဝယ်ရွာနေ ဦးဟန်ဝင်း-ဒေါ်ခင်မာချို၊ ကျောက်ပန်းတောင်းမြို့နယ် လျှော်တောကျေးရွာနေ ဦးမန်းညွန့်-ဒေါ်သင်းသင်းအေး၊ ဦးငွေလွင်-ဒေါ်မိုးစန္ဒာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၁၃) ယောက်၊ မြစ် (၃) ယောက်တို့၏ အဖိုး၊ လျှော်တောကျေးရွာနေ ဒေါ်ကြည်ရှင်၏ ချစ်လှစွာသော ခင်ပွန်း-

### ဦးထင်မောင် အသက် ၈၂ နှစ်

သည် ၁၃၈၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက် (၂၀၂၅ ခုနှစ် ဩဂုတ် ၁၀ ရက်) မွန်းလွဲ ၂ နာရီတွင် လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယနေ့တွင် သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သုခရပ်ကွက်နေ မောင်စိုင်းလင်းမြတ် (ဘ) ဦးဇော်မြင့်(၉/ခအဇ(နိုင်)၀၅၅၈၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-396990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-772326290**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ယာနေ မောင်ထက်ဝေအောင် (ဘ) ဦးမြင့်လွင်(၅/ကဘလ(နိုင်)၂၁၅၈၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-047468)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-954004799**

## အဖိုးတန်ရေချိုကို ချွေတာပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအနောက်(၅၁၂)ရပ်ကွက်၊ လမ်း ၄၀၊ ၈၃ လမ်းနှင့် ၈၄လမ်းကြားနေ ဦးဟန်ထွန်း(၉/မရတ(နိုင်)၀၅၅၉၃၉)၏သား မောင်ဇင်နိုင်လင်း(၉/မရတ(နိုင်)၀၃၀၇၃၇)နှင့် မောင်ဖြိုးဝေဟန်(၉/မရတ(နိုင်)၀၃၀၃၇၈)ကိုင်ဆောင်သူ သားနှစ်ဦးသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲစေသောကိစ္စများ၊ ဂုဏ်သိက္ခာကျဆင်းစေသောကိစ္စများ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဦးဟန်ထွန်း**

## ပျောက်ဆုံးကြောင်း

ဒဂုံမြို့နယ်၊ အလုံပြဘုရားလမ်းနေ ရီရီထွေး (ဘ) ဦးစိကျင်ဟွ(ခ) တင်မောင်ကို(၁၂/မဂတ(ဧည့်)၀၀၀၂၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **09-666772555**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ မိမိတို့၏ မိတ်ဖက်များကို တိုးချဲ့ဆက်ဆံရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မည့်အစီအမံများ ချမှတ်နိုင်ရန်လို...

❖ စီးပွားရေးအရ၊ လုံခြုံရေးအရနှင့်နည်းပညာအရဆိုသည့် မတူညီသော နယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်...

❖ အထူးသဖြင့် စီးပွားရေးအပိုင်းတွင်လည်း မိမိတို့အားလုံးသည် ပြောင်းလဲလာနေသည့် ကမ္ဘာ့အစီအစဉ်သစ်(New World Order)နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနား ကျင်းပ** စာမျက်နှာ- ၁၇

**မနေဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့** စာမျက်နှာ- ၂၅

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် စာမျက်နှာ ၁၉ ကော်လံ ၁ ❑

## အာဆီယံကလပ်ချန်ပီယံရှစ် ပထမအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်း လာအိုကလပ် EZRA အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၀

အာဆီယံကလပ်ချန်ပီယံရှစ်(Shopee Cup 2025-2026)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် EZRA အသင်းတို့သည် ဩဂုတ် ၉ ရက် ညနေက ထိုင်းနိုင်ငံ ချောင်ဘူရီကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုအဆင့်တက်ရောက်ရန်အခြေအနေကောင်းမွန်လာခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၂ ကော်လံ ၁ ❖



## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ




မကွေး ဩဂုတ် ၁၀

ဩဂုတ် ၁၂ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် စုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆ နာရီခွဲက တိုင်းဒေသကြီးအားကစားကွင်းရှေ့၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ လုယက်မှုကျူးလွန်သူ အမျိုးသားလေးဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ** စာမျက်နှာ- ၂၂

